www.burmeseclassic.com

# မနှော်ပါကို

လုံးချင်းဝတ္ထုသစ်

## သူ့ပန်းကလေးရဲ့ရနံ့ကိုဖက်ထားတဲ့သစ်ပင်

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၃၅၀ / ၂၀၀၃ (၃)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၃၇၉ / ၂၀၀၃ (၄)
ထုတ်ဝေသူ
ဦးတင့်လွင်
အမှတ် (၆၀၅)၊
ဩမ္မာလမ်း
ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း
ပထမအကြိမ် ၂၀၀၃ ခုနှစ် ဇွန်လ
အုပ်ရေ ၅၀၀ ၊ တန်ဖိုး (၃၀) ကျပ် ၃၀ ၅၆

www.burmeseclassic.com

www.burmeseclassic.com



"တီ...တီ...တီ"

ရုတ်တရက်မြည်လာသော ဖုန်းသံကြောင့် စားလက်စမုန့်ကို ချကာ ဖုန်းကို ကိုင်လိုက်တော့ ပေါ်နေသောနံပါတ်ကို ကြည့်ကာ ရွှေပြည်စိုး ခပ်တိုးတိုးလေး မေတ္တာပို့လိုက်မိသည်။

"ဘာလဲ"

ခေတ်သစ်ဖုန်းထူးနည်းဖြင့် ထူးလိုက်တော့ တစ်ဘက်မှ ရယ်သံ လွှင်လွှင်လေးကို ၄က်ဆိုးထိုးသံပမာ ကြားလိုက်ရသည်။

"ခစ်...ခစ်...ခစ်"

"ကဲ...ပဲများမနေနဲ့ မရွှေယမုန်၊ ဘာကိစ္စလဲ ပြော"

"နင်...ခု ဘယ်မှာလဲ"

"ပန်းဆိုးတန်းမှာ"

"ဘာလုပ်နေလဲ"

"မုန့်စားနေတယ်။ အံမယ်...နေပါဦး၊ နင်က ငါ့ကို အဲဒီတို

www.burmeseclassic.com

www.burmeseclassic.com



အိစိကလီရိုက်ဖို့လောက် ဆက်တာလား။ ဒါဆို…တော်။ ငါ့ဖုန်းက အလုပ်အတွက် လိုရမယ်ရ ဆောင်ထားတာ”

ယမုန်က ရယ်၏။ ရယ်ပေမည်ပေါ့။ သူ ဟန်းဖုန်းစကိုင်တော့ သူ့ကို ရစရာမရှိအောင် ဝေဖန်တော့လည်း ယမုန်။ ခဏခဏ ရောက်လေရာကို ဖုန်းလှမ်းလှမ်းဆက်တတ်တာကလည်း ယမုန်ပဲ မဟုတ်လား။

“ပြောစရာရှိလို့ပါ”

“ရှိရင် ပြော”

“နီးနေပြီပဲဟာ…အိမ်ခဏလာခဲ့ပါလား”

ရွှေပြည်စိုး မျက်မှောင်ကြုတ်လိုက်မိသည်။ ယမုန်ကတော့ သူ့မျက်နှာ တစိမ့်စိမ့်ထိုင်ကြည့်ဖို့ခေါ်တာ ဘယ်နည်းနှင့်မျှ မဖြစ်နိုင်။

“ဘာခိုင်းမလို့လဲ”

“နင့်ခေါ်ဟာရကလည်းဟာ…ရင့်သီးလိုက်တာ။ အကူအညီတောင်းမလို့ပါဟ”

“လာလုပ်မနေနဲ့ ယမုန်။ ငါက နင့်လို ယဉ်ကျေးမှုသင်တန်းတွေ ဘာတွေ ဆင်းမထားဘူး။ ဘာကိစ္စလဲ ပြော”

“ဟိုလေ…တီဗွီလဲလိုက်တာ…။ အဲဒါ…”

“အဲဒါ ဘာဖြစ်လဲ”

“ကြိုးတွေရှုပ်ကုန်ပြီ။ ငါမလုပ်တတ်တော့လို့”

ရွှေပြည်စိုး စိတ်တိုသွားရသည်။

“မလုပ်တတ်ရင် အစက ဘာလို့လုပ်လဲ”

“ငါမလုပ်ပါဘူး။ အာ…ကြာပါတယ်၊ အိမ်ရောက်မှပြောမယ်။ ထွက်လာခဲ့တော့ဟာ…ငါ အိမ်မှာ နင့်အတွက် ခေါက်ဆွဲပြုတ် လုပ်ထားပေးမယ်”

[illegible]

www.burmeseclassic.com

www.burmeseclassic.com



ဒါက အချိုသပ်ခြင်းဖြစ်သည်။ သူ ယမ်းယမ်းခေါက်ဆွဲထုပ်တွေကို ကြိုက်တတ်ပြီး၊ အချိန်မရွေး စားတတ်တာကို ယမုန်က ကောင်းကောင်း သိသည်လေ။ ငြင်းလို့မရမည့်တူတူတော့ မထူးတော့...။

"ဟော့ ပုစွန်အကောင်လိုက်ပါရမယ့် ချဉ်စပ်နော်"

"အိုကေ"

သူ ဖုန်းပိတ်ပြီး စားလက်စမုန့်ကို ကောက်ကိုင်လိုက်စဉ်မှာပဲ... ဆိုင်ထဲကို ကောင်မလေးတစ်အုပ် ဝရုန်းသုန်းကား ဝင်ချလာသည်။ ပြီး...သူ့စားပွဲကို ရောက်လာပြီး...

"ပြီးတော့မှာလား"

အရင်စိတ်နဲ့ဆို မင်းအလုပ်လားလို့ ပြန်မေးမိမှာပင်...။ ခုတော့ သူ လူကြီးစိတ် မွေးထားပြီးပြီမို့ ဘာမှပြန်မပြောဘဲ စားလက်စမုန့်ကော၊ ဖုန်းကော ကောက်ကိုင်ကာ နေရာမှ ထပေးလိုက်သည်။

"ကျေးဇူးပဲ။ ဘောလုံးပွဲက စနေပြီ"

ဖျတ်ခနဲ သူ့နေရာဝင်ထိုင်လိုက်သည့် ကောင်မလေးစကားကြောင့် သူ TV ရှိရာ ကြည့်လိုက်တော့ ဘောလုံးပွဲက လာနေပြီ၊ ယောက်ျားလေး ဖြစ်ပါလျက်နှင့် အဲဒီဘောလုံးတစ်လုံးကို လူ(၂၂)ယောက် ဝိုင်းလုနေသည့် ကိစ္စရပ်ကို ဘယ်လိုမှ သူ စိတ်မဝင်စားချိန်မှာ ဒီကောင်မလေးက ဘောလုံးပွဲကို မမိုတ်မသုန်ကြည့်နေ၏။ ကျေးဇူးတင်ဖော်ရတာတောင် သူ အလွန်ကံဇာတာကြီးလွန်း၍ ဖြစ်နိုင်သည်။

ယမုန်ဆီရောက်တော့...

"လာ...ရွှေပြည်စိုး။ ဒီမှာ ငါ့သူငယ်ချင်းတစ်ယောက် လုပ်ပေးနေ တာ။ အရင်ကလည်း သူပဲ သွယ်ပေးတာ။ ခု...သူက ဘောလုံးပွဲရှိလို့တဲ့ ထားခဲ့တယ်။ ဒီမှာ မီးလာရင်တော့ သူက အပြီးလုပ်ပေးသွားမှာပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒီမှာကြည့်ရှုပေါ့။ ဒီမှာ မီးမလာတော့ သူက ထားသွားတယ်"

ရွှေပြည်စိုး ယမုန်တို့ TVကို ကြည့်လိုက်သည်။ စလောင်းနှင့် တွဲတာရော၊ အောက်စက်၊ VCD, DVD, စက်တွေနှင့် တွဲတာရော၊ စောင်းဘောက်(စ်)နှစ်လုံးနှင့် တွဲတာရောနှင့် အတော်လေးတော့ရှုပ်သည်။ သို့သော် နားလည်လျှင်တော့ မခက်ပါ။

"ဒါများ..."

သူ မိနစ်နှစ်ဆယ်နှင့် အပြီးချိတ်ဆက်ပေးလိုက်သည်။ ရှေ့က တစ်ယောက်လုပ်သွားတာကလည်း အတော်လေးကို တိကျသေချာသည်မို့...

"ယမုန်"

"ဘာလဲ"

"ဘယ်ကောင်က နင့်ကို အပျော်ကြံသွားတာလဲ။ ဒါတွေကို တစ်စစီဖြုတ်တပ်ဖို့လုပ်ပြီး တစ်ဝက်နဲ့ထားခဲ့တာ ဘယ်သူလဲ"

"ခစ်...ခစ်..."

ယမုန်က ရယ်၏။

"ဘာရယ်တာလဲ"

"ဘယ်ကောင်လဲဆိုလို့ ရယ်တာပါ"

"ဘာဆိုင်လဲ"

"ဆိုင်တာပေါ့။ ခု...နင်နဲ့ တစ်ယောက်တစ်ဝက် ဆင်ပေးသွားတာ ယောကျ်ားလေး မဟုတ်ဘူးဟဲ့။ မိန်းကလေး"

"ဘာ...မိန်းကလေး ဟုတ်လား။ မိန်းကလေးက ဒါတွေ နားလည်တယ်။ ဟုတ်လား..."

"အံမယ်...ငါသာ ညံ့လို့ နားမလည်တာပါ။ မိန်းကလေး နား

www.burmeseclassic.com

www.burmeseclassic.com



မလည်ရဘူးလို့တော့ ပုံသေမတွက်ပါနဲ့"

ယမုန်က ခေါက်ဆွဲပြုတ်ပန်းကန်လေးကို ယူလာချပေးရင်း ပြော၏။

"စိတ်ညစ်တာ အဲဒါတွေပေါ့"

"ဘာလဲ"

"မိန်းကလေးတွေနေရာနဲ့ နေရာ မနေတာကို စိတ်ညစ်တာ"

"အောင်မာ ဘာနေရာနဲ့ နေရာလဲ"

"ဘာရမှာလဲ။ ဒါ ယောကျ်ားလေးအလုပ်ကွ။ ခုတော့ မိန်းကလေးက အီလက်ထရွန်းနစ်ပစ္စည်းဆင်ရတာနဲ့ ဘောလုံးပွဲကြည့်ရတာနဲ့ ကိုယ့်အလုပ်ကျ ကိုယ်မလုပ်ချင်ကြဘူး"

ယမုန်က တူတစ်စုံကို တစ်ရှူးပေပါတစ်ရွက်နှင့် သေသေချာချာ သုပ်ကာ ချပေးရင်း...

"မိန်းကလေးအလုပ်က ဘာလဲ...။ မီးဖိုချောင်လား...။ ရွှေပြည်စိုးရယ်...အဲဒီအတွေးအခေါ်တွေ မန္တလေးကျုံးထဲ သွားပစ်ထည့်လိုက်စမ်းပါ။ ဒီမှာ..."

"ဘာလဲ"

"ရွှေ မကျွမ်းကျင်တဲ့အလုပ်ဆိုတာ မရှိသလောက်ပဲ"

"ဘာလဲ...ဘာရွှေလဲ"

"ရွှေလေ...ငါ့သူငယ်ချင်း ရွှေ"

အရေးထဲ နာမည်စာလုံးချင်းက လာတူနေရသေးသည်။

"ဘာလဲ...နင့်သူငယ်ချင်းနာမည်က ရွှေတဲ့လား ငါ့နာမည် တစ်လုံး ခိုးထားတယ်"

ပုစွန်ထုပ်နှစ်ကောင်နှင့် ခေါက်ဆွဲပြုတ်ပန်းကန်ကို မွှေရင်း ယမုန်ကို

www.burmeseclassic.com

www.burmeseclassic.com



တမင်ကလိလိုက်၏။ ထိုအခါမှ ယမုန်က တအံ့တသြဟန်ဖြင့်…

"ဟင်…ဟုတ်သားပဲ"

"ဘာဟုတ်တာလဲ"

"နှင့်နာမည်တစ်လုံး ခိုးထားတာမဟုတ်ဘူး။ သုံးလုံးလုံး တူနေတာ ဟ"

"ဘာ…သူ့နာမည်ကလည်း ရွှေပြည်စိုးပဲလား"

"အား…မဟုတ်ပါဘူးဟ"

"ဒါဖြင့် ဘာလဲ…"

"ရွှေပစ္စုန်…တဲ့"

"ရွှေပစ္စုန်"

"ဟုတ်တယ်…ကြည့်စမ်း။ နင်တို့နှစ်ယောက်က နာမည်ချင်းတူရုံ မကဘူး။ ငါ့ကိစ္စကိုလည်း တစ်ယောက်တစ်ဝက်စီ ကူညီသွားကြတယ်။ ဟား…ဟား"

ပြောပြောဆိုဆို ယမုန်က လက်ခုပ်လက်ဝါးတီးကာ ရယ်သဖြင့်…

"ဘာရယ်တာလဲ"

"သြော်…ရေစက်ပါတယ်လို့"

"မပါချင်ပါဘူး"

"ဘာလို့လဲ"

ရွှေပြည်စိုးက မျက်နှာမာမာနှင့် ငြင်းသောကြောင့် ယမုန် တအံ့တသြ ပြန်မေးလိုက်မိသည်။

"ဘာရမလဲ၊ နင့်သူငယ်ချင်းက ယောကျ်ားရှာ နေမှာပေါ့"

"အာ…မဟုတ်ပါဘူးဟ"

"မဟုတ်လည်း ရေစက်တော့ မပါချင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com


"နင် စိတ်ကူးမလွဲနဲ့နော်"

"လွဲတယ်"

"ရွှေက လှတယ်ဟ။ လှတာမှ ကြည်ကြည်လင်လင်ကို လှတာ။ နင်မြင်ရင်..."

"တော်ပါတော့ ယမုန်ရာ...။ တော်ကြာ ငါ့ကို ဂိုးဆိုပြီး သိမ်းကျုံးကန်မယ့် မိန်းမမျိုးနဲ့ တွေ့နေပါဦးမယ်"

"ဟား...ဟား...ဟား"

သူတို့ ရယ်ဖြစ်ကြသည်။ ယမုန်ကတော့မသိ။ သူ့ရင်ထဲမှာတော့ ရွှေပစ္စုန်ဆိုသော နာမည်လေးတစ်ခု သတိတရဖြစ်သွားရတာတော့ သေချာသည်။

www.burmeseclassic.com

www.burmeseclassic.com



ခပ်ဖွဲဖွဲရွာနေသော မိုးဖွဲများကိုကြည့်ရင်း ရွှေပြည့်စိုး စိတ်ညစ်နေသည်။ မိုးတစိုစိုနှင့် အပြင်လည်းထွက်ပြီး ထမင်းမစားချင်၊ အိမ်လည်း ပြန်မစားချင်၊ ရုံးမှာ အမြဲထားသော ခေါက်ဆွဲထုပ်များကလည်း ကုန်နေနှင့် တစ်နေ့ယောက်တည်း စိတ်ညစ်နေမိသည်။

ထိုစဉ်…

"တူ…တူ…တူ…"

ဖုန်းသံမြည်လာသဖြင့် စိတ်မပါတပါ ကောက်ကိုင်လိုက်၏။

"ဟဲလို…ရွှေပြည့်စိုးပါ"

"မင်းဆီဆက်တာ မင်းမှန်း သိတာပေါ့ကွာ"

ရုတ်တရက်မို့ အသံက မမှတ်မိ။ တိုချင်ချင်ဖြစ်သွားသော စိတ်ကို ကမန်းကတန်း ပြန်ဆွဲထုတ်ရင်း…

"ဘယ်သူလဲ မသိဘူး။ အင်း…ဒီအသံ ကြားဖူးသလိုပဲ"

"မင်းမှတ်ဉာဏ် ဒီလောက်မညံ့ပါဘူး။ စဉ်းစားစမ်းပါ"

www.burmeseclassic.com

www.burmeseclassic.com



"အင်း..."

"Hints ပေးရဦးမှာလား"

"ဟာ...အိုင်းစတိုင်း ဟုတ်လား။ အိုင်းစတိုင်းလား..."

"မင်း မဆိုးဘူး"

တစ်ဘက်မှ ရယ်ရင်း ချီးကျူး၏။

"မင်း ဘယ်တုန်းက ရန်ကုန်ပြန်ရောက်တာလဲ အိုင်းစတိုင်း"

အိုင်းစတိုင်းသည် စင်ကာပူတွင် ကျောင်းသွားတက်နေသူဖြစ်၏။ ဆံပင်ဖွတ်ဖွားဖွား။ မျက်မှန်သေးသေးလေးတစ်လက်နှင့် အဖိုးအိုဝပါက်စပုံ နဂိုတည်းက ပေါက်နေသော သူ့ကို အိုင်းစတိုင်းဟု ဘယ်သူကစပြီး ကင်ပွန်းတပ်လိုက်သည် မသိ။ သူကိုယ်တိုင်တောင် တစ်ခါတစ်ရံ နာမည်အရင်းဖြစ်သော 'မင်းကျော်'ဆိုတာကို ကြားလျှင် ဇဝေဇဝါနှင့် လှည့်မကြည့်တတ်သောသူဖြစ်သည်။

"ရောက်တာ လေးရက်ရှိပြီ။ တစ်လနေမယ်။ ခု မင်း ဘာလုပ်နေလဲ"

"ထိုင်နေတယ်"

"စီးပွားရေးသမား ထိုင်နေတာက ကြောက်ရတယ်။ ဘယ်လိုကာလာနဲ့ ဥဏ်တွေ တူးဖော်ဖို့ စဉ်းစားနေတာလဲ"

"မဟုတ်ပါဘူးကွာ...။ မင်းတို့က ငါ့များဆို ဘူဇွာကျနေတာပဲ။ မိုးရွာလို့ စိတ်ညစ်နေတာ"

"ဟား...မိုးရွာတာ စိတ်ညစ်စရာလား"

"အေး...ညစ်တယ်။ ငါက စိုစိစိုစိကို မကြိုက်တာ။ ခု ငါ တစ်ခုခုထွက်စားမလို့ မိုးက ရွာနေတော့ စိတ်ညစ်တာပေါ့"

အိုင်းစတိုင်းက ရယ်စရာမဟုတ်ပါဘဲ ရယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ ညစ်မနေနဲ့။ ခု ငါ Excellent မှာ ရှိနေတယ်။ မင်း ထွက်လာခဲ့။ မင်း ထမင်းစား။ ငါ့ကိုလည်း ကျွေးပေါ့ကွာ။ ဟား... ဟား"

"ဩော်...နိုင်ငံခြားက ပြန်လာတဲ့ကောင်က"

"ဟ...ငါက နိုင်ငံခြားမှာ ငွေသွားရှာတာ မဟုတ်ဘူးလေ ဟဲ... ဟဲ။ သွားဖြုန်းတာ...သွားဖြုန်းတာ"

"တော်ပါကွာ...ငါ ခုပဲ လာပါတော့မယ်"

ပြောပြောဆိုဆို ဖုန်းချပစ်လိုက်ရသည်။ ဗိုက်က ဆာလှပြီလေ။ Excellent ရောက်တော့ သကောင့်သားကို အောက်ထပ်မှာမတွေ့။ အပေါ်ထပ်ကို တက်လိုက်ရသည်။

အပေါ်ထပ်တံခါးကို တွန်းအဖွင့်မှာပဲ...

"ဟိတ်...ငါ ဒီမှာ"

အိုင်းစတိုင်းက လှမ်းခေါ်၏။ ပြီးတစ်ဆက်တည်း...

"ဘာစားမလဲ"

"ထမင်းကြော်ပဲပေး"

"ခေါက်ဆွဲပြုတ် မစားတော့ဘူးလား"

ရွှေပြည်စိုး ခေါင်းခါပြလိုက်သည်။

"ငါ့အထာ သိတဲ့ဆိုင်တွေမှာပဲ စားတယ်"

"ဘာလဲ...ယမုန္နဆိုင်မှာလား။ ဟား...ဟား"

အိုင်းစတိုင်းက ပြောပြီး ရယ်သောကြောင့် သူ နှာခေါင်းရှုံ့လိုက်မိသည်။

"တော်စမ်းပါ...။ ငါတို့က ရိုးရိုးသားသားပါ"

"ဘာလဲ...ရိုးရိုးသားသား"



www.burmeseclassic.com

www.burmeseclassic.com



"ခွေးကောင်"

"ဟား...ဟား...ဟား"

အသံနည်းနည်းကျယ်သွားသဖြင့် ဘေးဝိုင်းတွေကို အားတောင့်အားနာနှင့် လှည့်ပတ်ကြည့်လိုက်မိသည်။

သူတို့ ဘေးစားပွဲမှာက ကောင်မလေးသုံးယောက်၊ ကောင်လေးနှစ်ယောက်ပါသော အုပ်စုတစ်စု ထိုင်နေသည်။ ရှေ့စားပွဲမှာက အတွဲတစ်တွဲ။ တစ်ခုံကျော်မှာက အန်ကယ်လ်ကြီးနှစ်ပါး ဘီယာထိုင်သောက်နေကြ၏။

"ဟော့ကောင် တိုးတိုးရယ်။ ဒါ...မြန်မာပြည်ကွ"

အသားလွတ်ကြီး နှိပ်ထည့်လိုက်ရသည်။ ဒါတောင် အိုင်းစတိုင်းက မဖြုံ။ စကားဆက်နေသေး၏။

"ဘယ်လိုလဲ...မင်းနဲ့ယမုန်နဲ့ အခြေအနေ..."

"ဘယ်လိုမှ မလဲဘူး။ ဘယ်လိုမှလဲမဖြစ်နိုင်ဘူး။ ငါတို့က ခင်တာ။ သူက ငါ့ကို နိုင်းဖို့လောက်ပဲ စိတ်ဝင်စားသလို ငါကလည်း သူ့ကို ခေါက်ဆွဲပြုတ်ခိုင်းဖို့လောက်ပဲ စိတ်ဝင်စားတယ်"

"ဒါလောက်ဆိုရင် အိုကေပါတယ်။ အိမ်ထောင်တစ်ခုမှာလည်း ဒီလိုပဲလေ...။ သူက မင်းကို ငွေရှာခိုင်းမယ်။ မင်းက သူ့ကို ခေါက်ဆွဲပြုတ်ခိုင်း။ ဒါပဲပေါ့...။ ဟား...ဟား"

"တော်စမ်းပါ"

ဆက်ပြောနေလျှင် ဆုံးမှာမဟုတ်သဖြင့် ရောက်လာသော ထမင်းကြော်ကို ငုံ့စားနေလိုက်သည်။ စင်ကာပူပြန် သကောင့်သား အိုင်းစတိုင်းကတော့ ဆလာမီတစ်ပွဲကို ဖိမ်ဆွဲ စားနေလေ၏။ နှစ်ယောက်စလုံး ပါးစပ်မအားကြတော့မှပဲ နားတွေက အားသွားပြီး ဘေးမှအသံများကို

www.burmeseclassic.com

www.burmeseclassic.com



ကြားမိတော့သည်။

"အဲဒါ ဘာစာအုပ်လဲ"

"မသိဘူး။ ငါ့အစ်ကို မှာထားလို့ သွားယူပေးတာ"

"ပြစမ်း။ ဟာ…ဒါ 'တောက်'ပဲ"

ရွှေပြည်စိုး တစ်ချက်စောင်းကြည့်လိုက်မိသည်။ အိုင်းစတိုင်းလိုပဲ ဆံပင်လှိုင်းတွန့်တွန့် ဖွာဖွာများကို သေသေသပ်သပ် ရှင်းနေအောင် စုစည်းထားပြီး ခရမ်းရောင်ဖျော့ဖျော့ ကိုယ်ကြပ်ဝတ်စုံကို ကျော့ရှင်းနေအောင် ဝတ်ထားသည့် ကောင်မလေးတစ်ယောက်ကို တွေ့လိုက်ရ၏။

"မြင်ဖူးသလိုပဲ"

စိတ်ထဲမှ ရေရွတ်မိခြင်းပါ။ ပါးစပ်က ထွက်မိလို့က အိုင်းစတိုင်းနှင့် ဘယ်လိုမှ လွယ်လိမ့်မည်မဟုတ်။ သူတို့စကားသံများကိုတော့ ကြားနေရသည်။

"ဒါ 'တောက်'ဆိုတော့ ဘယ်ဟာက 'ချောက်'လဲ"

ကောင်လေးတစ်ယောက်က နောက်သဖြင့် ခရမ်းရောင်လေးက…

"မနောက်နဲ့။ ဒါ…တကယ့်ဒဿနစာအုပ်"

"အေးလေ…ငါ့အစ်ကိုက ဒဿနိကက ဆရာပဲဟာ"

"ဟင်…ငါက 'တာအိုတီချင်'မှတ်တာ"

ခရမ်းရောင်လေးက စာအုပ်ကို သေချာကြည့်ရင်း တအံ့တသြ ရေရွတ်၏။

"ဘာလဲ တာအိုတီချင်"

တစ်ယောက်က ဝင်မေး၏။

"တောက်လေ…'တောက်-တယ်-ကျင်း' လို့လဲ အသံထွက်သလို တာအိုတီချင်လို့လည်း ခေါ်ကြတယ်။ အခုဟာက တောက်တယ်ကျင်း



www.burmeseclassic.com

www.burmeseclassic.com



လည်း မဖာတ်ဘူး။ တယ်တောက်ကျင်းပဲ။ ဒီစာအုပ် ငါမဖတ်ဖူးဘူး။ ငါ့ကို ငှားမလား"

"အာ...အစ်ကိုက တောမှာပေါ့"

"ငါ သွားဆီ လိုက်ငှားပါ့မယ်"

တစ်ယောက်သော မိန်းကလေးက စာအုပ်ကိုကြည့်ကာ...

"ငါသာဆို ပျင်းတာနဲ့ သေမှာပဲ"

"ဘာလို့လဲ"

"ဒီစာအုပ်ဖတ်ရရင် ပြောတာပါ"

"ဒါကတော့ စိတ်ဝင်စားမှုချင်းမှ မတူတာ"

"ကဲ...ပြောပါဦး။ တောက်ဆိုတာ ဘာလဲ"

တစ်ယောက်က မေး၏။ ခရမ်းရောင်လေးက...

"တောက်တယ်ကျင်းကို ပါရမီဖြည့်ဆည်းနည်းလို့ အနီးစပ်ဆုံး ပြန်ကြတယ်။ 'တောက်'ခေါ် တာအိုတစ်လုံးတည်းကိုတော့ ထွက်ရပ်လမ်းလို့လည်း ခေါ်ကြတယ်"

"အဲဒါက ဘယ်လောက်စိတ်ဝင်စားစရာ ကောင်းလို့လဲ"

"စိတ်ဝင်စားစရာ ကောင်းမကောင်းတော့ မသိဘူး။ တရုတ်ဒဿန ပညာမှာတော့ သူက အသက်ပဲ"

"ငါတို့ကတော့ သိပ္ပံသမားပဲဟေ့။ ဘာ 'တောက်'မှ စိတ်မဝင်စားဘူး"

ကောင်လေးတစ်ယောက်က ဝင်ပြီး ကန့်လန့်တိုက်သော်လည်း ခရမ်းရောင်လေးက စိတ်ဆိုးဟန်မပြ။

"နင်က Physics သမား ဆိုပါတော့"

"အေးလေ... Philosophy စိတ်မဝင်စားပါဘူး"

www.burmeseclassic.com



လွှတ်နိုင်ပုံကိုတော့ အမေဖြင့် အံ့သြပါတယ်ကွယ်၊ မချစ်ဘဲမယူဘူးရယ်လို့ ငါ့သားအနေနဲ့ ပြောတော့ ရှုံးလိုက်တာပေါ့"

"ဟာ ... အချစ်ကို မဆွစမ်းပါနဲ့ မေမေရာ အဲဒါ မေမေ့စကား ... မေမေစိတ်ချမ်းသာစေချင်လို့ မယူခင် ကလည်း ... ကျွန်တော့်ကိုနေရပါတယ်လို့ ... ဖြစ်မနေပါနဲ့ ...

အသံတွေ တွန်ပြီး မျက်ရည်တွေ ပါဝင်လာပါသဖြင့် 'ဒေါ်စိမ်းခိုင်' ငိုကြွေးသွားပါသည်။ သားကြီးတကယ်ခံစားနေရရှာ ပါလား။ သား၏ လက်မောင်းကို ညှစ်ကိုင်ရင်း ...

"အိုကွယ် ... ငါ့သားကြီး ခုလိုခံစားနေရမှန်း မေမေမသိလို့ ပါ ... ဒါနဲ့ ဘယ်လိုလုပ်ပြီး ... ဖြစ်လိုက်တာတော့ မြေးသားတွေ ... လိုက်"

"ဟာ ... ပါကွာပါဆိုတော့ မေမေတို့ လွမ်းရမှာက ကျုပ်ဗျ" "ဘာလဲ"

"... သားလားကွယ်၊ ခင်းချစ်သူမှ ... အဲဒါဘာဖြစ်လဲ"

"လုပ်ပြန်ပြီ မေမေရာ ... တိရစ္ဆာန်ဖြစ်ရဲ့တဲ့ ခွေးလေးကြောင် လေးတွေတောင် အတူနေလာတာကြာရင် သံယောဇဉ်ဖြစ်ကြသေး တာ ကျွန်တော်က အဲ့သလောက်ခင်နေတာမှ မဟုတ်ဘဲ ငယ်ရွယ် လှပတဲ့ မိန်းမပျိုလေးတစ်ယောက်နဲ့ ... အတူနေ လာရမှ တော့ ... ဖြစ်ခဲ့ပြီပေါ့ သူ့အမေကို ထားခဲ့ပြီး ကလေးတွေ ... ကျွန်တော် တို့အရှုံးပဲ၊ "... ပါဘ မိခင်ရင်ခွင်မှာပဲ ပျော်သလို လုံခြုံတယ် ... သနာဖြစ်လို့

www.burmeseclassic.com



အိုင်းစတိုင်းလည်း ဘေးစားပွဲနည်းတူ ဘရစ်တနီ၏ ဖမ်းစားခြင်းကို ခံလိုက်ရပုံ ပေါ်သည်။ အသံထွက်မလာတော့။ ရွှေပြည်စိုးကတော့ ဘောလုံးပွဲကိုကြည့်၊ ဘာမှန်းမသိသည့် တောက်တွေ တာအိုတွေ အကြောင်း ပြောလိုပြောနှင့် ကောင်မလေးကို ကြည့်ကာ မဆီမဆိုင် ယမုန့်သူငယ်ချင်း ရွှေပစ္စုန်ဆိုတာကို မြေးသတိရမိလိုက်သေးသည်။

အိုင်းစတိုင်းကို ပြောပြဖို့ ကြည့်တော့ သကောင့်သားက မျက်မှန် တောင် ပင့်ကြည့်နေသေးသည်။ ထို့ကြောင့် အမြန်ကပ်ကပ်နှင့်...

"အေး...ကြည့်ထား၊ စိတ်ကူးယဉ်လည်း ရသေးတယ်။ ခုထိအပျို စစ်စစ်ပဲ...တဲ့"

## အခန်း ၁၄

"အဟီး"

ဒါမျိုးကျ နွားပြာကြီး အောက်သွားမရှိသလို ရယ်ပြဖော်ရသည်။ အိမ်မရောက်ခင် လမ်းတစ်ဝက်မှာင် မြေ့ရှုး ကို ကြိုစောင့်နေခဲ့ပါသည်။ ကားပေါ်ခုန်တက်ရင်း... ဘရစ်တနီ့မှာ အဲ့ဒေါင်နိုင်နေသော သူတစ်ယောက်ကို ပြပါ ဆိုလျှင် ရွှေပြည်စိုးသာ ရှိရမှာ မချွတ်လွန်းသည်။ မော်ဒယ်ဖြစ်မြောက်ရေးပြောအင် ဘရစ်တနီက သီချင်းတွေဆိုလို့၊ အပြင်က ရွှေပြည်စိုးကတော့ နာမည်နှင့် မလိုက်စွာ 'ခွေ့ရှုးငြိမ်းသက်စေဖို့အဖြစ်မှမရှိသလို အပြေးလေးလျှောက် လာရင်း ရယ်သံလွင်လွင်ဖြင့် ပြောခြင်းဖြစ်သည်။

"နေမြင့်နေပြီလေ.. ဖမ်းစားတဲ့အသားငါးတွေ ပုပ်ကုန်မှာ စိုးလို့ 'မမော်'က လိုက်ကြိုခိုင်းတာ.. 'မေ'က အပြင်မထွက်ရင် လည်းနေရော.. ထွက်ရင် အိမ်မေ့၊ ယောကျ်ားမေ့၊ သားသမီးမေ့ပဲ"

ထိုစကားကြောင့် 'မေထူး' မျက်နှာလေးတစ်ချက်ပျက်သွား ပြီး စိတ်တိုသလိုပုံစံဖြင့်..

"ဟွန်း.. အဲဒါကဘာစကားလည်း၊ 'မေ့' ဘာမှာ 'မေ' မိသားစုဟာနံပါတ်တစ်ပဲ.. ရှုးသွားရင်တော့ မပြောတတ်ဘူး သူများ မှာဖြင့် စိတ်ညစ်နေတာ"

www.burmeseclassic.com

www.burmeseclassic.com



"ကိုကို"

စောစောစီးစီး အခန်းတံခါးလာခေါက်သံကြောင့် ရွှေပြည့်စိုး ဒေါသထွက်သွားမိသည်။

"ဘာလဲကွာ...ဘာလဲ။ စောစောစီးစီး"

"စောစောမှပဲ ကိုကို့ကို မိမှာ...။ တော်ကြာ ထွက်သွားဦးမယ်"

"ဘာလဲ၊ ဘာလုပ်ဖို့လဲ"

စိတ်က မရှည်ချင်တော့။ ဒီမောင်နှမနှစ်ယောက်သာရှိသော်လည်း မနက်စောစော အိပ်ရာထခိုင်းတာကိုတော့ ဘယ်နည်းနှင့်မှ သည်းမခံနိုင်။ ကိုယ်က သူများတွေလို စောစောအိပ်တတ်တာမဟုတ်။ စာရင်းဇယားတွေလုပ်၊ နောက်နေ့အတွက် စီစဉ်စရာတွေ စီစဉ်၊ လိုအပ်တာမှာဖို့ စာရင်းလုပ်နှင့်။ ညဆို အိပ်ချိန်က အစောဆုံး(၁၂)နာရီ (၁)ချက်တီး။

"ဒီနေ့ ကျူရှင်အပ်ရမယ်လေ"

"ဘာလဲ၊ ဘာကျူရှင်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုချည်း ဒေါသထွက်မနေနဲ့၊ ညီမလေးထွက်ဖို့ ချိန်ဦး။ ဒီနေ့ စာရင်းကိုင်သင်တန်းအတွက် ကျူရှင်အပ်ပေးမယ်ဆိုတာလေ။ သိပ်ပါသနာပါလွန်းလို့ လာအော်နေတယ် မထင်ပါနဲ့။ နိုင်းလို့ လုပ်ရတာ။ မလုပ်ရလေ ကောင်းလေ၊ ဝါသနာလည်း မပါပါဘူး"

ညီမတော်က ဆောင့်ကြီးအောင့်ကြီးနဲ့ အော်ပြီး ထွက်သွားမှ တမန်းကတန်း လှူးလဲထရသည်။ သူ့အခန်းထဲကနေ ထွက်လာတော့ အခန်းဝမှာ မေမေရောက်နေ၏။

"ဘာဖြစ်ပြန်တာလဲ သားရယ်...။ သားပဲ ညီမလေးကို သား အလုပ်မှာ စာရင်းကိုင်ဖို့ လူရင်းလိုချင်တယ်ဆိုလို့ သင်တန်းတက်ခိုင်း စာမေးပွဲဖြေခိုင်းတာလေ"

"ဟုတ်တယ် မေမေ...သား မေ့သွားလို့၊ စောစောစီးစီးလာနှိုး တော့ စိတ်တိုသွားတာနဲ့"

"အေးပါ...အေးပါ။ ဟိုမှာ မင်းညီမကတော့ ကောက်သွားပြီ။ ချော့ခေါ်သွားပေတော့။ သင်တန်းက ဒီနေ့ ကိုးနာရီ စမှာတဲ့။ အဲဒါ ရှစ်နာရီခွဲလောက် အရောက်သွားရမယ်။ သားကို ခုမှမနိုးရင် ဘယ်အချိန် နိုးမလဲ။ ခုပဲ ခုနစ်နာရီ ထိုးတော့မယ်"

"ဟုတ်ပါတယ်...အားလုံးကို တောင်းပန်ပါတယ်"

ပြောပြောဆိုဆို ရေချိုးခန်းထဲ တန်းဝင်ပြီး မျက်နှာသစ် ရေမိုးချိုး ရသည်။ တကယ်တော့ ရွှေပြည်စိုးလည်း ကျောင်းမပြီးသေး။ ခုမှ အဝေးသင်တတိယနှစ်။ အလုပ်လုပ်ချင်လွန်း၍ ဖေဖေနှင့်တိုင်ပင်ကာ ကွန်ပျူတာနှင့် အပိုပစ္စည်းများရောင်းသော အရောင်းပြခန်းလေးတစ်ခု မေမေနှင့်ညီမလေးတို့ပါ ကူစေလျက် အမျိုးသမီးဖက်ရှင် အဝတ်အထည် ဆိုင် ဖွင့်ထားခဲ့သည်။ အလုပ်လည်း ထိုက်သင့်သလောက် ဖြစ်ပါသည်။

www.burmeseclassic.com



"မေမေ့တော့ ပါနီစ့်ရုံခြားမှနေ၍ လိုအပ်သည်များကို ပို့ပေးသည်။

စိတ်ညစ်ဖြစ်ရတော့ ညီမကြည်သည်မှာ တစ်ခါက်တော့ အနိုင်နိုင်အချိန်လုကာ

ပြန်လာခဲ့တယ်"

လမ်းကြောင်းလေးကိုဖတ်ပါ ဒေါ်ဖော့ကို လိုက်ဝင်သိနှံ့မယ်။ ကွန်ပျူတာလည်း

နှစ်ပေသောက်လုံးက ခုပ်ရှောရွှေမှု ဟွန်းသံကြောင့် လှမ်းကြည့်ကြ

စိတ်မဝင်စား အမျိုးသမီးဖက်ရှင် စိတ်စုများလည်း စိတ်မဝင်စား။

သည်။

ထို့ကြောင့် စာရင်းဇယားပိုင်းတွင် တိကျသေချာပြီး စနစ်ကျသော စာရင်း

ဆရာ ကားအပ်ချင်လို့တဲ့

များဖြစ်ရန် စာရင်းကိုင်လိုသည့်အတွက် ညီမလေးကို စာရင်းကိုင်(LCCI)

အေး...အေး

ဖြေခိုင်းခြင်းဖြစ်သည်။ ညီမလေးစာမေးပွဲ ဖြေဆိုရန် ပြင်ဆင်နေသည်။

"ညီမလေး 'ဒွေးဒွေး' ရှမ်းမွန်ရှမ်းချင်ကလေး ခံထားလိုက်

မယ်" "မြတ်စွာဘုရား"

"ဘုရားတရားတောင်ရင်ဆိုင်ရတဲ့ ညီမလေး ပါဝင်မှုများကိုအသိရှိမလုပ်ချင်တာလဲဟု

သူ မမေးတော့။ အကြောင်းတော့ ဆိုင်ကယ်နဲ့ ဖြတ်သွားသော 'ရှိန်း' ကို

မျက်စိကျနေသည်။ ထို့ကြောင့် ညီမလေးကို အဝေးသင်

ပထမနှစ်မီတာကိုမ (LCCI) ဖြေခိုင်းဖို့ စီစဉ်ပေးရခြင်းဖြစ်သည်။

"ဟုတ်ပါတယ်.. ဘာဖြစ်လို့လဲဗျ"

"ဝတ်ရှည် ညီမလေး။ ကိုကိုပြီးပြီ...။ လာ...ဈေးဝယ်ခဲ့ကြရအောင်

တူလို့မေးကြည့်တာပါ အကြောင်းအဝယ်လုပ်ရှင်းခင်ဘူးလို့

နေအောင်။ ပြီးရင် သွားကြမယ်"

ပါ သူက ဒီမှာနေတာလေး

"မသွားဘူး"

ဆိုပါတော့

"အဲဒီအစ်ကိုလို့ မလုပ်ပါနဲ့။ ကိုကိုက တကယ်မေ့သွားလို့ပါ။

ညက နှစ်နာရီလောက်ကိုအိပ်ရပါတော့"

'စောင်းခါပ်ဖို့လာသူက 'ရှိန်း' ကိုမြင်ပြီး အာရုံပြောင်းသွား

သဖြင့် မေမေရင်းတော့ တွေ့ပြီ ရယ်ဖြစ်ရယ်နေ၏။ ညီကိုယ်လိုရှိ

မှာတွင်းပိုတာ ကိုယ်ဘာသာကိုယ်ချော့ ဟူသောသဘော။

"ဒီလိုရှော့က နာမည့်အတော်ရနေပြီနော်၊ ကျွန်တော်တို့နယ်

ညီမလေး ဝတ်ရှည်

www.burmeseclassic.com

www.burmeseclassic.com



ဆင်းခဲ့ရင်"ဘာလဲ" တော်ဘိုင် ကျုပ်ပဲ အသည်းကွဲပြီး ဆင်းခဲ့ရမှာပါ"

ကိုသိန်းအောင်တို့ ပြန်လာရင်ကျုပ်ကိုခေါ်လိုက် မြို့ရိုင်း ညီမလေးအိုး [illegible]

ဖြစ်ရမှာ [illegible] အိမ်မှာနေပေးမယ်။ အညီမညီးအကြိုကြိုက်ရဲ့ကိုယ်နှုတ်ဆက်ခဲ့ရာ

မှ [illegible] ပြန်ဆင်းလာရတော့မှပါလား..

"ဒီလူနဲ့ခရီးကွဲရင်း [illegible] မသွားချင်ပါဘူး [illegible] စီဖြစ်မှာ ကလေး

သုံးယောက်အတွက်ရော ... အမေအတွက်ရော"

ဒါဖြင့်ဘာလုပ်ချင်လဲ

"ဒီလိုလုပ်မှါလားကွယ် မင်းတို့မိသားစုအားလုံး ဒီကို

ဘာလုပ်ချင်လဲ ဟုတ်လား...။ လုပ်ချင်တာ တကယ်လွှတ်ပေး

ပြောင်းခဲ့ကြလေ့ ကိုမြင့်ငွေး ကို မေမေသွားပြောပေးမယ်"

မှာလား။ လိုက်ပို့မှာလား

ဖုန်းမြင့် ကလက်အုပ်ချီ၍ တောင်းပန်ပါသည်။

"အင်း..."

မလုပ်ပါနဲ့မေမေရာ ကျွန်တော်တောင်းပန်းပါတယ်၊ 'မေ'

"ပြီးမှ ကတိမတည်မလုပ်ရအောင်"

တို့အဖေကပြီး [illegible] ပြောရမလား သဘာကောင်း

တယ်ပြော"အင်းမြ"၊ အားလုံးကို စိတ်ချမ်းသာစေချင်တဲ့လူမျိုးလို့

ပြောရမလဲ [illegible]

[illegible]

[illegible]

အဲဒီအခိုက်မှာ တကယ်တော့တာ ထက်ဆာက နေသွားတဲ့ကျွန်တော့

ကြီးတော့၊ ကျူရှင်ခတွေရဲ့ လေးပုတစ်ပုံတောင် ရှိမှာမဟုတ်ဘူး

ယောက္ခမကြီး ဒေါ်ကြည်ခင်ပဲ သူရှိရင် ကျွန်တော် ခုလို စိတ်မ

ရှည်လိုက်တာ

ဆင်းရဲရဘူး

စိတ်မရှည်ချင်စော၍ ဝင်ပြောလိုက်မိသည်။

ကိုမြင့်ငွေး က မှ တကယ့်လူလည်ဘ မင်းကိုတော့ နွားလို

ခိုင်းစားဖို့ "ကဲ... မရှည်တော့ဘူး ပို့မှာလား ဝယ်မှာလား ပြော"ပါလာ

လို့ လက်ခံတာ "အင်း..."ပို့မယ်၊ ဝယ်ပေးမယ်"

"မပြီးသေးဘူးလဲတော့ မပြောတတ်ဖူး၊ ဒါပေမယ့် ကျွန်တော်

တို့အိမ်ခွဲ [illegible] ပုံးဝမ်းသာမယ့်လူကြီးပဲ စိတ်ကောင်းရှိဘူး

အပြော [illegible] 'ခိုင်းစားဦးမယ်' တို့လာနေတာကို [illegible]

ပြောင်း [illegible] ရအုန်းမယ်၊ တစ်ခုတော့ ကျွန်တော်ယုံကြည်

www.burmeseclassic.com



"လွစ္စလမ်းထဲက ဘိုကလေးဒေါ်ညီမှာ"

"စားစေ"

မုန့်ဟင်းခါးများ တဖွဲ့တနွဲ့ဟု မပြောမိတော့ပါ။ သူကိုယ်တိုင်က ခေါက်ဆွဲပြုတ်ကြိုက်သလို ညီမလေးကလည်း မုန့်ဟင်းခါးကြိုက်တာ သိထားသည်ကိုး။

"ကဲ..မေမေ သားတို့သွားမယ်။ မေမေဆိုင်သွားရင် ခေါက်ဆွဲထုပ် ဝယ်ပို့ပေးခဲ့ဦး။ ရှိုးရွမ်း(Show Room)မှာ ကုန်နေပြီ"

"အေးအေး"

ဝတ်ရည်နှင့် သူ့သူငယ်ချင်းမလေး လင်းလင်းတို့ တက်ဖို့ ရွေးထားသည့် LCCIသင်တန်းက ဗိုလ်အောင်ကျော်လမ်းထဲမှာ။ သူတို့ဘာသာ လှိုင်းယောက်စုရှ် ဆရာခေါ်သင်ကြခြင်းဖြစ်သည်။ ဒါကိုများ တကူးတက လိုက်အပ်နိုင်းနေ၍ စိတ်ညစ်နေမိသေး၏။ ဝတ်ရည်ကတော့ ဆရာမ လုပ်မယ်သာပြောသည်၊ ခုထိ လူလားတာ မပြောက်ချင်သေး။

စာရင်းကိုင်တက်ပါဆိုတော့ တက်ဖို့ အဖော်က ရှာရသေးသည်။ အတူတက်မယ့်လူ ရခါမှ ကျူရှင်ရွေးရသေးသည်။ ရွေးပြီးတော့လည်း အစ်ကိုက လိုက်အပ်ပေးရသေးသည်။ ပြီး..လာလည်း ကြိုရဦးမယ်တဲ့။ မတတ်နိုင်၊ ကိုယ်ကဖြစ်စေချင်တာကို သူက လုပ်ပေးတာပဲ ကျေးဇူးတင်ရဦးမည် မဟုတ်လား။

"ကိုကို သွားတော့၊ ဆယ့်နှစ်နာရီမှ လာခေါ်"

"အိုကေ"

ရှေ့ပြည်စိုးစိတ်ထဲ ဝန်တစ်ခုပေါ့သွားသလို ခံစားရသည်။ ညီမလေး စာရင်းကိုင်ဖြေလို့အောင်လျှင် ခုလက်ရှိ ခန့်ထားသော စာရင်းကိုင်မလေးနှင့် တွဲလုပ်ခိုင်းလိုက်လျှင် စာရင်းကိစ္စ သူ ပတ်သက်စရာမလိုတော့။ စိတ်ချ

www.burmeseclassic.com

www.burmeseclassic.com



ရပြီဆိုလျှင် သူ တခြားအလုပ်တစ်ခု တိုးချဲ့နိုင်သည်။ သူ ထပ်ချဲ့ချင်သည့်အလုပ်က Pet-Shop နှင့် တိရိစ္ဆာန်ဆေးကုခန်းနှင့် ဆေးရုံ ဖွင့်ချင်ခြင်းပင်ဖြစ်သည်။

ခု ရန်ကုန်မှာ Pet-Shop တွေ များလာသော်လည်း တိရစ္ဆာန်ဆေးကုခန်းက နည်းနေပြီး ဆေးရုံဆို တစ်ခုလားပဲ ရှိသည်။ ဒါကို သူက စနစ်တကျလုပ်ချင်နေမိခြင်းဖြစ်သည်။ မွေးထားသော တိရစ္ဆာန်လေးတွေဆိုတာကလည်း တချို့အတွက်ကျ သားသမီးပဲ မဟုတ်လား။ နာမကျန်းလျှင် ပူရ ပင်ရ သောကရောက်ရ။ တိရစ္ဆာန်ဆရာဝန် အချိန်မီ ရှာမရနှင့် ဒုက္ခရောက်ရတာ ရွှေပြည်စိုး တွေ့ဖူးသည်။ ထို့ကြောင့် မအားလပ်၍ ဂရုမစိုက်နိုင်သူများ ဆရာဝန်ဘေးမှာ အသင့်ရှိရန် လိုသော တိရစ္ဆာန်လေးများအတွက် ဆေးရုံကောင်းကောင်းတစ်ခုတော့ သူ ဖွင့်ချင်မိသည်။

ဝတ်ရည်က ခုမှ သင်တန်းစတက်ရမှာ။ LCCI Level I, II, III သုံးခုလုံးပြီးဖို့က အတော်စောင့်ရဦးမည်။ ဒီကြားထဲမှာ စိတ်ကူးတွေကို အိပ်မက်ထဲမှာ စတင်အကောင်အထည်ဖော်ထားရမည်လေ။

ဆယ့်နှစ်နာရီထိုးခါနီးကျတော့ ရွှေပြည်စိုး သင်တန်းရှေ့မှ အသင့်စောင့်နေလိုက်သည်။ ဒီတစ်နေ့တော့ ရှိစေတော့၊ ဒုက္ခခံရဦးမည်ပေါ့။ နောက်နေ့တွေအတွက်သာ ဘယ်လိုစီစဉ်ပေးရမလဲဟု အပြေးအလွှား စဉ်းစားနေမိသည်။

ထိုစဉ် လှေခါးမှဆင်းလာသော ခွာမြင့်ဖိနပ်သံကို ကြားလိုက်ရ၍ ထိုင်ရာမှ ထရပ်လိုက်မိ၏။ ဒါ ဝတ်ရည်ခြေသံပဲ ဖြစ်ရမည်ဟု တွက်လိုက်ခြင်းဖြစ်သော်လည်း သူ လွဲသွား၏။

ဆင်းလာသူက...

www.burmeseclassic.com



ဟိုနေ့က ဘောလုံးပွဲလုကြည့်ပြီး၊ တောက်တွေဘာတွေ ကြိုးကြိုးကျယ်ကျယ်လုပ်ကာ ပြောနေသော ခရမ်းရောင်ကောင်မလေး ဖြစ်နေသည်။ ဒီနေ့တော့ သူမက ခရမ်းသီးခွံရောင်ရင့်ရင့် မြန်မာထည် ဝမ်းဆက်ကို မြန်မာအကျီပုံစံ ချုပ်ဝတ်ထား၏။

လက်ထဲတွင်လည်း ဖိုင်တစ်ခုနှင့်၊ သူ့ကိုမြင်တော့ မရွှေခရမ်းသီးက တစ်ချက်ကြည့်ကာ မသိကျိုးကျွံပြု ဆင်းသွားလေ၏။

သူ့နောက်မှ တခွပ်ခွပ်ဆင်းလိုက်လာသူများက ဝတ်ရည်နှင့် လင်းလင်းတို့အုပ်စု။

"ဟာ...ကိုကို လိမ္မာလိုက်တာ"

"ဒါမှ တို့ကိုကိုကွ"

လင်းလင်းကပါ ဝင်နောက်နေသော်လည်း သူ စိတ်မဝင်စားအား။

"ညီမလေး"

"အင်...ဘာလဲ ကိုကို"

"ရှေ့ကဆင်းသွားတာ ဘယ်သူလဲ"

"အဲဒါ ဆရာမ ကိုကိုရဲ့"

ရွှေပြည်စိုး မျက်မှောင်ကို အစွမ်းကုန် ကြုတ်ပစ်လိုက်သည်။

"ဟဲ့...ငါ မနက်က အပ်ပေးတာ ဆရာပါ။ ခုဘယ်နှယ့် ဆရာမ ဖြစ်သွားရတာလဲ"

လင်းလင်းက ရယ်ရင်း ဝင်ဖြေ၏။

"မျက်လှည့်ပြတာ မဟုတ်ဘူး ကိုစိုး။ ဒါက ဆရာ့လက်ထောက် အကူနည်းပြ။ ခု အစောပိုင်း Bookeeping တွေကို သူ သင်မှာလေ။ ဘာလဲ...လှလို့လား"

"လှပါဘူး...ခရမ်းသီးကြီးကို"

www.burmeseclassic.com

www.burmeseclassic.com


စိတ်ထဲ ခပ်ချဉ်ချဉ်ရှိသည်နှင့် ပြောပစ်လိုက်ခြင်းဖြစ်သည်။ ဝတ်ရည်နှင့် လင်းလင်းကတော့ ဘုမသိဘမသိ ရယ်ကြ၏။ သူမှာသာ စိတ်ထဲက နေ 'ဒီမိန်းမ ဘာလုပ်စားမှာလဲ မသိဘူး'ဟု တွေးမိရင်း တရွှေ့ရွှေ့ ဆေးသွားသော ခရမ်းသီးကလေးကို ကြည့်နေမိသည်။

"ကိုကို ခရမ်းသီး စားချင်နေလို့လား"

"သေဦးမယ်"

"ဟား...ဟား...ဟား"

မြင်တာ သုံးခါရှိပြီဖြစ်သော်လည်း ဒီနေ့ ခရမ်းရောင်လေးက အမြင်တစ်မျိုးနှင့် ယဉ်ယဉ်လေးလှနေတာကိုတော့ သူ ဘယ်လိုမှ မငြင်းနိုင်တာ သေချာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မုန်လာဥနီများကို ပန်းပွင့်ပုံ၊ ထင်းရှူးပင်ပုံ၊ ငါးပုံရအောင် ဓားအမျိုးမျိုးဖြင့် ပုံဖော်လှီးနေသော ရွှေကို ယမုန်က....

"ရွှေ"

"ဘာလဲ"

"အဲဒါက ဘာအတွက်လဲ"

"မနက်ကျရင် ဘုန်းကြီးဆွမ်းကပ်မှာလေ...။ အဲဒါ ကြိုတင်လုပ်ရမယ့်ဟာတွေ လုပ်ထားတာ"

"ဘာအတွက် ကပ်မှာလဲ၊ ဘာကျွေးမှာလဲ"

"ကပ်တာက ငါ့မွေးနေ့အတွက်။ မြန်မာလို ပြည့်တာလေ။ ကျွေးမှာကတော့ ထမင်းနဲ့ ဟင်းစုံ"

"ဘုန်းကြီးပဲလား"

"ယမုန်ရယ်...အပိုတွေ ပြောမနေနဲ့။ ထုံးစံအတိုင်း နင်ရယ်၊ ဟိုလေးကောင်ရယ်၊ ငါ့ဆရာတချို့ရယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုဟို...ဝါးကြေးပဲ"

ယမုန်က ကလေးတစ်ယောက်လို အူမြူးသွား၏။ ဟုတ်တယ်လေ...။ ရွှေချက်တာ စားရလို့ကတော့ ဆံပြုတ်ကအစ အရသာရှိသည်။ ဘယ်သူနဲ့မှကို မတူအောင် ချက်ပဲ ချက်တတ်လွန်းသည်။ ယမုန်ကတော့ ခေါက်ဆွဲကို ရေနွေးဖျော၊ ကြက်သားပြုတ်ကြော်၊ ဒါမှမဟုတ် ပုစွန်ကင်နဲ့ တွဲပြင်ပေးရတာကိုပင် အတော်ကြီးဟုတ်လှပြီ ထင်နေတာ မဟုတ်လား။

"ငါ ဘာကူလုပ်ရမလဲ"

"အချိုပွဲလုပ်ဖို့ ကူလေ"

"ဘာလဲ...နင်က အိမ်မှာ ကိုယ့်ဘာသာကိုယ် လုပ်ဦးမှာလား။ ဝယ်လိုက်ပါလားဟာ...နင် ကျူရှင်လည်း ပြနေတယ်ဆို"

ယမုန်က နှာခေါင်းလေးရှုံ့ကာ ညည်းတော့ ရွှေက...

"ဒါနဲ့များ ဘာကူရမလဲတဲ့။ တော်ပါ..."

"မဟုတ်ပါဘူးဟာ...ငါက နင်ပင်ပန်းမှာ စိုးတာရယ်၊ အချိုပွဲကို ငါက နင့်မွေးနေ့လက်ဆောင်အဖြစ် ကုသိုလ်လိုချင်လို့ရယ် လှူမလို့"

"ဟင်...နင်ကိုယ်တိုင် လုပ်ပေးမှာလား"

ရွှေက တအံ့တသြမေး၏။

"ဟင့်အင်း...ရွှေပုဇွန်ကိတ် မှာပေးမှာ။ ကျောက်ကျော၊ ဂျယ်လီ ကျောက်ကျော၊ ရွှေခြည်၊ ငှက်ပျောဆနွင်းမကင်း အကုန်ရတယ်"

"ဒီကနေ လှမ်းမှာလို့ရတယ်...ဟုတ်လား၊ လာပို့ပေးလား"

"ဟင်း...ဟင်း။ အင်း...လာပို့ပေးတယ်။ ဟဲ...ဟဲ...နေဦး ငါ ဖုန်းဆက်လိုက်ဦးမယ်"

ပြောပြောဆိုဆို ဖုန်းဆီထသွားသော ယမုန့်ကို ရွှေ သတ်ာ မကင်းသလို ကြည့်၏။ ဘယ်လိုမှ မဖြစ်နိုင်။ ရွှေပုဇွန်မှာက ဝယောအ



www.burmeseclassic.com

www.burmeseclassic.com



၁၀ ထဲထား နေစ်ရှိသည်ဟု သူမ တစ်ခါမှ မကြားဖူး။ ယမုန်ကတော့ ဘာတွေအကြံအဖန်လုပ်ပြီး ဘယ်သူ့ကို ပါးစပ်ကလေးနှင့် လှမ်းခိုင်းဦးမည် သိ။

"ရွှေပြည်စိုးလား"

"... ... ..."

"နင် ညနေအပြန်ကျရင် ရွှေပုဇွန်ကနေ ကျောက်ကျောရယ်၊ ဂျယ်ရီကျောက်ကျောရယ်၊ အာလူးဆနွင်းမကင်း၊ ငှက်ပျောဆနွင်းမကင်းနဲ့ ရွှေခြည်တစ်မျိုးကို နှစ်ဘူးစီ ဝယ်ခဲ့ပေးပါဟာ...နော်"

"... ... ..."

"လောလောဆယ် နင်စိုက်ထားဟာ"

"... ... ..."

"ဟာ...မဟုတ်ဘူး။ ငါ့အိမ်ကို မဟုတ်ဘူး။ ငါ အခု ရွှေ့ဆီမှာ။ လိပ်စာက..."

"... ... ..."

"လာသာ လာခဲ့ပါဟာ။ ငါ ခေါက်ဆွဲပြုတ် ကျွေးမယ်"

"... ... ..."

"ရွှေအိမ်က ငါ့အိမ်ပဲပေါ့။ ဟဲ...ဟဲ ရွှေက ငါ့ယောင်းမ"

"... ... ..."

"ဒါပဲဟာ"

ဖုန်းချပြီး ယမုန် ပြုံးစိစိနှင့် ပြန်လျှောက်လာ၏။

"ဘာဖြစ်လာတာလဲ။ သူများတကာခိုင်းရမှာများ ယမုန်တို့ဘာ ဝါသနာကို ပါတာ"

"ဟွဲ့...ဝါသနာပါတာ မဟုတ်ဘူး။ ဇာတာပါတာ။ သူများကို



www.burmeseclassic.com

www.burmeseclassic.com



လက်ညှိုးထိုးခိုင်းလို့ရတဲ့ဇာတာ ပါလာတာ"

"တော်ပါ ပျော်မရယ်"

"ဟဲ့...နင့်အိမ်မှာ ယမ်ယမ်ခေါက်ဆွဲခြောက် ရှိလား"

"ကြက်ပေါင်လား၊ ချဉ်စပ်လား၊ ဆီချက်လား"

"ဘာဖြစ်ဖြစ်။ အဲ...အဲ ဒီနေ့ ကြာသပတေးနေ့ မဟုတ်လား။ ဒီကောင် သက်သတ်လွတ်စားတယ်။ သက်သတ်လွတ်အထုပ် ရှိလား"

"ရှိတယ်...အမယ်လေးဖြစ်နေတာ။ အဲဒါ နင့်ရဲ့ဘယ်နှယောက်မြောက် အီစီကလီလဲ"

ယမုန်က ရယ်ကျဲကျဲနှင့်...

"သူ့သာ အီစီကလီလုပ်ရင် အသက်ထွက်မှာပဲ။ ဘာအရသာမှ ရှိမှာမဟုတ်ဘူး။ ခုလိုပဲ အကူအညီတောင်းလို့ ကောင်းတယ်"

ရွှေကတော့ မျက်မှောင်လေးကို လုတပတဖြစ်အောင် ကြုတ်ကာ

"ဟဲ့...အီစီကလီမလုပ်ဘဲနဲ့များ ဘယ်နေ့သက်သတ်လွတ်စားတယ်၊ ဘာကြိုက်တယ်ကအစ သိနေတာ အံ့ဩပါရဲ့"

"မအံ့ဩနဲ့။ ဒီကောင်နဲ့က ငယ်ငယ်တည်းက အမျိုးတွေလို နေလာတာ။ ငါ သူ့ကို စကားထဲ အရသာခံထည့်ပြောတာ နင်ကြားဖူးလို့လား"

"ဘယ်သိမလဲ"

"နင် ဘယ်လိုသိမလဲ၊ ငါမှ မပြောဘူးတာ။ မပြောတာကလည်း ငါက အကူအညီလိုမှ သူ့ကို သတိရတာ။ သူကလည်း ငါ့ကို ငါ့ဖွင့်ဆက်မှ ခေါ်မှ မလွှဲမရှောင်သာ လာတယ်။ ဒီတော့ နင်ထင်သလိုတော့ မဆန်းပါဘူး။ အဲ...ဆန်းတာတစ်ခုတော့ ရှိတယ်"

"ဘာလဲ၊ ဘာဆန်းရပြန်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟိုနေ့ကမှ သတိထားမိတာ နင်နဲ့ သူနဲ့က နာမည်ချင်းတူနေတယ်"

"ဟဲ့...တူစရာလား"

"တူတယ်ဆိုတာ ရ၊ ပ၊ စ ဆိုတဲ့ စာလုံးတွေကို ပြောတာပါ"

ထိုအခါကျမှ ရွှေက စိတ်ဝင်စားသွားကာ...

"ဘာတဲ့လဲ...။ သူ့နာမည်က ဘာတဲ့လဲ"

"ရွှေပြည်စိုးတဲ့"

"ဪ..."

"သူက ခု အဝေးသင် တတိယနှစ် တက်နေတယ်"

"ဟင်...ငါတို့ထက်ငယ်တယ်၊ ဟုတ်လား"

"မငယ်ပါဘူး...။ သူက ကျောင်းတက်ရမယ့်အချိန်မှာ စီးပွားဖိရှာနေတော့ စာမေးပွဲကျရော...။ အဲဒါနဲ့ အဝေးသင်ပြောင်းလိုက်တာ။ ဒါကြောင့် တစ်တန်းငယ်တာ"

"ဪ..."

"ပြီးတော့ သူ့မှာ ဝတ်ရည်စိုးဆိုတဲ့ ညီမလေးတစ်ယောက်ပဲ ရှိတယ်"

"အင်..."

ရွှေက မုန့်လာဉနီများကို လုလုပပပြီးပြီမို့ ရေခဲသေတ္တာထဲ ပြန်ထည့်ကာ ပြောင်းဖူးကလေးများကို ထုတ်ကာ လှီးရန်ပြင်နေသည်။

"ရွှေပြည်စိုးဆိုတဲ့ နာမည်နဲ့ပဲ ကွန်ပျူတာနဲ့ အပိုပစ္စည်းတွေ ရောင်းတဲ့ Show Room တစ်ခု ကမ်းနားလမ်းမှာရှိတယ်။ နောက် ဝတ်ရည်စိုးဆိုတဲ့ နာမည်နဲ့ ဖက်ရှင်အဝတ်အထည်ဆိုင် ရှိတယ်"

"အင်း"

www.burmeseclassic.com

www.burmeseclassic.com



"သူ့အဖေက နိုင်ငံခြားမှာ...။ သူ့အမေကတော့ ဒီမှာပဲ...။ အေးကြတယ်"

"ဟဲ့...ယမုန်"

"ဘာလဲ"

ရွှေက ခေါးပါးပါးလေးကိုင်ကာ ခပ်ဆတ်ဆတ်ခေါ်တော့ ယမုန် စပ်ဖြဲဖြဲနှင့် ထူး၏။

"နင့်လူအကြောင်း ငါလာပြောပြနေတာ ငါက သင့်မသင့်စဉ်းစား ပေးဖို့လား"

"အင်း...သင့်မသင့်စဉ်းစားရမှာတော့ ဟုတ်တယ်။ ဒါပေမဲ့ ငါ့ အတွက် မဟုတ်ဘူး။ နင့်အတွက်"

ရွှေက ခေါးကလေးနှင့် ချိန်ရွယ်လိုက်ကာ...

"ငါ ထိုးလိုက်မှာနော်"

"နင်မထိုးရက်ပါဘူးဟာ...မြားနတ်မယ်ကလေးကို နင် ဒီလို ရက်စက်ဖို့ မသင့်ပါဘူး"

"တော်...တော်မလား မတော်ဘူးလား"

"အေး...အေး ခု တော်ပြီ။ နောက်မှ ဆက်ကြောင်းလမ်းမယ်။ ခု လောလောဆယ် ယမ်ယမ်အစိမ်းထုပ်ကလေး ကမ်းပေးပါဦး"

"ထားလေ...ဟိုမှာ ဒေါ်နုရှိတယ်။ ဒေါ်နု လုပ်ပေးလိမ့်မယ်"

"မဖြစ်ဘူး"

"ဘာလို့ မဖြစ်ရမှာလဲ။ သဲမနေနဲ့"

"မသဲပါဘူး။ နင့်လက်ရာ စားစေချင်လို့ပါ။ ဒီအခွင့်အရေးလေးတော့ ရခဲ့ပါဘိခြင်း"

"ဘာအခွင့်အရေးလဲ။ ယမုန်နော်...။ သူ့အကြောင်းအကျွန်တွေ

www.burmeseclassic.com

www.burmeseclassic.com



လာထိုးပေးနေတယ်။ မလိုချင်ပါဘူး"

"မလိုချင်လို့ မရဘူး။ အကြွင်းအကျန် မဟုတ်ပါဘူးဟာ...။ အသစ်စက်စက်ကလေး။ ငါ စိတ်ကူးနဲ့တောင် မပစ်မှားထားဘူး"

"အေး...နင်တောင် မပစ်မှားချင်တာ ငါလည်း လာမပေးနဲ့။ နင် ဆက်ပြောနေရင် နင့်ခေါက်ဆွဲ နင့်ဘာသာ နင်လုပ်ပေးလိုက်"

ထိုအခါကျမှ ပျင်းမလေးယမုန် ပါးစပ်ပိတ်လိုက်ကာ...

"အိုကေ ပါးစပ်ပိတ်လိုက်ပြီ"

ယမုန် အသံတိတ်သွားမှ ရွှေ စောစောက လှီးဖြတ်ထားသော အသီးအနှံများထဲမှ မုန်လာဥနီ၊ ရွှေပဲ၊ ပြောင်းဖူး၊ ပန်းပွင့်၊ မှိုခြောက်၊ ပန်းခြောက် စတာတွေကို နည်းနည်းစီယူပြီး ရေနွေးဖျော၏။ အနေတော် လောက်တွင်ချကာ ခေါက်ဆွဲပြုတ်၏။ ပြီး... အသီးအရွက်များကို သူ့အရောင်နှင့်သူ လှပစွာ စားချင်စဖွယ်ဖြစ်အောင် ပြင်ထားလိုက်သည်။

"ရော့...ဒါကို အုပ်ဆောင်းအောက်မှာ ထည့်ထား။ အေးသွားမှ လာရင်တော့ Oven ထဲ ပြန်ထည့်နွေးပေးလိုက်။ ဘာလိုသေးလဲ"

"အအေး"

"အေး...ဟိုမှာ ရေခဲသေတ္တာ။ နင် ညည်းသည်မဟုတ်ဘူး။ လိုချင်တာ ထုတ်တိုက်လိုက်"

"အိုကေ...။ ဟော...ကားသံကြားတယ်။ ငါ သွားကြိုလိုက်ဦး မယ်"

ဖြတ်ခနဲထပြေးသွားသော ယမုန်ကို ကြည့်ကာ ရွှေ သက်ပြင်းချ သည်။ ယမုန့်ကိုကြည့်ရတာ အမြဲတမ်း လွတ်လပ်ပေါ့ပါး ပျော်ရွှင်နေ၏။ ဘာကိုမှလည်း အလေးအနက်ထားတတ်ပုံမပေါ်။ မကောင်းသည့်အကျင့် ဆိုးလေးတစ်ခုပဲ ရှိသည်။ ဘာကိုမှ အားစိုက်မလုပ်ချင်ဘဲ ပျင်းခြင်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပင်ကိုယ်ဉာဏ်ကလေးကောင်းနေ၍ တော်တော့သည်။

"လာ ရွှေပြည့်စုံ။ ထိုင် ငါ ခေါက်ဆွဲပြုတ် အိမ်ရှေ့ယူလာခဲ့မယ်"

"နင့်ဟာက ငါ့များ အငတ်ကျနေတာပဲ။ နေစမ်းပါဦး...နင့် ခေါက်ဆွဲပြုတ်ကို...။ ငါ နားပါရစေဦး"

"ကြော်...အေး။ ဒါဆို အအေးအရင်သောက်"

ကဗျာကယာအထဲပြန်ပြေးဝင်လာပြီး ရေခဲသေတ္တာထဲမှ စပါကလင် တစ်ပုလင်းကို ဖောက်ပေးလိုက်၏။ ပြီး...တဆက်တည်း...

"ရွှေရေ...ဒီမှာ ဧည့်သည် လာဦး"

အာပြဲကြီးနှင့် လှမ်းအော်၏။ ဒေါ်နုက...

"ရွှေ ထားခဲ့၊ ဧည့်သည်နဲ့ သွားစကားပြောချေ။ ကျန်တာတွေ လုပ်ထားလိုက်မယ်"

ဟုဆို၍ ရွှေ ဧည့်ခန်းဘက် ထွက်လာခဲ့လိုက်သည်။

ဧည့်ခန်းထဲလှမ်းဝင်မလို လုပ်နေသော ရွှေ့ခြေလှမ်းများ တုံ့သွား ရသည်။ ဧည့်ခန်းတွင် ယမုန်နှင့်ထိုင်ကာ စကားပြောနေသူကို သူ မြင်ဖူးနေသောကြောင့်ဖြစ်၏။ တစ်နေ့ကပဲ ဖြစ်လိမ့်မည်။ ဟုတ်သည်။ သင်တန်းကအဆင်း လှေကားမှာ တွေ့လိုက်တာ။

"ရွှေ"

"လာပါပြီဟ"

"ဟင်"

ရွှေပြည့်စုံထံမှ တအံ့တသြ ထွက်လာသော အသံဖြစ်၏။

"ဒါ...ရွှေပစ္စုန်လား"

"အင်းလေ...နင်က သိနေနှင့်ပြီလား"

ယမုန်က မျက်စလေးချီကာ မေး၏။

www.burmeseclassic.com

www.burmeseclassic.com


"သိတာမဟုတ်ပါဘူး၊ မြင်ဖူးတာ"

"ဟုတ်လား...ဘယ်မှာလဲ"

"LCCI သင်တန်းအဆင်း လှေကားမှာ"

ရွှေက ရယ်ရယ်မောမောနှင့် ဝင်ပြောလိုက်ခြင်းဖြစ်၏။ သို့သော် ရွှေပြည်စိုးက ပြုံးကာ...

"ဒီအရင်ကလည်း မြင်ဖူးတယ်။ မမှတ်မိဘူးလား"

ရွှေက ဇဝေဇဝါလေးပြုံးကာ ခေါင်းခါပြမိသည်။

"ဟင့်အင်း"

"ဒါဆို ကျွန်တော်ပြောမယ်။ ဟုတ်မဟုတ် ပြောပေါ့။ ဟုတ်လား"

"အင်း...ပြောကြည့်လေ"

"ဂျေဒိုးနတ်မှာ မန်ယူနဲ့နယူးကာဆယ်လ် ကန်တဲ့ပွဲနေ့က တစ်ခါ တွေ့တယ်။ ကျွန်တော့်နေရာမှာ ဝင်ထိုင်ကြတာလေ"

"အဲ...ဟုတ်တယ်။ နောက်ကော..."

"ပြီးခဲ့တဲ့ အင်္ဂါနေ့က Excellent အပေါ်ထပ်မှာ သူငယ်ချင်း လေးယောက်နဲ့ ဖီလော်ဆော်ဖီတွေ ပြောနေကြတယ်"

"ဟင်...အဲဒါလည်း ဟုတ်တယ်"

ယမုန်က မနေနိုင်တော့။

"ရွှေပြည်စိုး"

"ဘာလဲ"

"နင် ရွှေ့နောက် လိုက်နေတာလား"

"ဟယ်...တောက်တီးတောက်တဲ့ ယမုန်ရယ်"

"ဟာ...မဟုတ်ပါဘူး"

ရွှေပြည်စိုးနှင့် ရွှေပစ္စုန် တပြုံ်ငနက်ငြင်းမိ၍ ယမုန်က တခစ်ခစ်



www.burmeseclassic.com

www.burmeseclassic.com


ရယ်ပြန်လေသည်။

"ရေစက်ပဲ"

ယမုန်က သူ့ဘာသာသူ ရေရွတ်သလိုပြောတာကို နှစ်ယောက်စလုံး မကြားချင်ယောင် ဆောင်နေလိုက်ကြသည်။

"ခေါက်ဆွဲတွေ အေးကုန်ဦးမယ်"

ပြောပြောဆိုဆို ရွှေက ခေါက်ဆွဲပန်းကန်ကို သွားယူကာ ဝါးတူလေးတစ်စုံနှင့် အတူချပေး၏။ ရွှေပြည်စိုး စိတ်ထဲမှာတော့ ဒါကြောင့် ဒီခရမ်းရောင်ကလေးကို မြင်တိုင်း ယမုန်ပြောပြောနေသည့် ရွှေပစ္စုန်ကို သွားသွားသတိရမိတတ်တာကိုးဟု တွေးနေမိသည်။

ရွှေပစ္စုန်က ခင်မင်စရာတော့ကောင်းသည်။ ယမုန်ပြောသလိုလည်း ကြည်ကြည်စင်စင်ကလေးလှ၏။ သူမ၏ ထူးခြားမှုက ခရမ်းရောင်ဖြစ်၏။ ညှော်ခန်းကလေးကအစ သူမ ကိုယ်ပေါ်က လက်ဝတ်ရတနာအထိ ခရမ်းရောင်များ လွှမ်းနေသည်။ ခရမ်းရောင်က ဘာရဲ့သင်္ကေတလဲ။

တစ်ခါမှမတွေးစဖူး ရွှေပြည်စိုး တွေးလိုက်မိ၏။ သူ မသိတာတော့ သေချာသည်၊ ထို့အတူ ရွှေ့ကို မေးလိုက်လျှင်လည်း ချက်ချင်းဖြေနိုင်မှာ သေချာသည်။

နာမည်စာလုံးချင်းသာ တူတာ ဘဝချင်းရော၊ ဝါသနာချင်းရော၊ အရည်အချင်းချင်းရော၊ အသိုင်းအဝိုင်းချင်းရော ဘယ်လိုမှ မတူကြတာကို ထိုနေ့က သူတို့သုံးယောက်လုံး ခင်မင်မှုသံယောဇဉ်တွေနှင့်ဖုံးကာ မေ့နေခဲ့ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



၁

မိုးတဖွဲဖွဲ တစိမ့်စိမ့်ရွာနေလျက်နှင့် ကွေးအောင်မအိပ်ဘဲ (ဆိုင်များပိတ်သော အစိုးရရုံးပိတ်ရက်ကြီးလည်း ဖြစ်ပါလျက်နှင့်) စောစောစီးစီး ထလာသော ရွှေပြည့်စိုးကို မေမေနှင့် ဝတ်ရည်က တအံ့တဩ ကြည့်ကာ တစ်ယောက်နှင့်တစ်ယောက် မျက်စပစ်ပြနေတာကို တွေ့လိုက်ရသော်လည်း အကျင့်အတိုင်း မသိကျိုးကျွံ ပြုထားလိုက်သည်။ ရွှေပြည့်စိုးဆိုတာက လုပ်ချင်တာကို ဖြစ်အောင်လုပ်ဖို့ တစ်ခုပဲ စိတ်ဝင်စားသူလေ။

ရေချိုးခန်းထဲက ထွက်လာတော့ မေမေက လှမ်းမေးသည်။

"သား သွားစရာရှိလို့လား"

"ဟုတ်ကဲ့ မေမေ"

"ဘယ်လဲ"

"ယမုန်တို့အိမ်"

မေမေ စိတ်ချသွားသလို ဘာမှမပြောတော့သော်လည်း ဝတ်ရည်ကတော့…



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို"

"ဘာလဲ"

"ညီမလေးလည်း လိုက်မယ်"

"ဘာလိုက်လုပ်မှာလဲ၊ စာကြည့်"

"ဟာ...ကိုကိုကလည်း စာရင်းကိုင်ဆိုတာ ကျက်စာမှမဟုတ်တာ"

"ငါသိပါတယ်၊ တွက်စာ တွက်"

"လိုက်ချင်ပါတယ်ဆို...။ သူတို့က သမီးရည်းစားချိန်းတွေ့တာ မို့ပါ့ဘား မသိဘူး။ သမီးကို မခေါ်ဘူး"

ဝတ်ရည်က မေမေ့ဘက်ပါ လှည့်တိုင်၏။

"ဟဲ့...သမီး"

မေမေက ဟန့်၏။ သို့သော် အလှုဟန့်သာဖြစ်၏။ မေမေကိုယ်တိုင်က သူနှင့် ယမုန်ကို တစ်ခုခုထူးပြီလား သိချင်နေပုံရသည်။

"ဘာလို့မခေါ်ချင်တာလဲ သား"

"ရှုပ်တယ် မေရ"

"ဟဲ့...ဝတ်ရည်နဲ့ ယမုန်က တွေ့နေကျ။ ရှုပ်စရာလား"

"ဟာ ခက်တော့တာပဲ"

"ဘာခက်တာလဲ သားရဲ့။ ပွင့်ပွင့်လင်းလင်းပြောစမ်းပါ"

မေမေက ပြုံးကာမေး၏။ ထို့ကြောင့် ရွှေပြည်စိုး သက်ပြင်းကို ချလိုက်ကာ...

"အိုကေ ပြောမယ်"

"ပြော..."

"ခုဟာက ဒီတိုင်းသက်သက်သွားမှာ မဟုတ်ဘူး။ နောက်ပိုး ထွက်မလို့ သိပြီလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်...တကယ်"

ဝတ်ရည်က တအံ့တသြမေး၏။ မေမေကလည်း တဟားဟားရယ်တာ...

"တကယ်လား သားရဲ့"

"တကယ်...။ ဒါပေမဲ့ မေမေတို့ထင်သလို ယမုန်မြင့်ဦးတော့ မဟုတ်ဘူး"

"ဟဲ့...စောစောကတော့ ယမုန်ဆီ သွားမှာဆို"

"ဟုတ်တယ်...။ ယမုန့်သူငယ်ချင်းလေးကို လူပျိုသွားလှည့်မှာ ဟား...ဟား"

ပြောပြီး ရွှေပစ္စုန်မျက်နှာကို ပြေးမြင်မိ၍ ရယ်လိုက်မိသည်။

"ဟော...ရယ်ပြန်ပြီ၊ ဘာရယ်တာလဲ"

မေမေက မသင်္ကာသလို မေးပြန်သဖြင့်...

"သြော်...ဘာမှမဟုတ်ပါဘူး မေမေရဲ့။ ရှက်ရယ် ရယ်တာပေါ့"

"ကိုကို"

"ဘာလဲ"

"မမယမုန် သူငယ်ချင်းရဲ့နာမည်က ဘာတဲ့လဲ။ ချောလား...။ ဘယ်ကလဲ"

မိန်းကလေးပီပီ စပ်စုပါတော့သည်။

"နာမည်က ရွှေပစ္စုန်တဲ့"

"ကိုကို့နာမည်နဲ့ စာလုံးတွေ တူနေတယ်"

"ဟုတ်တယ်"

"နေဦး...။ ဒီနာမည်ကို တစ်နေရာရာမှာ တွေ့ဖူးသလိုပဲ။ အဲ ဟုတ်တယ်။ သင်တန်းမှာ ဆရာမတစ်ယောက်နာမည်က ရွှေပစ္စုန်လို့

www.burmeseclassic.com

www.burmeseclassic.com



ကြားဖူးတယ်။ ဘယ်တစ်ယောက်လဲတော့ မသိဘူး"

ညီမတော်၏ ညှံ့ဖျင်းမှုကို ကျေးဖူးပင်တင်ရဦးမည်။

"ထားပါဟာ"

"ထားပါတယ်။ ချောလား"

"အင်း...ချောတယ်၊ တော်တယ်"

"တော်တယ်...ဟုတ်လား"

"ဟုတ်တယ်...ဒါကြောင့် စဉ်းစားနေတာ"

"တော်တာများ သားရယ်...ဘာစဉ်းစားစရာရှိလဲ"

မေမေက နားမလည်သလို ဝင်မေး၏။ ဝတ်ရည်ကလည်း...

"ဟုတ်သားပဲ ကိုကိုကလည်း...။ ညှံ့တာကမှ စဉ်းစားစရာကို"

"မဟုတ်ဘူး"

"ဘာမဟုတ်တာလဲ"

"သားက သိပ်ထက်ပြီး ကိုယ့်ထက်တော်တဲ့ မိန်းမမျိုး မလိုချင်ဘူး မေမေ"

မိန်းမသားဖြစ်သော မေမေရောဝတ်ရည်ပါ သူ့ကို အကြည့်တစ်မျိုးနှင့် လှည့်ကြည့်ကြ၏။ ထိုအကြည့်များ၏ အဓိပ္ပါယ်ကို သူ နားလည်ပါလျက်နှင့် ခေါင်းကို ခါယမ်းထုတ်ပစ်လိုက်သည်။ ရွှေပြည့်စုံပဲလေ... ကိုယ်လုပ်ချင်တာ ဖြစ်ချင်တာ ဖြစ်ရလုပ်ရဖို့က အဓိကမဟုတ်လား။ ခုလောလောဆယ် သူလုပ်ရမှာက ရွှေဆိုသော အဖိုးတန်မလေးကို လေ့လာဖို့ တစိမ့်စိမ့်ကြည့်ဖို့ ဒီထက်ပိုသော အရည်အချင်းတွေ ရှိမနေဖို့။ သူ နားမလည်နိုင်တာကတော့ ရွှေပစ္စုပ္ပန်ဆိုသော မိန်းကလေးသည် သူ့ကို ဘယ်လိုလုပ်များ ဆွဲဆောင်လိုက်နိုင်သလဲဆိုတာ။

ယမုန့်ဆီရောက်တော့ ရွှေ ချက်သော ကြာဇံချက်ဟာ ရနေပြီ။

www.burmeseclassic.com



"Breakfast စားမလာဘူး မဟုတ်လား"

"ကော်ဖီတော့ သောက်လာတယ်။ ရွှေက ဘယ်တုန်းတည်းက ရောက်နေတာလဲ"

"ညတည်းက…။ ဒီမှာ အိပ်တာ"

ရွှေက ဖြေရင်း ကြာဇံချက်ကို စားချင်စဖွယ်ဖြစ်အောင် လှလှပပလေး ပြင်ပေးသည်။ ယမုန်ကတော့ ကြာဇံချက် ချိုးမွှမ်းခန်းဖွင့်ကာ…

"ရွှေပြည်စိုး"

"ဘာလဲ"

"ကောင်းလား"

"ကောင်းတယ်"

"ကောင်းတာများဟယ်…ငြိမ်စားနေရလား"

"ငြိမ်မစားလို့ ဘယ်လိုစားရမလဲ"

"ရွှေ့ကို ချီးကျူးလေ…။ ဒါ ရွှေချက်တာ"

"သိတယ်။ နင် ဘယ်လိုမှ ဒီလောက်အဖြစ်မရှိတာ သိတယ်"

"သိရင် ပြီးတာပဲ"

ယမုန်ကတော့ ဘယ်လိုပြောပြော မနာပါ။

"နေ့လည်ကျ ဘာစားချင်လဲ"

"နင် မချက်ရတိုင်း"

"ရပါတယ် ရွှေပြည်စိုးရဲ့။ ရွှေ ချက်ပေးပါ့မယ်"

ရွှေက ရယ်ကာ ဝင်ပြော၏။

"လုပ်ပေးရမှာက သူ့ကိစ္စလေ…သူ ချက်သင့်တာပေါ့"

ဟုတ်ပါသည်။ ဒီနေ့ ယမုန်က သူ့ထံမှ ဝယ်လိုက်သော ကွန်ပျူတာကို လာဆင်ပေးရမည်။ လိုအပ်သော ပရိုဂရမ်များကို ခင်စတောလ်

www.burmeseclassic.com

www.burmeseclassic.com



လုပ်ပေးရမည်။ ရွှေကတော့ ယမုန်နဲ့ကို ကွန်ပျူတာ သင်ပေးမည်ဆိုပဲ။

"ရွှေ"

"ဟင်"

"ရွှေက ကွန်ပျူတာကို တော်တော်ကျွမ်းကျင်လား"

ရွှေက ရယ်၏။ ပြီးမှ...

"ဘယ်နှယ့်ကျွမ်းကျင်ရမှာလဲ...။ ကွန်ပျူတာပညာဆိုတာ တစ်နေ့ထက်တစ်နေ့ တရိပ်ရိပ်တိုးတက်နေတာ၊ ရွှေတို့က ဘယ်လိုလုပ် အမီလိုက်နိုင်မှာလဲ"

"ဒါဆို...ရွှေက"

"ရွှေ ပရိုဂရမ်ရေးတာ ဝါသနာပါတယ်။ ခု Account တွေကို စာရင်းနဲ့ တွဲသုံးဖို့ တချို့ပရိုဂရမ်တွေ ကိုယ့်ဘာသာ ကိုယ်ရေးတယ်"

"ဗျာ..."

"ဘာဖြစ်လို့လဲဟင်"

"အံ့ဩလို့ပါ"

"ဟာ...ဘာအံ့ဩစရာရှိလဲ။ ဒါ တော်တော်များများ တတ်ကြပါတယ်"

စကားစကို တမင်ဖြတ်ကာ ရွှေက လမ်းလွှဲ၏။

"ယမုန်ရေ..."

"ဘာလဲ ရွှေ"

"ဒီဘဲသားကို နာနတ်သီးနဲ့ ပေါင်းလိုက်ရမလား"

"ဘယ်လိုပြောလိုက်တာလဲ ရွှေရယ်...၊ အကောင်းဆုံးပေါ့"

"နောက်ကော ဘာချက်ရမလဲ"

"ငုံးဥနဲ့ ငါးဖယ်လုံး ရှိတယ်။ အဲဒါကို ဟင်းချိုချက်။ အင်း..."

www.burmeseclassic.com

www.burmeseclassic.com



ဖြီးရင် မှီနဲ့ပြောင်းရွှေ့ကြော်၊ ဂျေပ်သီးအစပ်ချက်''

ယမုန်က သူ့ထုံးစံအတိုင်း ပါးစပ်ကနေ လျှာဖျားလေးနှင့် ခိုင်းနေ၏။ ရွှေကတော့ ဘာမှမပြော။ ယမုန်တို့အခေါ်နှင့်အတူ ချက်စရာများကို ပြင်ဆင်နေလေသည်။ ယမုန့်မိဘများက ခရီးထွက်နေ၏။

''လာ...ရွှေပြည်စိုး။ နင့်အလုပ် နင်စတော့''

''နင်ကူဦး''

''ငါက နောက်ဖေးမှာ''

''တော်ပါ...ဟိုမှာသွားယောင်နေမယ့်ဟာကို။ လာ ပစ္စည်းကူမ။ နင်က ဒါပဲသုံးလို့ရတယ်''

ယမုန် မကြည်မသာနှင့် အိမ်ရှေ့ထွက်လိုက်လာ၏။ ပစ္စည်းကူချိုင်း။ မခိုင်းနှင့် တမင်ခိုင်းပစ်လိုက်သည်။ တကယ်တော့ Monitor ရော၊ Hardware တွေရော၊ Printer နှင့် Scanner ရော၊ UPS ရော ဘယ်လောက်မှ လေးတာမဟုတ်။ အားလုံးပြင်ဆင်ပြီးလို့ Software တွေ install လုပ်မည်ဆိုကာမှ မီးပျက်သွား၏။

''အချိန်မဟုတ် အခါမဟုတ် ရွှေရေ''

ယမုန်က တဖျစ်တောက်တောက်ရေရွတ်ရင်း ရွှေ့ကို လှမ်းခေါ်၏။

''ဘာလုပ်မလို့လဲ''

''မီးစက်မောင်းခိုင်းမလို့''

''နင့်ဟာနင် လုပ်ပါလား''

''ငါမှမသိတာ။ ရွှေက ကျွမ်းတယ်။ နင်ကရော သိလို့လား''

''ဟဲ့...ဒါက နင့်အိမ်။ နင် ဘယ်လိုဆင်ထားလဲ။ နင်မှ သိမှာ''

''ရွှေလည်း သိတယ်''

ရန်ဖြစ်နေကြပြန်သဖြင့် ရွှေက နောက်ဖေးမှ ထွက်လာရင်း တားရ



သည်။

''တော်ကြပါတော့။ ရွှေ မီးစက်ပြင်ပြီး နှိုးပေးခဲ့မယ်''

ပြောပြောဆိုဆို ရွှေက မီးလိုင်းချိန်းလိုက်၏။ ပြီး...မီးစက်ကို ဆီဖြည့်ကာ နှိုးပေးခဲ့ပြီး ပြန်ဝင်သွား၏။

''နင်က ညတည်းက ရွှေ့ကို ခေါ်အိပ်ထားတာလား''

''အင်းလေ...လာနေကျဟာကို''

''နင်တို့ ဘာလုပ်ကြလဲ''

''စကားပြောရင်း ရွှေက အင်္ကျီချုပ်တယ်''

''အင်္ကျီချုပ်တယ်''

''အင်းလေ...ငါ ဒီည ပွဲတစ်ပွဲသွားစရာရှိတာ၊ ဆိုင်မှာအပ်လို့ မမီတော့ဘူး။ ဒါကြောင့် ရွှေ့ကို ဂျိကျပြီး အကူအညီတောင်းရတာ''

''သူက အင်္ကျီလည်း ချုပ်တတ်တာပဲလား''

''အေး''

''တခြားရော ဘာတတ်တော်မှုသေးလဲ''

ဒီစကားကတော့ ရွှဲပြီး မေ့မေးတာပါ။ ဒါကို မရွှေယမုန်က အကောင်းထင်ပြီး ဖြေပါတယ်။

''ဖာထိုး၊ ပန်းထိုး၊ သိုးမွေးထိုး၊ စီးကွင့်ထိုး၊ တက်တင်း အကုန်တတ်တယ်''

''တော်တော့။ ရွှဲ့မေးတာ အကုန်လာဖြေမနေနဲ့''

''မကုန်သေးဘူး''

''မကုန်သေးလည်း မပြောနဲ့။ သူ့မို့ ဒါတွေ အားအားယားယား အကုန်တတ်နေတယ်''

''ဟဲ့...မိန်းကလေးပဲ''

www.burmeseclassic.com

www.burmeseclassic.com



သည်။

"တော်ကြပါတော့။ ရွှေ မီးစက်ပြင်ပြီး နှိုးပေးခဲ့မယ်"

ပြောပြောဆိုဆို ရွှေက မီးလိုင်းချိန်းလိုက်၏။ ပြီး...မီးစက်ကို ဆီဖြည့်ကာ နှိုးပေးခဲ့ပြီး ပြန်ဝင်သွား၏။

"နင်က ညတည်းက ရွှေ့ကို ခေါ်အိပ်ထားတာလား"

"အင်းလေ...လာနေကျဟာကို"

"နင်တို့ ဘာလုပ်ကြလဲ"

"စကားပြောရင်း ရွှေက အင်္ကျီချုပ်တယ်"

"အင်္ကျီချုပ်တယ်"

"အင်းလေ...ဒါ ဒီည ပွဲတစ်ပွဲသွားစရာရှိတာ၊ ဆိုင်မှာအပ်လို့ မမီတော့ဘူး။ ဒါကြောင့် ရွှေ့ကို ဂျိုကျပြီး အကူအညီတောင်းရတာ"

"သူက အင်္ကျီလည်း ချုပ်တတ်တာပဲလား"

"အေး"

"တခြားရော ဘာတတ်တော်မှုသေးလဲ"

ဒီစကားကတော့ ရွဲ့ပြီး ငေါ့မေးတာပါ။ ဒါကို မရွှေယမုန်က အကောင်းထင်ပြီး ဖြေပါတယ်။

"ဇာထိုး၊ ပန်းထိုး၊ သိုးမွှေးထိုး၊ စီးကွင့်ထိုး၊ တက်တင်း အကုန်တတ်တယ်"

"တော်တော့။ ရွဲ့မေးတာ အကုန်လာဖြေမနေနဲ့"

"မကုန်သေးဘူး"

"မကုန်သေးလည်း မပြောနဲ့။ သူ့မို့ ဒါတွေ အားအားယားယား အကုန်တတ်နေတယ်"

"ဟဲ့...မိန်းကလေးပဲ"

www.burmeseclassic.com

www.burmeseclassic.com



"နင်ကရော မိန်းကလေး မဟုတ်လို့လား"

ယမုန် လျှာလေးတစ်လစ်ထုတ်ကာ ခေါင်းပုသွား၏။ လျှော့တော့ မလျှော့သေး။

"နင်ကိုက အဆန်းမဟုတ်တာ အဆန်းထင်နေတာကို။ ရွှေက ဒီလိုပဲ ကြီးပြင်းလာတာ။ ငါကလည်း ဒီလိုပဲ ကြီးပြင်းလာတာ။ နင်လည်း နင့်မိဘစရိုက်၊ အသိုင်းအဝိုင်းနဲ့ နင် ကြီးပြင်းလာတာ။ ဒါဘာဆန်းလဲ။ လူတွေက ဘဝတွေတူကြတာမှ မဟုတ်တာ။ ဖြစ်စဉ်ချင်းတော့ တူနိုင်ပါ့မလား။ အလကားနေအလကား သူများတော်တာ တတ်တာ မနာလို ဖြစ်နေတယ်"ဟု တိုးတိုးကပ်ပြော၏။

နေ့လည်စာကို ရွှေ ချက်ကျွေးသမျှ အားရပါးရစားကြ၊ စကားပြောကြ၊ ရယ်မောကြပြီး ညနေကျတော့ မရွှေယမုန်က ရွှေ ချုပ်ပေးသော အင်္ကျီလှလှလေးကိုဝတ်ကာ ရွှေ ပြင်ပေးသော မိတ်ကပ်ဖျော့ဖျော့လေးနှင့် သူမသွားလိုရာကို ရွှေပြည့်စိုးက ကားမောင်းပို့ခဲ့ရသည်။

အိမ်ရောက်တော့ မေမေက...

"ဘယ်လိုလဲ...အဆင်ပြေလား"

"အခြေအနေအရပ်ရပ်ကတော့ သားဘက်မှာမရှိဘူး မေမေ"

"ဟဲ့...ဘာအခြေအနေတွေက သားဘက်မှာ မရှိတာလဲ"

"သားထင်ထားတာထက် သားလိုချင်တဲ့ အခြေအနေတွေနဲ့ လွဲချော်နေတဲ့အခြေအနေတွေကို တွေ့နေရတယ်"

"မြတ်စွာဘုရား...။ ဘာတွေတုန်း"

မေမေက မထိတ်သာမလန့်သာ ရင်ဘတ်ဖိမေး၏။

"ဘာမှ မဟုတ်သေးဘူး မေမေ။ ဖြစ်ဆဲအခြေအနေတွေ ရပ်တန့်သွားမှပဲ မေမေ့ကို ပြောပြတော့မယ်"

www.burmeseclassic.com

www.burmeseclassic.com


မေမေလည်း သူ့ကို ဘာမှထပ်မပြော၊ မမေးတော့ချေ။ နားမလည်နိုင်သလိုကြည့်ကာ သူ့သမီးနှင့် တွတ်ထိုးနေလေသည်။

ခဏနေကျတော့ ယမုန်ဆီ ဖုန်းဆက်ကြ၏။ ယမုန်မရှိ။ နောက်ထပ် ခေါ်ဖြစ်လား၊ သူတို့ ဘာတွေပြောဖြစ်ကြလဲ သူမသိ။ သိလည်း မသိချင်သေးပါ။ သူသိချင်နေတာတွေက တခြားမဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com


သိပ်ချစ်ကြတဲ့ သူငယ်ချင်းတွေဆိုတော့လည်း ရွှေပြည်စိုးနှင့် အိုင်းစတိုင်းတို့သည် အိုင်းစတိုင်း မပြန်ခင်တစ်ရက်မှ ပြန်၍ အဆက် အသွယ်ရကာ တွေ့ကြ၏။ အိုင်းစတိုင်းက...

"မင်းက ဖုန်းဆက်ရင် ဖုန်းဖိုးကုန်မှာစိုးလို့လား။ ဒါမှမဟုတ် မင်းဘက်ကနေ ငါ့ကို စဆက်သွယ်ရင် မင်းနှမပေးရမယ်လို့များ ငါပြော ထားမိခဲ့သလား"

အိုင်းစတိုင်းပြောမည်ဆိုလည်း ပြောစရာပင်။ ရွှေပြည်စိုးဆိုသော သူ့ကိုယ်၌က သူငယ်ချင်းတွေကို တော်ရုံတန်ရုံစဆက်သွယ်ဖြစ်တာ ရှားသည်။ အကောင်းဆုံးဆင်ခြေတစ်ခုကို ပေးပါဆိုလျှင်တော့ သူ့အလုပ် သိပ်များနေလို့ပါဟုသာ ပြောရန်ရှိတော့သည်။ ဒါမျိုးဆိုတာက 'ယမုန်'တို့ လောက်ကိုသာ ပေးလို့ရမည့် ဆင်ခြေမျိုး။ အိုင်းစတိုင်းကိုကျ အဲဒီလို သွားပြောလျှင် ဆဲခံရမှာ သေချာသည်။ ဒီတော့ ဉာဏ်ရောင်စုံလေးများ ကို မရှိမဲ့ ရှိမဲ့ လွှာသုံးရတော့သည်။


www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါ"

"ဘာဆင်ခြေပေးမလို့လဲ"

"မင်းမှတ်မိလား။ မင်းရောက်ခါစက မင်းနဲ့ငါ Excellentမှာ ထိုင်တုန်းက Tao အကြောင်းတွေ ကြိုးကြိုးကျယ်ကျယ် လျှောက်ပြောနေတဲ့ ကောင်မလေးလေ..."

"အင်း...အဲဒါဘာဖြစ်လဲ"

"အဲဒီကောင်မလေးက ယမုန်သူငယ်ချင်း"

အိုင်းစတိုင်းက မျက်မှန်ကိုဖြုတ်ကာ မျက်လုံးကို တမင်ပြူးကြည့်၏။

"အဲဒါနဲ့ မင်း ငါ့ကို ဖုန်းမဆက်တာနဲ့ ဘာဆိုင်လို့လဲ။ Tao နဲ့ Physics တွဲလို့ရတယ်၊ ယမုန်သူငယ်ချင်းနဲ့ ငါ့ဖုန်းက ဘာမှမဆိုင်ဘူး"

"ဆိုင်တာကို ပြောမယ်"

"ပြော..."

"သူနဲ့ ထပ်ထပ်တွေပြီး ခင်သွားတယ်"

"အဲဒါ ဘာဖြစ်လဲ"

"သူ့ကို ငါ စိတ်ဝင်စားနေပြီ"

"ဘာဆိုင်လဲ"

"ဆိုင်တာပေါ့...။ ဒီတော့ သူ့ဆီသွား။ သူ့ကို လေ့လာနဲ့ မင်းကို မေ့နေတာပေါ့"

အိုင်းစတိုင်းမျက်နှာက 50% တော့ လျော့ကျသွားပြီ။ သိပ်တော့လည်း ယုံချင်ပုံ မရသေး။

"စိတ်ဝင်စားတယ်ဆိုတဲ့ အဓိပ္ပါယ်လေးကို ရှင်းပြပါဦး"

အိုင်းစတိုင်းအမေးက အတည်လား အရွဲ့လား မသိ။ ဒါပေမဲ့

www.burmeseclassic.com

www.burmeseclassic.com



ခုချိန်မှာ မပြောဘဲ ရှုချင်ယောင်ဆောင်နေလို့ မရတာတော့ သိသည်။

"ဟိုကွာ…စိတ်ဝင်စားပါတယ်ဆိုမှ interest ဖြစ်တာပေါ့ကွာ"

"ဖော့ကောင်၊ မင်းကို ငါ ဘာသာပြန်ခိုင်းနေတာ မဟုတ်ဘူး"

"ကွာ"

ရွှေပြည်စိုး စိတ်ညစ်သွားသည်။ စိတ်ထဲမှာလည်း သူ့ကို တစ်မျိုး 'ရစ်'တတ်သော အိုင်းစတိုင်းနှင့် ယမုန်ကို ပေးစားချင်သွားမိသည်။

"ကဲကွာ…စိတ်ဝင်စားတယ်။ ပြီးတော့ ကြိုက်ချင်တယ်၊ ချစ်ချင်တယ်။ ဒီတော့ ဖြစ်နိုင်မဖြစ်နိုင် လေ့လာတယ်။ ဒါပဲကွာ"

ဒီတော့မှ အိုင်းစတိုင်းက ရယ်၏။

"ချစ်ပြီဆိုမှတော့ ဘာမှဖြစ်နိုင်မဖြစ်နိုင် လေ့လာစရာမလိုတော့ဘူး ငှက်စုတ်ရဲ့"

အိုင်းစတိုင်းက သူ့ကိုယ်သူ အချစ်ပညာရှင်ကြီး တစ်ယောက်လိုလို ပြော၏။ ရွှေပြည်စိုးကတော့ ခေါင်းကို တွင်တွင်ခါ၏။

"မဟုတ်သေးဘူး"

"ဘာမဟုတ်တာလဲ။ မင်းက ဘာသိလို့လဲ"

"မင်းကရော ဘာသိလို့လဲ"

"မင်းထက်တော့ သိတယ်ကွ။ မင်းဟာက ချစ်ဖို့လေ့လာနေတာ မဟုတ်ဘူး။ ချစ်ပြီးနေပြီ။ ဒါ မင်းစိတ်ထဲက ချစ်ပြီးနေတာ။ လေ့လာနေတာက မင်းအတွက်နဲ့ လေ့လာနေတာ"

"ဟုတ်ပါပြီ…ငါအတွက်နဲ့ပဲ ထားပါတော့"

"မထားပါဘူး ဟုတ်ပါတယ်။ မင်းအကြောင်း ငါအသိဆုံးပါ။ ကဲ…ပြောပါဦး။ အဲဒီကောင်မလေးအကြောင်း"

"နာမည်က ရွှေပစ္စုပ္ပန်၊ သူ့အစ်ကိုက မင်းအမျိုးပဲ"



www.burmeseclassic.com

www.burmeseclassic.com


"မိုးတောင် ငြိမ်းလာသလိုပဲ"

အိုင်းစတိုင်းက ပခုံးတွန့်ကာ ပြော၏။

"သူ ခု ဒုတိယနှစ် ဂုဏ်ထူးတန်း အင်္ဂလိပ်စာ အဓိက တက်နေတယ်"

"အင်း...ဟုတ်ပြီ၊ ယမုန်နဲ့ တူတူပဲ"

"အင်း အဲဒါပဲ တူတာ၊ ကျန်တာ ဘာမှမတူဘူး"

အိုင်းစတိုင်းက မျက်မှောင်ကြုတ်ကာ...

"မင်းက ဘာတူချင်သေးလို့တုန်း"

"မဟုတ်ပါဘူး။ သူက အီးမေဂျာအော်နာတန်းသာ တက်နေတာ LCCIကို Group Diploma နှစ်ခု ရထားတယ်။ Accounting (စာရင်းကိုင်)နဲ့ Management (မန်နေဂျာ)"

"အင်း"

"ကွန်ပျူတာ ပရိုပရမ်လည်း ကောင်းကောင်းရေးနိုင်တယ်"

"အင်း"

"ဖလော်ဆော်ဖီစာအုပ်တွေ ဖတ်တယ်"

"အင်း"

"စက်ပစ္စည်း ကိုင်တွယ်တပ်ဆင်တာ ကျွမ်းတယ်"

"အင်း"

"ဘောလုံးပွဲ ဝါသနာပါတယ်"

"အင်း"

"အချက်အပြုတ် အချုပ်အလုပ်လည်း ရတယ်"

"အင်း"

"ပြင်သစ်ရုံးမှာ ပြင်သစ်ဘာသာ Diploma လည်း ရနေတာမယ်


www.burmeseclassic.com

www.burmeseclassic.com



တဲ့။ ခု လက်ရှိ အမြင်မှာ အီတာလျံစကား သင်နေတယ်တဲ့''

''မိုက်တာပေါ့''

''မင်းက မိုက်နေ၊ ငါက အဲဒါ စိတ်ညစ်တာ''

''ဒါတောင် ငါသိတာပဲရှိသေးတယ်၊ ငါမသိတာတွေ ရှိဦးမှာ''

''ရှိတော့ ကောင်းတာပေါ့''

''မကောင်းဘူး''

''ဟ...ဘာလို့လဲ''

''အဲဒါတွေ ငါတစ်ခုမှ မတတ်ဘူးလေ''

''စောက်ရူး''

အိုင်းစတိုင်းက ပြစ်ပြစ်နှစ်နှစ်ကို ဆဲ၏။ ပြီး...

''မင်း ရူးနေလား။ သူက ပညာရပ်တွေကို စိတ်ဝင်စားတဲ့သူ။ ငါတို့လိုပဲ မင်း ဆန်းနေတဲ့ သူ့အရည်အချင်းတွေ ငါ့အတွက် တစ်ခုမှ မဆန်းဘူး။ မင်းက စီးပွားရေးသမား အောင်မြင်အောင် လုပ်နိုင်တဲ့သူ။ တစ်လမ်းစီပဲ။ ဘာမှမဆိုင်တာကို အတွေးကြောင်မနေနဲ့''

ရွှေပြည်စိုး ငြိမ်သွား၏။ ပြီးမှ...

''ယမုန်နာကလည်း ငါ့ကို အဲဒီလိုပြောဖူးတယ်''

''အေးလေ...ပြီးတာပဲ။ အဲဒါ ဘာဖြစ်လဲ''

''ငါဖြစ်ချင်တာ ငါ့စိတ်ကူးထဲမှာ ရှိခဲ့တာတွေက အဲဒီလို မဟုတ်ဘူး''

''ဘယ်လိုလဲ''

''ငါချစ်သူဟာ ငါ့ကို အားကိုးရမယ်၊ လေးစားရမယ်၊ ငါ့အရည်အချင်းတွေကို အထင်ကြီးရမယ်။ သူ့ရဲ့အောင်မြင်မှုတိုင်းဟာ ငါ အမြဲတောင် မြှောက်ပေးလို့ ဖြစ်လာတဲ့ အသီးအပွင့်တွေ ဖြစ်ရမယ်''

www.burmeseclassic.com

www.burmeseclassic.com



"ဟား...ဟား...ဟား"

အိုင်းစတိုင်းက အသံခြောက်ကြီးနှင့် လျောင်ရယ် ရယ်၏။

"သွား...။ မင်းတုန်းမင်းရဲ့ အုတ်ဂူထဲ လိုက်ပစ်ထည့်ထားလိုက်။ အဲဒီအတွေးအခေါ်တွေကို"

"အေး...။ ယမုန်ကလည်း မန္တလေးကျုံးရေထဲ ပစ်ချလိုက်လို့ ပြောဖူးတယ်"

မင်းနဲ့ယမုန်က လိုက်တယ်လို့တော့ မပြောလိုက်ရပါ။

"ဒီမှာ ရွှေပြည်စိုး"

"ပြောပါ"

"အဲဒီ မဟာဖိုဝါဒယောင်ယောင် မင်းရဲ့ ရွှေရည်စိမ်အတွေ့တွေကို မီးရှို့ပစ်လိုက်စမ်းပါ။ ဘာအဓိပ္ပါယ်မှ မရှိဘူး။ ဒီခေတ်မှာ ယောက်ျားနဲ့မိန်းမ ရင်ဘောင်တန်းတဲ့နေရာမှာ တန်းကုန်ပြီ၊ ငါတို့မြန်မာပြည်မှာမို့ မိန်းကလေး က အိမ်ထောင်ဦးစီးလင်ယောက်ျားကို အားကိုးရတာမျိုးက တစ်မျိုးပေါ့။ မင်းလည်း မင်းအလုပ်နဲ့မင်း၊ မင်းအရည်အချင်းနဲ့မင်းပဲ။ မင်းရှာတဲ့ စီးပွားအပေါ်မှာတော့ မင်းမိန်းမက မှီခိုရမှာပဲ"

"သူက မှီခိုမယ့် မိန်းကလေးမျိုးလို့ ငါမထင်ဘူး"

"ကဲ...ဒါဆို ငါမေးမယ်"

"သူ စီးပွားရေး ဘာလုပ်တတ်လဲ"

"ဘယ်သိမလဲ၊ မလုပ်တတ်ဘူးလို့တော့ လုံးဝမပြောနိုင်ဘူး၊ ငါမသိ တာပဲဖြစ်မှာ"

"ဒါကတော့ မိန်းကလေးပဲကွာ၊ စီးပွားမရှာတတ်တော့ ဘာအရေး လဲ"

ရွှေပြည်စိုးက ဘိုစကားကြောင့် 'လက်ဖျောက်တစ်ချက်တီးကာ

www.burmeseclassic.com

ပြီးရင်း..

"ငါလည်း အဲဒီမိန်းကလေးကိစ္စပဲပြောတာ။ မိန်းမဆိုတာ..."

အိုင်းစတိုင်းက စကားမဆုံးမီမှာ လက်ကာရင်း...

"ဟိုး...ဟိုး ငါပြောတာ ပုဂံခေတ်က မိန်းကလေးမျိုးကို ပြောတာ မဟုတ်ဘူး။ ခု နှစ်ဆယ့်တစ်ရာစုထဲက မိန်းကလေးမျိုးကို ပြောတာ"

"ကျွတ်"

"ပြီးတော့...မြန်မာပြည်စံနဲ့သာ စီးပွားမရှာ ငွေမရှာ ဘာအရေးလဲ ပြောနိုင်တာ၊ သူများနိုင်ငံမှာတော့ မရဘူး ငှက်..."

"မင်းက ခုမှ ကျောင်းသွားတက်တာ နှစ်နှစ်လားရှိသေးတယ်၊ ပုံစံက ပြောင်းသွားပြီလား"

"ပုံစံပြောင်းတာ မဟုတ်ဘူး၊ International (အင်တာနေရှင်နယ်)ကိစ္စကို မင်းသိအောင် ပြောပြနေတာ။ မင်းဟာ ခေတ်မမီတာလား ဆိုတော့လည်း မဟုတ်ဘူး။ အတွေ့အကြုံမရင့်ကျက်လို့လားဆိုတော့လည်း မဟုတ်ဘူး။ အဓိကက မင်းရဲ့ အူကြောင်ကြောင်အတွေးအခေါ်နဲ့ ရွှေရည် စိမ်အတွက်ပဲ ငှက်"

နောက်ဆုံး အိုင်းစတိုင်း၏ ပစ်မှတ်က သူပြန်ဖြစ်သွားရပြန်တော့ ရွှေပြည်စိုး စိတ်ညစ်သွားသည်။

"မင်းကို ငါက အတွေ့အကြုံရှိတဲ့ လူဆိုပြီး တိုင်ပင်တာ မင်းက အားမကိုးရပါဘူး"

အိုင်းစတိုင်းက သူ့ကိုကြည့်ကာ (ထောင်ချောက်ထဲပိတ်နေသော သနားစရာငှက်တစ်ကောင်ကို ကြည့်သလို ကြည့်ခြင်းဖြစ်၏) ပြုံးသည်။

"ဒီမှာ ရွှေပြည်စိုး"

"အင်း..."


www.burmeseclassic.com

www.burmeseclassic.com


"မင်းသိထားဖို့က အတွေ့အကြုံဆိုတာ ရှာရတယ်။ ရရင် သိမ်းဆည်းထားတတ်ရတယ်။ လိုရင် ပြန်ထုတ်သုံးရတတ်တယ်။ ငါ့မှာမှ အတွေ့အကြုံရှိတာမှ မဟုတ်တာ။ မင်းမှာလည်း ရှိတာပဲ။ ခက်တာက မင်းရဲ့ အတွေ့အကြုံကို မင်းက ရွှေချထားတာလေ"

"ဘာ..."

"ဟုတ်တယ်...ရွှေချထားတော့ အပြင်ကို မမြင်ရတော့ဘူးပေါ့ကွာ"

"ဘာမှမဆိုင်ဘူး"

"ဆိုင်တာကို ပြောမယ်။ မင်း မြင်တတ်အောင်ပဲ ကြည့်လိုက်။ အဓိပ္ပါယ်သိပ်မရှိတဲ့ အတ္တတွေကို လက်ခံမထားနဲ့။ ဒါဆို မင်း အဆင်ပြေသွားလိမ့်မယ်။ မင်း လူညံ့မှ မဟုတ်တာကွာ"

လူညံ့မှ မဟုတ်တာတဲ့။ လူတော်ပါလို့တော့ ပြောမရနိုင်တာ သေချာမနေဘူးလား အိုင်းစတိုင်းရယ်ဟု စိတ်ထဲမှ ညည်းမိသည်။ တစ်ဘဝလုံး လုပ်ချင်တာ ဖြစ်အောင်လုပ်ပြီး မာကျောခဲ့တဲ့ ရွှေပြည်စိုးခုမှ (သူတို့ပြောတဲ့ ဘာမဟုတ်တဲ့) ကောင်မလေးတစ်ယောက်နဲ့ကျမှ ဘာလို့ စိတ်ကျရောဂါတွေဝင်နေရတာလဲ။ ကိုယ့်ဘာသာကိုယ်ပင် စဉ်းစားမရတော့။

အိုင်းစတိုင်းက...

"မင်းထင်ရာတွေတော့ စွပ်လုပ်မနေနဲ့။ ငါ မနက်ဖြန် ပြန်မယ်။ မင်းရဲ့ ခလေ့စရိုက်အတိုင်း ဖုန်းခေါ်ဖို့မေ့ရင် မေ့ထား။ ငါခေါ်မယ်။ မင်း Phone မှာ ငါ့နံပါတ်ပေါ်ရင်သာ မင်း ငါ့ကို ပြန်ခေါ်လိုက်။ ဟုတ်ပြီလား"

သူ မသက်မသာ ခေါင်းညိတ်ပြမိသည်။ ပြီး...

www.burmeseclassic.com

www.burmeseclassic.com



"အိုင်းစတိုင်း"

"ဘာလဲ"

"မင်း စာတွေ သွားကျက်နေရတာ မငြီးငွေ့ဘူးလား"

အိုင်းစတိုင်းက လူကြီးတစ်ယောက်လို ပြုံး၏။

"မင်းကော စီးပွားရေးလုပ်ရတာ မငြီးငွေ့ဘူးလား"

"မင်း မကာပ်နဲ့"

"ဩော်...ငါ့ကျတော့ မကာပ်နဲ့တဲ့။ မင်းမေးတာကရော ဟုတ်လို့ လား"

"ငါက တကယ်သိချင်လို့ မေးတာ"

"ကျွတ်...ထပ်ပြောရရင် ဒါတွေပဲပြန်လာမယ်။ ဒီမှာ ငှက်။ လူဆိုတာ သူ့ဘဝနဲ့သူလာတာ။ ဗုဒ္ဓဘာသာအရဆိုရင် သူ့အတိတ်ကံနဲ့ သူလာတာ။ ငါ့မှာက ပညာရှာဖို့ပါရမီ ပါလာတယ်။ ရွှေပစ္စုပ္ပန်ဆိုတဲ့ မိန်းကလေးလည်း ဒီလိုပဲ။ မင်းမှာက စီးပွားရှာဖို့ပါရမီ ပါလာတယ်။ အဲ...ဒီလိုပဲ လူတိုင်းဟာ သူ့ပါရမီနဲ့ သူလာတာ။ ဒီတော့ ငါဝါသနာပါတာ ငါလုပ်နေရရင် ငါပျော်တာပဲ။ မင်းကို လုပ်ခိုင်းရင် မင်း ပျင်းမှာပဲ။ ငါ့ကို စီးပွားရေးလုပ်ဆိုလည်း ငါပျင်းမှာပဲ။ ဒါကို ငါ့လာပြီး စီးပွားမရှာ တတ်လို့ ညံ့တယ်ဆိုရင် ငါခံမှာပဲ။ မင်းကိုသွားပြီး ပညာမရှာလို့ ညံ့တယ် ဆိုလည်း မင်းခံရုံပဲ။ ဘာမှ မတတ်နိုင်ဘူး။ အိုင်းစတိုင်းဟာ သိပ္ပံပညာ ရှင်ဖြစ်ဖို့ မွေးလာသလိုပဲ၊ အဲလ်ဗစ်ပရက်စလေဟာ အနုပညာသမား ဂီတသမားဖြစ်ဖို့ မွေးလာတာ။ အိုင်းစတိုင်းကို သီချင်းမဆိုတတ်ရကောင်း လားလို့ ဘယ်သူကမှ လက်ညှိုးထိုး အပြစ်မတင်ဘူး။ ပရက်စလေကို လည်း နယူကလီယအကြောင်း မသိရကောင်းလားလို့ ဘယ်သူမှ အပြစ် မတင်ဘူး။ ဒါပဲ...။ သူတို့ လမ်းမတူကြဘူး။ နားလည်လား"



www.burmeseclassic.com

www.burmeseclassic.com


"အင်း...ဒါပေမဲ့"

"ဘာ...ဒါပေမဲ့လဲ"

"အိုင်းစတိုင်းက ပရက်စလေကို စိတ်မဝင်စားဘူး မချစ်ဘူးလေ"

"သေစမ်း"

ရွှေပြည်စိုး၏ စကားကြောင့် အိုင်းစတိုင်း ဆံပင်ဖွာဖွာများ အုပ်ဝဲနေသော သူ့နှဖူးကို ဖျန်းခနဲနေအောင် ရပ်ပစ်လိုက်ပြီး ပါးစပ်ကို ပိတ်ထားလိုက်တော့သည်။

အိုင်းစတိုင်း အတွေ့အကြုံအရတော့ . . .
ရွှေပြည်စိုးလို လူသည်
ဟောရင်း . . . ဟောသူက ပွဲလွှန်တော်မူမည့် လူမျိုး။
သူကတော့
တရားရမှာ မဟုတ်တာ
သေချာသည်။

❀❀❀

www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ ယမုန်နှင့်ရွှေ ရှော့ပင်ထွက်ကြသည်။ ရန်ကင်းစင်တာ၊ ယုဇနပလာဇာ၊ စူပါဝမ်း၊ မိုလ်ချုပ်ဈေး။ ရွှေက ကားမောင်းရသူမို့ ယမုန့်ကို...

"ယမုန်"

"ရွှေပုစွန်မှာ အအေးတိုက်ကွာ"

"အိုကေလေ"

ထုံးစံအတိုင်း အိုကေနေသော မယမုန်က ဆိုင်မှနေ ရွှေပြည်စိုးကို လှမ်းခေါ်၏။ ဟိုကလည်း အတော်မလာချင်ပုံ ပေါ်၏။ ဆယ်မိနစ်ပင် မစောင့်ရ၊ ရောက်လာသည်။

"ဘယ်က လာတာလဲ"

"ရှော့ပင်ထွက်တာ"

"ဘာတွေရခဲ့လဲ"

"အစုံပဲ"

www.burmeseclassic.com

www.burmeseclassic.com


"ရွှေ"

ယမုန်နှင့်ပြောနေရာမှ ရွှေ့ကို ခေါ်သဖြင့်...

"ပြော"

"ကျွန်တော်တို့ဆိုင်ကို ရောက်ဖူးလား"

"ဘာလဲဟင်။ ဝတ်ရည်စိုး ဖက်ရှင်ဟောက်စ်ကိုလား"

"အင်း"

"ဟင့်အင်း မရောက်ဖူးဘူး"

"ဖိတ်ပါတယ်"

ယမုန်က ထိုစကားကြောင့် ရယ်ဟာဟာနှင့်...

"ဖိတ်တယ်တဲ့ ရွှေရဲ့။ ဖိတ်တုန်း သွားရအောင်။ ဒီကပြန်ရင် သွားမယ်လေ။ အတော်ပဲ ရွှေ...။ အဖြူရောက်စကာဒ်တစ်ထည်လိုချင်လို့ ရှာနေတာ စိတ်တိုင်းမကျသေးတာနဲ့"

ရွှေပုစွန်က ထွက်တော့...

"ဘာနဲ့လာတာလဲ။ ယမုန် ကားပါလား"

"ဟင့်အင်း ရွှေ့ကား ပါတယ်။ ရွှေမောင်းလာတာ။ ယမုန်တို့ နောက်ပဲ လိုက်ခဲ့မယ်။ သွားနှင့်"

သွားနှင့်ဆိုသော်လည်း မသွားပါ။ ရွှေ ကားကို လုပသေသပ်စွာ မောင်းထွက်သွားတာကို ရပ်ကြည့်ပြီးမှ နောက်က မောင်းလိုက်လာခဲ့သည်။

ဆိုင်ရောက်တော့ ဝတ်ရည်၏ အပိုင်းကဏ္ဍဖြစ်သွားပြီမို့ လွှတ်ထား လိုက်၏။ သူတို့ ရေပက်မဝင် စကားပြောကြ၊ ပစ္စည်းပြကြ၊ ရွေးကြ၊ ငွေချေကြနှင့်။ ပြီးမှ...

"ကျွန်တော် ရွှေ့ကို အကူအညီတောင်းချင်လို့"


www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ"

"ကျွန်တော့်လုပ်ငန်းက စာရင်းအချို့ကို ကူကြည့်ပေးလို့ ရမလား လို့"

ရွှေရော ယမုန်ပါ အားတုံ့အားနာဟန်ဖြင့် ပြုံး၏။ အားမနာရသော ယမုန်ကတော့…

"ဟဲ့…ရွှေက နက်ဖြန်ဆို မအားတော့ဘူး"

"ဘာလို့လဲဟင်"

"မနက်ဖြန် ရွှေနဲ့ သူ့အစ်ကိုရဲ့ အလှမွေးငါးနဲ့ အိမ်မွေးဟိရဏ္ဏာန် ဆိုင်ဖွင့်မယ်လေ"

"ဟင်…ဟုတ်လား"

"ဟုတ်တယ်…။ ဒါကြောင့် ရွှေလည်း အားနာသွားတာ"

"အာ…မဟုတ်ပါဘူး။ ကျွန်တော်က အားနာရမှာပါ"

"ဆိုင်အတွက် စီစဉ်တာ ကြာပြီ။ ကိုကိုက ဖူမေဂျာနဲ့ ကျောင်းပြီး ထားတာ ကြာပြီလေ။ သူက ငါးမွေးတာဝါသနာ ပါတယ်။ ရွှေလည်း ဝါသနာပါတယ်။ ဒီတော့ အိမ်မှာ အလှမွေးရင်း သားဖောက်ရင်း ကျွမ်းကျင်သွားတော့ စီးပွားဖြစ်လုပ်လိုက်ကြတာ"

ရွှေပြည်စိုးကတော့ ရွှေ့စကားကို နားထောင်ရင်း တိုင်နဲ့ခေါင်းနဲ့ ပြေးဆောင့်ချင်စိတ်တွေ ပေါ်နေရသည်။ ဒါကြောင့်ပဲ ဟိုနေ့က အိုင်းစတိုင်း ကို ငါမသိတာ နေမှာလို့ စကားခံခဲ့ရတာပေါ့။

ဝတ်ရည်က…

"ဟင်…ဒါဆို ဝတ်ရည်တို့ကိုကော စာသင်ဦးမှာလား"

"အင်း…ဒါတော့ ရတယ်။ မနက်ရှစ်နာရီအချိန်ကို ပြောင်းပြီး ဆယ်နာရီထိ သင်မယ်လေ။ ပြီးမှ ဆိုင်သွားမယ်။ ညနက်ကျရင်လည်း



www.burmeseclassic.com

www.burmeseclassic.com



အီတာလျံတက်ဖို့က ရှိသေးတယ်။ ကျောင်းပိတ်ထားလို့...။ ကျောင်းပြန်ဖွင့်ရင် ဆိုင်နဲ့ကျောင်း ပြေးရဦးမှာ"

နှင့် ဘယ်သူက ရိုက်ခိုင်းနေလဲလို့ စိတ်ထဲမှာ မေးချင်စိတ်ကို ရွှေပြည်စိုး ကြိတ်ဖျောက်နေရသည်။ အပြင်ပန်းကတော့ ပြုံးလိုက်ရင်း...

"အိုကေ...ဒါဆို ရွှေ့ရဲ့ဆိုင်အတွက် ကွန်ဂရက်ကျူလေးရှင်းလုပ်တဲ့အနေနဲ့ရော ရွှေနဲ့ အားလပ်ရက်နောက်ဆုံးနေ့အဖြစ်နဲ့ရော ဒီညစာကို ကျွန်တော် ဧကျွေးချင်တယ်"

"အာ...မဟုတ်တာ"

"ဟုတ်ပါတယ်...ဒါတော့ လက်ခံပါ။ ယမုန်"

"ပြော..."

"ခု ပြန်နားကြဦး။ ညနေကျရင် ငါလာခေါ်မယ်။ ရွှေ ကျွန်တော် လာခေါ်မယ်နော်"

ဖြစ်ချင်တာ ဖြစ်အောင်လုပ်တတ်သော ဆန္ဒအခံလေးနှင့်တော့ ရသည့်အခွင့်အရေးကို ရအောင်ယူပစ်လိုက်သေးသည်။ တကယ်တော့ အလှမွေးငါးရှောက်အရောင်းဆိုင် ဖွင့်ဖို့ဆိုတာ သူစဉ်းစားခဲ့သော ကိစ္စမဟုတ်လား။ ခု ရွှေတို့က အလှမွေးငါးနှင့်ပါ တွဲဖွင့်မတဲ့။ တရုတ်ပညာရပ်တစ်ခုအရ စတိုးဆိုင်ကြီးငယ်များတွင် အလှမွေးငါးထားသော အလေ့က ခုတလော ခေတ်စားလာနေသည့်အပြင် ဂမ္ဘီရငါးခေါ် Lucky fish များကလည်း အတော်လေး ဈေးကွက်ဝင်နေသည် မဟုတ်လား။

ခုတော့ သူ့အကြံ လူဦးသွားလို့ ခံရခက်တာအပြင် ထိုအကြံကို ဦးသွားသူက ရွှေပစ္စုန်ဖြစ်နေလေတော့ ရွှေပြည်စိုးအဖို့တော့ မိအေးသော်ခါ နာသူပမာ ခံစားနေရလေသည်။

ညကျတော့ ရွှေပြည်စိုးနှင့်အတူ ဝတ်ရည်ပါ ပါလာသည်။ စားကြ

www.burmeseclassic.com

www.burmeseclassic.com



သောက်ကြရင်း ရွှေပြည့်စိုးက...

"ရွှေ"

"ဟင်"

"ရွှေ ကျွန်တော်နဲ့ အလုပ်စပ်တူ တစ်ခုခုမလုပ်ချင်ဘူးလား။ ဥပမာပေါ့...ရွှေတို့ အလှမွေးတိရစ္ဆာန်အရောင်းဆိုင်နားမှာ ကိုယ်က တိရစ္ဆာန်ဆေးရုံ လာဖွင့်တာမျိုး"

အမှတ်တမဲ့မို့ ဝတ်ရည်ရော၊ ယမုန်ရော၊ ရွှေရော သူ့ကို တအံ့တဩ ကြည့်ကြသည်။ ပြီးမှ ရွှေက...

"တိရစ္ဆာန်ဆေးရုံဖွင့်မယ့်အကြံက အရမ်းကို ကောင်းပါတယ်။ ဒါပေမဲ့ ရွှေနဲ့တော့ စပ်တူမလုပ်နဲ့"

"ဘာလို့လဲ"

"ရွှေက စီးပွားရေးဝါသနာမပါဘူး"

"ဝါသနာမပါဘူး။ ဟုတ်လား..."

ရွှေပြည့်စိုးအသံက ငေါ့တော့တော့လေသံဟုပင် စွပ်စွဲလျှင် ရနိုင်သည့် အသံမျိုး။ သို့သော် ရွှေက စိတ်မဆိုး။

"ဟုတ်တယ်...ဝါသနာမပါဘူး။ ခုဟာက ကိုကိုလုပ်တာ ကူရင်းကြည့်ရင်း ကျွမ်းကျင်သွားလို့ကော အိမ်ရဲ့စီးပွားရေး အသစ်တစ်ခုအနေနဲ့ရော ကူလုပ်ပေးတာ။ ရွှေဘာသာ ရွှေ လုပ်ချင်လို့ လုပ်တာမဟုတ်ပါဘူး။ ရွှေက ပညာပဲ သင်ချင်တာ"

"ပညာတတ်ကိုပဲ အထင်ကြီးတယ်ပေါ့"

ရွှေပြည့်စိုး၏ ရင်ထဲက ပေါက်ပွားထွက်သွားသော စကားကြောင့် ရွှေက အံ့သြသွားသလို ဝတ်ရည်က ဝင်ဟန့်ပြီး ယမုန်က ဖြေပြောဝင်ပြောပေး၏။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"ဟာ...ကိုကို့စကားကလည်း"

"နင့်ဟာကလည်း ရွှေပြည်စိုးရယ်။ ရွှေက ဘာပြောမိလို့တုန်း"

သုံးယောက်တစ်ယောက်မို့ အရေးနိမ့်နေတာ သေချာသော်လည်း လွယ်လွယ်နှင့်တော့ မလျှော့ချင်သေး။ ထို့ကြောင့်...

"ဆောရီး...။ ကျွန်တော်လောသွားတယ်။ စကားလုံးလှအောင် ဘယ်လိုလုပ်ပေးရမလဲ"

ရွှေက ပြုံး၏။

"ဘယ်လိုမှ မမေးပါနဲ့ ရွှေပြည်စိုးရယ်...။ ရွှေ နားလည်ပါတယ်။ ရွှေဆိုလိုတာက အဲဒီသဘော မဟုတ်ပါဘူး။ ရွှေ စကားမှားခဲ့ရင် ရွှေပဲ တောင်းပန်ပါတယ်"

"မမှားပါဘူး မမ"

"မမှားဘူး၊ ဘာမှမမှားဘူး"

ဝတ်ရည်နှင့်ယမုန်က ဝင်ပြော၏။ ရွှေက သူတို့ကို လက်ကာရင်း..

"ရွှေ အဲဒီစကားကို မာနနဲ့ပြောတာ မဟုတ်ဘူး။ ရွှေအသုံးမကျတဲ့ဘက်မို့ ပြောပြတာပါ"

စကားဝိုင်းက ခေတ္တတိတ်ဆိတ်သွား၏။

အတော်ကြာမှ ရွှေကပင် ဆက်ပြောသည်။

"နေ့လည်က စာရင်းကိစ္စ ရွှေ မကူနိုင်တာ၊လည်း ခွင့်လွှတ်ပါ။ ရွှေက မအားတော့တဲ့အပြင် ရွှေမှာ စာတွေ့ပဲ ရှိတယ်၊ ရွှေ စာပဲပြန်သင် ပေးတတ်တယ်။ တကယ့် စာရင်းအင်းအတွေ့အကြုံမရှိလို့ မကူညီနိုင်တာ ပါ။ အဲဒါလည်း တောင်းပန်ပါတယ်"

"အာ...ရပါတယ်။ ကျွန်တော်က တောင်းပန်ရမှာပါ။ ရွှေရဲ့

www.burmeseclassic.com

www.burmeseclassic.com



အားလပ်ရက်လေး ကျွန်တော့်ကြောင့် မလှမပနဲ့ စိတ်မကောင်းဖြစ်သွားရတယ်ဆိုရင် ခွင့်လွှတ်ပေးဖို့…"

"ရပါတယ် သူငယ်ချင်းရယ်"

ရွှေက သူ့ကို သူငယ်ချင်းဟု ခေါ်လိုက်၍ ရင်ထဲ နွေးခနဲဖြစ်သွားရသည်။ ဒါပါပဲ။ ရွှေကို တစ်ဖက်က ချစ်တာသပ်သပ်၊ တစ်ဖက်က ရွှေအရည်အချင်းတွေကိုကြည့်ပြီး ခံစားနေရတာကသပ်သပ်။ သူ့ဒုက္ခနှင့်သူ။ သူ့အတ္တကြောင့်ဟု ဆိုလျှင်လည်း ခံရမည်ပင်။

ရွှေနှင့်သူသည် တစ်လမ်းစီသွားနေကြတာတော့ အမှန်ပင်။ သို့သော် ထိုလမ်းနှစ်လမ်းသည် ထောင့်တစ်ထောင့်မှာ ဆုံမည့်မျဉ်းတွေလား။ မျဉ်းပြိုင်တွေလားဆိုတာတော့ သူ သေချာမသိ။ သူ့စိတ်တွေ တစ်ခါတစ်ရံ မျဉ်းပြိုင်ဆန်ဆန် သွားတာတော့ သူ ဝန်ခံပါသည်။

ယူကလစ်ကတော့ အသေအချာ ပြောခဲ့သည်။

မျဉ်းပြိုင်သည် ဘယ်တော့မှမဆုံ…တဲ့။

အနန္တမှာလည်း မဆုံ…တဲ့။

သူ ဘာဆက်လုပ်ရမလဲ မသိ။

❦❦❦



www.burmeseclassic.com

www.burmeseclassic.com


ရွှေတို့အိမ်ဝကို မရောက်မီမှာပင် စန္ဒရားသံသဲ့သဲ့ကို ကြားလိုက်ရသည်။ တေးသွားက ထူးအိမ်သင်ဆိုခဲ့သော 'ဒုက္ခမြစ်'။ သို့သော်ဆိုနေသော အသံက မြန်မာလိုမဟုတ်၊ အင်္ဂလိပ်လို။

ဖျတ်ခနဲ တံခါးတွန်းဖွင့်ကာ ဝင်သွားတော့ အိမ်ရှေ့ဘက်ကို ကျောခိုင်းကာ စန္ဒရားတီးနေသော ရွှေနှင့် ဘေးတွင် ဝင်ထိုင်ကာ စည်းချက်လိုက်နေသော ယမုန်ကို တွေ့ရသည်။ အချိန်က ညရှစ်နာရီ ထိုးတော့မည်။

သီချင်းသံဆုံးတော့ ယမုန်က...

"နင်က ဒီအချိန်ကြီးမှ ဘယ်ကနေလာတာလဲ။ ဘာအကြံနဲ့လဲ"

"နင်ကရော ဘာလို့ ဒီအချိန်ထိ မပြန်သေးတာလဲ။ ဘာလုပ်နေတာလဲ"

"ငါမေးတာ နင်ဖြေပါ။ ငါက ဒီမှာအိပ်မှာ။ ဒီနေ့ ငါ ရွှေအိမ်မှာ အိပ်ရမယ့်အလှည့်။ လုပ်နေတာက သီချင်းနားထောင်နေတာ။ Bridge

www.burmeseclassic.com

www.burmeseclassic.com



over trouble water လေ။ ငါသိပ်ကြိုက်တာ။ ကဲ…နှင်ဖြေပါဦး"

"အင်း…ငါက သည်သီချင်းကြီးရဲ့ ဦးဘော့ ဖေါက်ညည်နေမကောင်းလို့ ဒီနေ့ ကျူရှင်မတက်နိုင်တာကို လာပြောတာ"

ယမုန်က မျက်နှာသေလေးနှင့် ရွှေ့ဘက်လှည့်ကာ…

"ရွှေ"

"ဘာလဲ"

"နှင့်ဖုန်း ပျက်နေလား"

"ဟင့်အင်း…ဘာဖြစ်လို့လဲ"

"ဪ…ဒါဆို ဒီကောင့်ဖုန်း ပျက်နေတာပဲဖြစ်မှာ။ ဒါများ ဖုန်းနဲ့ပြောလည်း ရရဲ့သားနဲ့၊ ခု ငါသီချင်းနားထောင်နေတာရော ရွှေ သီချင်းဆိုတာရော ခံစားချက်ပျက်တယ်"

"ဪ…ယမုန်ကလည်း။ ယမုန်နဲ့ရွှေပြည့်စိုးက တည့်လည်း မတည့်ဘူး။ ခင်လည်း ခင်ကြတယ်နော်"

"ခင်ပါဘူး"

"ခင်ပါဘူး"

ပြိုင်တူထွက်လာတာမို့ ရယ်ဖြစ်ကြ၏။ ရွှေက ရွှေပြည့်စိုးကို ထိုင်စရာနေရာပေးရင်း…

"ရွှေ ကော်ဖီတိုက်မယ်၊ သောက်မလား"

"အင်း…"

"ငါလည်း သောက်မယ်"

ရွှေအထဲဝင်သွားတော့ သူတို့ ရန်ဆက်ဖြစ်ကြ၏။

"အငတ်"

"သာသနာဖျက်"

www.burmeseclassic.com

www.burmeseclassic.com


"ဖျက်တော့ ဘာဖြစ်လဲ"

"အလကား။ ဘာမှ ခံစားချက် မရှိတဲ့လူ"

"နင်ကရော ခံစားတတ်လို့လား"

"သိပ်တတ်"

"အေး...အဲဒီတတ်တာ နောက်ထား။ စောစောက ရွှေ စန္ဒရား တီးတာ"

"ဘာလဲ မနာလိုဖြစ်ဦးမလို့လား။ ဟုတ်တယ်...တီးတယ်၊ ဆို တယ်၊ ဂစ်တာလည်း တီးတယ်"

"နင်စကားပြောတာ ကြည့်ပြော။ ငါက ရွှေ့ကို ဘာမနာလိုစရာ ရှိလဲ"

"မနာလိုမဖြစ်ရင်လည်း ချီးကျူးလေ"

"ချီးကျူးရမယ်"

"အင်းလေ...မိန်းမလည်း လာပိုးသေးတယ်၊ ဘာလက်ဆောင်မှ စားစရာမှလည်း မပါဘူး။ စကားလှလှလည်း မပါဘူး။ သူများကော်ဖီ သောက်ပြီး ပြန်ဦးမယ်။ အံ့ရော..."

ရွှေပြည့်စုံး စိတ်ညစ်သွားသည်။ ယမုန့်ကိုတော့ နိုင်ကိုမနိုင်။

"ရှူး...တိုးတိုး၊ တော်ကြာ ကြားသွားဦးမယ်"

"ကြား ဘာဖြစ်လဲ၊ နင့်ကိုက အချိုးမပြေတာ"

"ဘာလို့ မပြေရမှာလဲ။ ဒါလာ[illegible]ဘာလို့ရော နင့်ကို ဘယ်သူက ပြောလဲ"

"နင်လေ..."

"ငါ..."

"အေး...နင်ပဲပြောတာ။ နင်လိုကောင်က ဘယ်ရှုပ်ငယ်ချင်းကို


www.burmeseclassic.com

www.burmeseclassic.com


သတိတရနဲ့ တခုတ်တရ ဒီလိုအချိန် ဝင်လည်ပတ်တတ်လို့လဲ၊ လာပြောမနေနဲ့၊ ယမုန်တို့က ဒါမျိုး နောကြေနေပြီ"

ရွှေပြည်စိုး စိတ်ညစ်သွားရပြန်သည်။

"နင်က ဘယ်လိုသိရပြန်တာလဲ"

"ဟဲ့…ငါ့မှာ နင့်လိုကောင်တွေ တစ်ပုံကြီး။ ခုတောင် အဲဒီလို လာလည်မယ့် Over thirty ကြီးတစ်ယောက်ကို ရှောင်ရင်း ရှားရင်း ရွှေဆီ လာအိပ်တာ"

အစကတော့ စိတ်ပဲညစ်တာပါ။ ခုတော့ ရှက်ပါ ရှက်သွားရသည်။ ယမုန်တောင် ရိပ်မိလျှင် အကင်းပါးလှသော မရွှေဉာဏ်ကြီးရှင်ကလေး ရွှေပစ္စုန်က ဘယ်လိုလုပ် မသိ ရှိပါ့မလဲ။

"ဒုက္ခပဲ"

"ဟဲ့…ဒုက္ခမနေနဲ့ ကူရွှေရရနေစမ်း။ ခပ်တည်တည်ပေါ့။ ကြိုက် မရှက်တဲ့။ အဲလိုနေ"

"အေးပါ"

ရွှေ ထွက်လာတော့မှာမို့ ယမုန့်ကို သဘောတူလိုက်ရသည်။ ပြီးမှ သတိရပြီး…

"ယမုန်"

"နင် ထပ်ပို့မနေနဲ့နော်၊ နောက်လည်း မနောက်နဲ့"

"အေးပါဟ၊ ငါ နားလည်ပါတယ်"

ဒါမျိုးကျ ယမုန်က [illegible]းကိုးရပြန်ကောဟု စိတ်ထဲမှ မှတ်ချက် ချကာ အမှတ်ပေးထားလိုက်၏။

ရွှေ ကော်ဖီခွက်နှင့်အတူ ယမ်းယမ်းခေါက်ဆွဲပြုတ် သက်သတ်လွတ် ပန်းကန်သုံးပန်းကန်ပါ ယူလာ၏။

www.burmeseclassic.com


"ဟား...ရွှေက တော်တယ် ကြည့်စမ်း။ ရွှေပြည်စိုးက ဆာလာတာ...။ ဆာလို့ တစ်ခုခုစားရမလားဆိုပြီး နင့်ဆီ တက်လာတာ"

"ခြော် ယမုန်ကလည်း..."

"ယမုန်ပြောတာ မယုံရင် သူ့မေးကြည့်"

"မမေးတော့ပါဘူး စားပါ"

ခရမ်းရောင်ဖျော့ဖျော့၊ ပိုးသားပျော့ ညဝတ်စုံကလေးနှင့် ရွှေက အင်္ကျီကလေးကို ကပိုကရိုနိုင်လှစွာ လှနေသည်။ ရွှေ လှပုံက တစ်မျိုးဖြစ်၏။ ကြည်စင်ရှင်းသန့်၍ အမြဲလို ကျော့ရှင်းနေတတ်သော အလှမျိုး။ ယမုန်လှပုံကတော့ အနည်းငယ် အကြည့်ခါတ်လျော့သည်ဟု ခံစားရသည်။

"စားကောင်းလား"

ရွှေက မေးခြင်းမဟုတ်ပါ။ ယမုန်က မေးခြင်းဖြစ်သည်။

"အင်း..."

"ဟဲဟဲ...ဒါဆို ငါကျွေးတာနဲ့ ဘယ်သူ့လက်ရာက ပိုကောင်းလဲ"

"ရွှေ့လက်ရာ"

ချက်ချင်းပြန်ဖြေလိုက်တာမို့ ယမုန်က ဖျတ်ခနဲ လှမ်းရိုက်တာ ခံလိုက်ရ၏။

"တတ်တယ်"

အမှန်တော့ ရွှေပြည်စိုး အပိုပြောတာမဟုတ်ပါ။ တကယ်ပင် ရွှေ့လက်ရာက ပိုကောင်းနေခြင်းဖြစ်သည်။ စားသောက်ပြီးတော့ ရေနွေးကြမ်းနှင့် လက်ဖက်စားရင်း ထွေရာလေးပါး ထိုင်စကားပြောဖြစ်ကြသည်။

"ခုလည်း ပစ္စည်းတစ်ခုကို မှာသင့်မမှာသင့် ဒီမှာဈေးကွက်ဝင်မဝင် စဉ်းစားရင်း ခေါင်းရှုပ်လာလို့ ခြေဆန့်လက်ဆန့်ထွက်ရင်းရွှေ့ဆီဝင်လာတာ"

"အဖြေရပြီလား"


www.burmeseclassic.com

www.burmeseclassic.com



"စဉ်းစားတာကို ပြောတာလား"

"အင်းလေ…နင်ပဲ စဉ်းစားမရလို့ ထွက်လာတာဆို"

"အေးလေ…မရလို့ပေါ့။ ဘာလုပ်ရမလဲတောင် မသိဘူး။ ခုဟာ က ကံကြမ္မာနဲ့များ ဆိုင်သလား မသိပါဘူး"

"ဗေဒင်မေးပါလား"

ယမုန်က ပြုံးစစနှင့် ဝင်ပြော၏။

"ဟာ…ဘယ်သွားမေးရမှန်း မသိတာ။ ပြီးတော့ အချိန်လည်း ကုန်ပါတယ်ဟာ"

"အချိန်လည်းမကုန်ဘူး၊ သွားစရာလည်း မလိုဘူးဆိုရင်ကော…"

ရွှေက ယမုန်ဟု ဝင်ဟန့်၏။

"ဘာလဲ ဒီနားမှာရှိလို့လား"

"ဘယ်က ဒီနားရမှာလဲ။ ဒီမှာကို ရှိတာ"

"ဟာ…ဟုတ်လား ဘယ်သူလဲ။ ဘယ်သူက ဟောတတ်တာလဲ၊ ရွှေ့ဖေဖေလား…။ ရွှေ့အစ်ကိုလား"

ထိုအခါ ရွှေက အားတုံ့အားနာပုံလေးနှင့်…

"ရွှေ…ပါ"

"ဗျာ…"

"ဟုတ်တယ်…ရွှေ ဟောတတ်တယ်"

ယမုန်က ထောက်ခံပေး၏။

"ဘယ်…ဘယ်လို၊ ဘာနဲ့ ဟောမှာလဲဟင်။ လက္ခဏာလား၊ ဗေဒင်လား"

"အင်း…ကံကြမ္မာဖတ်တယ် ဆိုပါတော့"

ရွှေက ပြောပြောဆိုဆို ယွန်းဘူးလေးတစ်ဘူး သွားယူလာ၏။



www.burmeseclassic.com

www.burmeseclassic.com



ယွန်းဘူးလေးက အနက်ပြောင်ပြောင်လေးပေါ်တွင် ရွှေရောင် အကွက်တစ်ကွက်နှင့် အတော်လှသည်။ ဖွင့်လိုက်တော့ အထဲမှာ ဖဲချပ်လိုလို ကတ်ပြားများ။

"ဘာလဲဟင်...။ အဲဒါ တားရော့ကတ်ဆိုတာလား"

"ဟင့်အင်း...ရီချင်းကတ်တွေ။ တားရော့က 'ရ၈'ချပ် ရှိတယ်။ ရီချင်းက '၆၄'ချပ် ရှိတယ်"

"ကျွန်ုပ်တော် မကြားဖူးဘူး"

"ဒါ တရုတ်ဗေဒင်ပညာဆိုပါတော့။ ဒါပေမဲ့ သူ့မှာ ကြွယ်ဝတဲ့ နောက်ခံဒဿနတွေလည်း အများကြီးရှိတယ်။ ဒဿနပညာတစ်ခုလို့ ပြောရင်လည်း ရတယ်"

"အဲဒါကို နင်မေးချင်တဲ့မေးခွန်း ခု အလုပ်ကိစ္စ ဆိုပါတော့။ အဲဒါကို အာရုံပြုပြီး ချိုးလိုက်။ ငါဆို တစ်ခုခုဆုံးဖြတ်မရရင် ရွှေ့ဆီ ပြေးတာပဲ။ မှန်တယ်"

ယမုန်က အားတက်သရော ဝင်တိုက်တွန်း၏။ ခုချိန်မှာတော့ ကတ်တွေကိုပဲ စိတ်ဝင်စားတာလား။ ရွှေရဲ့ညှို့ချက်ကိုပဲ မိနေတာလားတော့ မသိ။ ရွှေ့ကို နည်းနည်းအထင်ကြီးသွားမိတာတော့ အမှန်။ ခါတိုင်းလို အမြင်ကပ်စိတ်လည်း ဝင်မလာ။

ရွှေက ကတ်ပြားများကိုထုတ်၊ စေ့မစေ့ရေတွက်ကာ ကုလားဖန် ထိုးရင်း သူ့ရှေ့မှာ ချပေး၏။

"တ်ချို့ကျ ကတ်မသုံးဘူး။ တုတ်ချောင်းခြောက်ချောင်းကို ခေါင်း ပန်းလို့မှတ်ပြီး ခေါက်ချလိုက်တယ်။ ပြီး တုတ်တွေရဲ့ အမှောက်အလှန် ခေါင်းပန်းကိုကြည့်ပြီး တွက်ပေးတာပဲ။ သူ့မှာ အခြေခံ (၈)ကွက်ရှိတယ်။ ကောင်းကင်၊ မြေကြီး၊ ရေကန်၊ တောင်၊ ရေ၊ မိုးကြိုး၊ မီး၊ လေဆိုပြီး...။

www.burmeseclassic.com



အဲဒါကို ပြန်တွဲတဲ့ခါ 'ဗြ' ကွက် ထွက်လာတယ်။ 'ကောင်းကင်၊ ကောင်းကင်'၊ 'ကောင်းကင်၊ ရေကန်'၊ ကောင်းကင်၊ မြေကြီး' စသည်ဖြင့်ပေါ့။ ကဲ…ရွှေပြည်စိုးသိချင်တာကို အာရုံပြုပြီး ချိုး''

သူ သွက်လက်စွာ ဖဲချိုးသလို ချိုးချပစ်လိုက်သည်။

''အိုကေ…ရပြီ''

ရွှေက ကျန်ခဲ့သောဖဲပုံလေးမှ အပေါ်ဆုံးကတ်ကို လှန်ချလိုက်၏။ ပြီး…ပြုံးကာ

''အကျိုးရှိမှာပါ…။ ထောက်ခံမှုလည်း ရလိမ့်မယ်။ ကူမယ့်လူလည်း ရှိလိမ့်မယ်။ ရော့…ဒါ လေမိုးကြိုးကတ်ပဲ။ အဓိပ္ပါယ်က တိုးပွားသွားခြင်းတဲ့''

''ဒါဆို ကျွန်တော့်အကြံ အောင်မယ်ပေါ့''

''အောင်မြင်တိုးတက်မှာပါ''

''ကျေးဇူးပဲ ရွှေရယ်…။ ကျွန်တော် စိတ်ဒုံးဒုံးကျသွားပြီမို့ ပေါ့ပါးသွားပြီ''

ကတ်ပြားများကို စနစ်တကျစီကာ ကောက်သိမ်းနေသော ရွှေ၏ ခရမ်းနုရောင်လက်သည်းလေးများကို ကြည့်ကာ တစ်ခုသတိရသွားသလို နှင့်…

''ရွှေ…''

''ဟင်''

''ရွှေက ခရမ်းရောင်ကြိုက်တယ်နော်''

''ဟုတ်တယ်''

''ခုမှ သတိရတယ်။ ရွှေကို ခရမ်းရောင်ပစ္စည်းတစ်ခု လက်ဆောင် ပေးမယ်''

www.burmeseclassic.com

www.burmeseclassic.com



''ဟာ...မလိုပါဘူး''

''အဖိုးမတန်ပါဘူး ရွှေရယ်၊ ခရမ်းရောင်လေးမို့ပါ''

''ဒီမှာ...''

ပြောပြောဆိုဆို သူ့ပိုက်ဆံအိတ်ကိုဖွင့်ကာ ဆွဲထုတ်လိုက်တော့...

''ဟား...ဟား...ဟား''

ယမုန်က အော်ကြီးဟစ်ကျယ် ထရယ်၏။ ရွှေက နှစ်နှစ်ခြိုက်ခြိုက် ပြုံး၏။ ရွှေပြည်စိုးထုတ်ယူလိုက်သော ပစ္စည်းလေးက ခရမ်းရောင် ဂျယ်လီအသည်းပုံ သကြားလုံးလေးဖြစ်နေသောကြောင့်ပင်ဖြစ်သည်။

ထိုနေ့ည ခရမ်းရောင်သည် မှည့်နေသော ဘယ်ရီသီးအရောင်နှင့် ခပ်ဆင်ဆင်တူနေခဲ့သည်။ အဓိပ္ပါယ်ကတော့ ဘာကိုဆောင်သလဲ သူမသိ။ သိလည်းမသိချင်။

ခရမ်းရောင်သည် ရွှေ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ရွှေဆောင်ရုံတွင် အလုပ်လုပ်နေသော သူငယ်ချင်းတစ်ယောက်ထံ ကြိုတင်လက်မှတ်ကိစ္စနှင့်(ဝတ်ရည်နှင့် မေမေ့အတွက်) အဝင် ဘေးမှ 'ကဖေးအေရိုးမား' ထဲတွင် ခရမ်းရောင်လေးတစ်ခုကို ရိပ်ခနဲတွေ့လိုက်ရသဖြင့် လှမ်းကြည့်မိရာ...

"ဟင်...ရွှေ"

ရွှေမှ ရွှေအစစ်။ လူတစ်ယောက်နှင့် အတူထိုင်ကာ မျက်နှာချင်းဆိုင် ကော်ဖီသောက်ရင်း တစ်စုံတစ်ရာကို ပြောဆိုဆွေးနွေးနေကြပုံရသည်။ သူတို့ရှေ့မှာလည်း ဖွင့်နေသော စာအုပ်တစ်အုပ်နှင့် စာအုပ်တချို့ရှိနေသည်။

ရွှေပြည်စိုး အကြည့်ကို လွှဲလိုက်ကာ ခေါင်းကို ခါယမ်းပစ်လိုက်သည်။ ပြီး...ငွေစာရင်းခန်းထဲတွင် ရှိနေသော သူငယ်ချင်းကို လက်မှတ်ဝင်မှာကာ...

"ကျေးဇူးပဲ ဆွေဆွေ"

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်ဟ"

"လာလေ...နင့်ကို ကော်ဖီတိုက်မယ်"

ဆွေဆွေက သူ့ကို မယုံသလို ကြည့်၏။

"Aroma မှာ..."

"အေးလေ...လာ"

ဆွေဆွေ့ကိုခေါ်ပြီး ဆိုင်ထဲဝင်နှင့်ဟုဆိုကာ သူ့ကားဆီ ပြန်လာခဲ့၏။ ပြီး...အတော်အကြည့်ရဆိုးပြီး တပ်လိုက်လျှင် လူကို ရုပ်ဆိုးပုံပျက်သွားစေသော ဖေဖေပို့ထားသည့် မျက်မှန်ကို ကားဒက်ရှ်ဘုတ်ထဲမှ ဆွဲထုတ်ကာ တပ်လိုက်သည်။ ကိုင်လေ့ရှိသော အိတ်ထဲမှ ပိုက်ဆံတချို့ကို ဆွဲထုတ်ကာ အင်္ကျီအိတ်ထဲထည့်၏။ ပြီး...သေသပ်စွာ လက်ချဝတ်ထားသော ရှပ်လက်ရှည်ကို လက်ကြယ်သီးဖြုတ်ကာ ကပိုကရိုခေါက်တင်လိုက်သည်။

Cafe Aroma ထဲပြန်ပြီး ဆွေဆွေ့ရှေ့မှာ ထိုင်လိုက်တော့...

"ဟဲ့ အမလေး"

"ရှူး...တိုးတိုး"

"နင့်ဟာက ဘယ်လိုဖြစ်လာတာလဲ။ ဘာပုံကြီးလဲ"

"နေစမ်းပါဟာ...ကိစ္စရှိလို့"

"ဘာကိစ္စလဲ"

အိတ်ထဲမှာ ချိတ်ထားသော ဖောလ်ပင်ကို ဆွဲဖြုတ်ကာ ဆွေဆွေကိုင်လာသော စာအုပ်ကလေးကို ဆွဲယူပြီး စာတချို့ကို ရေးပြလိုက်၏။

"ဟိုဘက်စားပွဲက နှစ်ယောက်ကို အကဲခတ်ချင်လို့"

ဆွေက စာကို မျက်မှောက်ကြုတ်ဖတ်ကာ ပြန်ရေး၏။

"နင်နဲ့ဘာဆိုင်လို့လဲ။ နင့်ကောင်မလေးလား"



www.burmeseclassic.com

www.burmeseclassic.com



ရွှေပြည်စိုး စိတ်ညစ်သွား၏။ အမှန်အတိုင်းဖြေလျှင်လည်း ရယ်တာခံရဦးမည်။ ဒီတော့ ခပ်တည်တည်ပင် ချရေးလိုက်၏။

"ငါ့ညီမတစ်ဝမ်းကွဲ"

"ဩော်...ဩော်"

သူတို့ ကော်ဖီသောက်ရင်း စကားတချို့ကို ကျဲတောက်တောက် ပြောရင်း တစ်ဖက်ဝိုင်းကို နားစွင့်နေကြသည်။ တစ်ဖက်ဝိုင်းကတော့ သူတို့ကို ရှိသည်ပင် မသိ။ ကိုယ့်အာရုံနှင့်ကိုယ် ပြောချင်တာပြောနေကြသည်။

ဒဿနပညာလည်း ပါသည်၊ သချာလည်းပါသည်။ ပရိမိယာလိဒ်ဘောလုံးပွဲတွေအကြောင်းလည်း ပါသည်။ စမစ်၊ ဒါဗစ်၊ ဒက်စယ်လီ ဘလောန့်တို့လို ညစ်ပတ်ကပ်ကျယ်တွေကို တစ်သင်းဖွဲ့ပေးချင်တာလည်း ပါသည်။ နီကိုလတ်(စ)ကေ့ချ်လည်း ပါသည်။ ဂျက်လီနှင့် ချောင်ယွန်ဖတ်လည်း ပါသည်။ ယူကာလစ်နှင့် ရိုင်ယန်လည်း ပါသည်။ တွင်းနက်ကြီးများနှင့် ဟောကင်းအကြောင်းလည်း ပါသည်။ ရစ်ချတ်ကလေးဒါးမင်းရဲ့ ပီယာနိုလက်သံက ဘယ်လိုဆိုတာလည်း ပါသည်။ သူမကြားဖူးသော ကဗျာဆရာများဖြစ်သည့် မောင်သိန်းဇော်၊ စိုင်းဝင်းမြင့်၊ ခင်ဇော်မြင့်၊ ဝိုင်ချိုဆိုတာတွေ လည်းပါသည်။ မော်ဒန်၊ ပို့စ်မော်ဒန်ဆိုတာတွေလည်း ပါသေးသည်။

ကြာတော့ ဆွေဆွေက...

"ငါ ပျင်းလာပြီ"

"အေး...ငါရောပဲ"

"ဒါဆို ပြန်ဟာ။ ငါက အလုပ်ရှိသေးတယ်"

နင်တော့လည်း ပြန်ခဲ့ရသည်ပေါ့။ ကျေကော့ မကျေနပ်နိုင်း



www.burmeseclassic.com

www.burmeseclassic.com


သူတို့ထွက်လာသည်အထိ ရွှေတို့က စကားကောင်းတုန်း။ ဆွေဆွေက တော့ အထွက်မှာ အားပေးလိုက်ပါသည်။

"ငါကြည့်ရတာတော့ သူတို့က သူငယ်ချင်းတွေပါ။ စကားပြောဖော် ဝါသနာတူပေါ့။ နှင့်ညီမကို နှင် ဆူမနေနဲ့ဦး"...တဲ့။

ဆူစရာ မလိုပါ။

ရင်ထဲမှာ ဆူနေပြီးတာက သူ မဟုတ်လား။

ထို့ကြောင့် ပထမဦးဆုံးအနေနှင့် မလုပ်ဖူးသောအလုပ်ကို စလုပ်ဖြစ်သွားသည်။ ယမုန်ထံ ဖုန်းခေါ်ခြင်း...။

"ယမုန်လား"

"ဟယ်...ဟာဟာ။ ငါ ဒီနေ့ ထီထိုးမယ်၊ သိန်းသုံးရာပေါက်ပါစေ"

ယမုန်က သူ့အသံကြားတာနှင့် ထအော်၏။

"နောက်မှထိုး။ ခု ငါ့မှာ ကိစ္စရှိတယ်"

"ရွှေကိစ္စလား"

"အင်း..."

"ပြော...ဘာဖြစ်လဲ"

"သူ့ကို ခုနက Cafe Aroma မှာ လူတစ်ယောက်နဲ့ တွေ့ခဲ့တယ်။ ဆိုင်ထွက်ရလို့ မအားတဲ့သူက ခုတော့ ကော်ဖီဆိုင်မှာ စကားပြောနေတာ တမေ့တမော"

"ဟဲ...ဟဲ"

"ဘာရယ်တာလဲ"

"နှင့်ကို ရယ်တာ။ လူပဲဟ ကိစ္စရှိရင် ထွက်မှာပေါ့"

"ကော်ဖီဆိုင်ထိုင်တာ ကိစ္စလား"

"ဒီမှာ ရွှေငှက်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ"

"လူဆိုတာ တစ်ယောက်နဲ့တစ်ယောက် မတူဘူး။ စိတ်ဝင်စားမှုနဲ့ လုပ်ဆောင်ချက်တွေလည်း မတူဘူး။ ကော်ဖီဆိုင်မှာ ထိုင်စကားပြောနေတိုင်း အပျော်ဖြစ်ချင်မှ ဖြစ်မယ်။ ဖြစ်တော့ရော ဘာဖြစ်လဲ။ နင်က ဘာပြောချင်လို့လဲ"

"အဲဒီလူ ဘယ်သူဆိုတာ ငါသိချင်တယ်"

"မြတ်စွာဘုရား…။ မြင်ခဲ့တာက နင်လေ။ ငါက ဘယ်လိုသိမှာလဲ"

"ငါ ပုံပန်းသဏ္ဌာန်ပြောပြမယ်။ နင်က ရွှေ့ အရင်းဆုံးသူငယ်ချင်းပဲ။ ရွှေ ဘယ်လိုလူနဲ့ ဒီလောက်စကားလက်ဆုံကျနိုင်လဲ၊ နင် သိရမှာပေါ့"

"ဉာဏ်လင်းနဲ့"

"ဘာ…"

"ဉာဏ်လင်းလို့ ဆိုနေ။ ဟိုလေ…အသားညိုညို၊ အရပ်မြင့်မြင့်၊ ရုပ်ကတော့ ကြည့်လိုက်တာနဲ့ ထက်မြက်စူးရှတဲ့ ရုပ်မျိုး။ ရုပ်အကျီအဖြူ အမြဲဝတ်တတ်တယ်"

ရွှေပြည်စိုး ငြိမ်သွားၿ၏။

"ဟုတ်လား ငါပြောတာ"

"ဟုတ်တယ်"

"ဟုတ်ရင် ဘာမှဖြစ်မနေနဲ့တော့။ ဉာဏ်လင်းက ရွှေ့ကို နင့်လို အိစိကလီလာရိုက်နေတာ မဟုတ်ဘူး"

သူ ယမုန့်စကားကြောင့် စိတ်တိုသွားရသည်။

"နင် အဲဒီလို မပြောနဲ့"

"အဲဒီလိုမပြောလို့ ဘယ်လိုပြောရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဥာဏ်လင်းဆိုတဲ့ကောင်နဲ့ ရွှေရဲ့ ရင်းနှီးမှုအတိုင်းအတာ"

"ငါနဲ့ ရွှေ့လိုပဲ"

"ဘာ..."

"နင့်ဟာက ဖြည်းဖြည်းအော်ဟာ။ ငါနဲ့ရွှေ ရင်းသလိုပဲ၊ ဥာဏ်လင်းနဲ့ ရွှေလည်း ရင်းတယ်။ ရွှေက သူ့ကို ဘယ်လိုခေါ်လဲ သိလား"

ရွှေပြည်စိုး နှုတ်ခမ်းအစုံ တင်းခနဲဖြစ်သွားရသည်။ ပြီးမှ...

"သိတယ်"

"ဘယ်လိုခေါ်လဲ"

"ဥာဏ်...တဲ့"

"ရွှေ့ကိုရော ဟိုက ဘယ်လိုခေါ်လဲ သိလား"

"အဲဒါတော့ မသဲကွဲဘူး"

"ဂိုး(လ်)Gold...တဲ့"

ရွှေပြည်စိုး ဘာတွေမှန်းမသိ ဖြစ်ကုန်သည်။ ဖုန်းခွက်ကိုပင် ယောင်ယမ်းလွှတ်ချမိမတတ်ပင်...။

"သူ့ကို ဘယ်တုန်းတည်းက ခင်တာလဲ"

"ပထမနှစ်တည်းက"

"ဒီလိုပဲ ခဏခဏတွေ့တာပဲလား"

ရွှေပြည်စိုး၏ မေးခွန်းက ဖြေချင်စရာမကောင်းသော်လည်း တုန်ခါလာသော အသံက ယမုန့်ကို ဖြေခိုင်းနေသည်။

"ဒီလိုပါပဲ...။ အားရင်ပေါ့"

"သူတို့က..."

"သူတို့က ဝါသနာတူ၊ စိတ်တူ၊ အတွေးအခေါ်တူတယ်။ စကားပြောကြ ဆွေးနွေးကြနဲ့ အချိန်ကုန်ကြတာပါပဲ၊ နင် ဘာမှ တွေးမပူမနေပါနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"မပူပါဘူး"

"မပူဘဲနဲ့များ နင့် ငါ့ဆီ ဖုန်းဆက်မလား"

မှန်နေသောစကားကြောင့် ဘာပြောရမှန်းမသိတော့သဖြင့် ပါးစပ်ပိတ်ထားလိုက်ရသည်။

စိတ်မသက်မသာနှင့် ဖုန်းချလိုက်အပြီးမှာ သတိရတာက အိုင်းစတိုင်းကို။ ထို့ကြောင့်...

"ဟဲလို"

"အိုင်းစတိုင်းလား"

"ဗုဒ္ဓ၊ အလာရှင်၊ ဂျီးဇက်ခရိုက်(စ)၊ အားလုံးကယ်ပါ...။ ငါ့ဆီ ငှက်ဆိုး ဖုန်းဆက်တယ်"

အိုင်းစတိုင်းက တအံ့တသြနှင့် ရေရွတ်၏။

"ငါ မေးစရာရှိလို့"

"အင်း...မေး"

"ခု မင်းရဲ့ လက်ရှိမိန်းကလေးက မင်းနဲ့ စိတ်တူကိုယ်တူ ဝါသနာတူတွေလား"

"အိုး...ရက်(စ်)။ သိပ်ဟုတ်တာပေါ့"

"ဘာလို့ အဲဒီလိုတူတာကိုမှ ရွေးရတာလဲ"

"ဟာ...မင်းကလည်း တူလို့သာ တွဲမိတာ၊ တွဲမိလို့သာ ချစ်တာ။ မတူရင် ဝေးဝေးက နေမှာပေါ့ဟ။ ငါနဲ့ အဲဒီကောင်မလေးက တစ်တန်းတည်းပဲ။ စာအတူကြည့်တယ်၊ weekend တွေမှာ အတူပျော်ကြတယ်လေ"

ရွှေပြည်စိုးအသံ တိတ်သွား၏။ အတော်လေးကြာမှ...

"အိုင်းစတိုင်း"

www.burmeseclassic.com

www.burmeseclassic.com


"ဟော...ပြော"

"ငါတို့ကျတော့ရော...ငါနဲ့ ရွှေနဲ့"

အိုင်းစတိုင်း အသံတိတ်သွားရ၏။ ပြီးမှ...

"ဘာဆိုင်လို့လဲ ငှက်ရာ...။ ငါက ငါ၊ မင်းက မင်း၊ ဝင်ဒီက ဝင်ဒီ၊ ရွှေက ရွှေပါကွာ...။ တူမှ မတူတာ"

"ဘာမတူတာလဲ"

"ဘဝတွေ၊ လမ်းကြောင်းတွေ"

"မတူတဲ့လူတွေ မတွဲမိဘူးဆို...။ မင်းပဲပြောတာ"

"အာ...အဲ...အဲဒါက"

"ဒါပဲကွာ...နောက်မှဆက်မယ်"

ဖုန်းပြန်ချလိုက်မိသည်။ စိတ်ထဲမှာတော့ ရှုပ်ထွေးနောက်ကျိနေသည်။

သူ ရွှေကို စိတ်ဝင်စားမိ၊ ချစ်မိတာတော့ သေချာပါသည်။ တပြိုင်နက်တည်းမှာပင် ထူးချွန်ထက်မြက်သော ရွှေကို ကြည့်ကာ သူ စိတ်ညစ်ခဲ့ရဖူးသည်။ ဒါတွေကို လစ်လျူရှုကာ နေမိပြီးကာမှ ခုလို အဖြစ်က ဝင်လာရသည်။ ဉာဏ်လင်းနှင့်ယှဉ်လျှင် ရွှေပြည်စိုးဆိုတာ ရွှေအတွက်တော့ အတော်လေး ကွဲလွဲ လွဲချော်နေနိုင်သည် မဟုတ်လား။

သူ့အတွက်ပဲဆိုဆို၊ သူက သူ့ချစ်သူသည် သာမာန်မိန်းကလေးသာ ဖြစ်စေချင်သည်။ အရာရာ သူက ဦးဆောင်ညွှန်ပြထိန်းကျောင်းပေးရသူ ဖြစ်ချင်သည်။ တကယ့်တကယ်ကျတော့ သူချစ်မိသော ရွှေပစ္စုပ္ပန်၏ အရည်အချင်းများက သူမှန်းထားတာနှင့် ဘာမှမဆိုင်။ တိတိပပကြီးကို ကွဲလွဲနေလေသည်။

"မဖြစ်နိုင်တော့ပါဘူး"ဟု ခေါင်းက ခါငြင်းသော်လည်း နှလုံးသား


www.burmeseclassic.com

www.burmeseclassic.com



တတော့ ဖြစ်နိုင်စေချင်နေသေးသည်။ သူကရော သူ့အတ္တတွေကို လျှော့ချနိုင်သူတစ်ယောက် ဖြစ်မှာလား…။ သိပ်မသေချာသေး။ အတွေးများနှင့် အာရုံတွေပြားလျက်ရှိသော ရွှေပြည်စိုး စားပွဲပေါ်မျက်နှာအပ်ကာ မှောက်ချလိုက်သည်။

စားပွဲပေါ်မှာတော့ မနေ့ကမှ သတိတရဝယ်ထားသော ခရမ်းရောင် သစ်ခွများက ရနံ့မဲ့စွာ လန်းဆန်းလို့…။

www.burmeseclassic.com

www.burmeseclassic.com


ဆယ့်ငါးရက်လောက် သူ ရွှေ့ကို ရှောင်နေလိုက်သည်။

ယမုန် ဖုန်းခေါ်လျှင်လည်း ဖုန်းပိတ်လိုက်မိမြဲ။ ရွှေကတော့ သူ ရှောင်နေတာကို သိပင်သိလိမ့်မည်မဟုတ်။ ဆယ့်ခြောက်ရက်မြောက်နေ့ ကျတော့ သူ့အတ္တတံတိုင်းက ဝုန်းခနဲ ပြိုကျသွားသည်။ မကျခံနိုင်မလာ။ သူ့ဆိုင်သို့ ရွှေကိုယ်တိုင် တည့်တည့်မတ်မတ်ရောက်လာသည်ကိုး...။

"ဟာ...ရွှေ"

"အလုပ်ရှုပ်နေလား"

"ဟာ...မရှုပ်ပါဘူး"

ခုတော့လည်း သူ ရွှေနှင့်ပတ်သက်၍ ခံစားနေရတာတွေ ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်သည်။

"ရွှေ ပရင်တာတစ်လုံးလောက် လိုချင်လို့"

"လေဆာလား"

"ဟင့်အင်း...ကာလာအင့်ဂျက်ပဲ။ လေဆာမတတ်နိုင်ဘူး"


www.burmeseclassic.com

www.burmeseclassic.com



"ရွှေက မတတ်နိုင်ဘူး"

ရွှေပြည်စိုး တအံ့တသြမေးတော့ ရွှေက ရယ်၏။

"ခုဟာက ရွှေ့အတွက် မဟုတ်ဘူး၊ သူငယ်ချင်းအတွက်။ ရွှေဆို ပရင်တာတောင် မထားဘူး။ လိုမှ မလိုတာ။ သူငယ်ချင်းက မအားတာနဲ့ ရွှေ လာဝယ်ပေးတာ"

"အိုကေ...ကင်နွန်ထဲကပဲ ကြည့်မလား။ ဈေးကို ရွှေလိုက်လေ။ ဟုတ်ပြီလား"

ရွှေက စေ့စပ်သေချာစွာ ရွေးလိမ့်မည်ဟု သူထင်သော်လည်း ရွှေက သူတို့တတ်နိုင်သော ငွေပမာဏကိုပြောကာ သူ့ကိုပဲ လွှဲအပ်လိုက်သဖြင့် သူပဲ အကောင်းဆုံးဖြစ်အောင် စီစဉ်ပေးလိုက်ရသည်။

"ကျွန်တော် ပြန်ပို့ပေးရမလား"

"ဟင့်အင်း ရတယ်။ ရွှေ့မှာ ကားပါတယ်"

"ဒါဆို ထိုင်ဦးလေ...။ ကျွန်တော် ကော်ဖီတိုက်မလို့"

"ကော်ဖီ ဟုတ်လား။ လက်ဖက်ရည် တိုက်ပါလား"

ရွှေပြည်စိုး တစ်ချက်တွေကြည့်မိသည်။ ဟိုနေ့ကတော့ ကော်ဖီဆိုင်ထဲမှာ ကော်ဖီသောက်နေသည် မဟုတ်ပါလား။

"ရွှေက ကော်ဖီမကြိုက်ဘူးလား"

"ဟင့်အင်း...တစ်ခါတလေမှ သောက်တာ။ မလွှဲသာမှပေါ့"

"ဩော်..."

သူ့ ဩော်ထဲမှာ ဉာဏ်လင်းနဲ့ကျ မလွှဲသာဘူးလားဆိုသော အဓိပ္ပာယ်တွေပါသွားတာ သူ့ဘာသာသူပဲ သိသည်။ ဒါပေမဲ့ သူ အနားက လက်ဖက်ရည်ဆိုင်မှ လက်ဖက်ရည်မှာပေးလိုက်သည်။

"ချိုပေါ့ကျနော်"



www.burmeseclassic.com

www.burmeseclassic.com



မှာနေစဉ် ရွှေက ဝင်ပြောခြင်းဖြစ်သည်။ ခုလိုကျတော့လည်း သူနှင့်ရွှေက ရင်းနှီးပြီးသားတွေလိုပဲ ပြန်အဆင်ချောသွားသည်။

သူကပဲ ကြောင်နေတာလားဟု သူ့ဘာသာသူပင် ပြန်တွေးမိသေးသည်။

ရွှေက ဒီနေ့လည်း ခရမ်းရောင် လွှင်လွှင်ကလေးနှင့်ပင်။ ပိုထူးခြားလာတာက ခရမ်းစွဲအသည်းပုံ ကျောက်ကလေးများကို စိန်တစ်တန်းရံကာ လက်စွပ်၊ မယ်ဟာ့ကပ်၊ နားကပ်လုပ်ဝတ်ဆင်ထားခြင်းပင်။

"ရွှေက ခရမ်းစွဲ ကြိုက်လား"

"အင်း...ကြိုက်တယ်။ ပြီးတော့ အဆောင်အနေနဲ့လည်း သုံးတယ်"

"ခရမ်းစွဲ အသည်းပုံကျောက်လေးတွေက လှတယ်နော်"

အမှန်က ရင်ထဲရှိတာနှင့်တခြား ပါးစပ်က ထွက်မိထွက်ရာ ထွက်သွားခြင်းဖြစ်သည်။ စကားက ခွန့်တုံ့ပြန်စရာမလိုသလို မေးခွန်းမဟုတ်၍ ဖြေစရာလည်း မလိုသဖြင့် တိတ်ဆိတ်သွားကြသည်။ လက်ဖက်ရည် ရောက်လာမှ...

"သောက်...ရွှေ။ ကျွန်တော်ကတော့ လက်ဖက်ရည်သောက်နေကျ မဟုတ်လို့ ကောင်းမကောင်း မညွှန်းနိုင်ဘူး"

ရွှေက ပြုံးကာ...

"ရွှေပြည်စိုးက လူထူးဆန်းပဲ"

"ဗျာ...ဘာလို့လဲ"

"ဩော်...ရွှေ့အသိမိတ်ဆွေ ယောကျ်ားလေး တော်တော်များများ ဆို လက်ဖက်ရည်ပဲ ကြိုက်တတ်လို့လေ"

"ဒါပဲလား...။ ကျွန်တော်က တခြားရော ဘာတွေထူးဆန်းနေ



www.burmeseclassic.com

www.burmeseclassic.com


သေးလဲ”

“ရှိတာပေါ့…။ ယမ်ယမ်ခေါက်ဆွဲပြုတ်ကို ကြိုက်တာ။ သူငယ်ချင်းမိတ်ဆွေ နည်းတာ။ ဘယ်သူငယ်ချင်းကိုမှ အလေးအနက် မဆက်သွယ်တာ။ ရုပ်ရှင် ဂီတ စာပေ ဘာအနုပညာကိုမှ စိတ်မဝင်စားတာ။ ငယ်ငယ်ရွယ်ရွယ်နဲ့ စီးပွားရေးကို အာရုံစိုက်လွန်းတာ။ စသဖြင့်ပေါ့…။ ယမုန်ပြောပြတာရော ရွှေတွေ့တာရောလေ။ ဟုတ်ရဲ့လား”

သူ နှစ်နှစ်ခြိုက်ခြိုက်ပြုံးမိသည်။ စိတ်လည်း လှုပ်ရှားသွားမိ၏။

“ဟုတ်ပါတယ်။ ရွှေ ဒီလောက်ပြောနိုင်တာကိုပဲ ကျွန်တော်က ဝမ်းသာတာ”

“ဘာဖြစ်လို့လဲ”

“ဩော်…ကျွန်တော့်အပေါ် အလေးအနက်ရှိလို့”

“ဩော်…ဒါလား။ ရွှေက ခင်မိတဲ့သူငယ်ချင်းအားလုံးကို အလေးအနက်ရှိပါတယ်”

ရွှေက လှပပါးနပ်စွာ ရှောင်ထွက်သွား၏။ ပြီး…

“ကျေးဇူးပဲ…။ လက်ဖက်ရည်တိုက်လို့၊ ပရင်တာ ရွေးပေးလို့။ ရွှေ သွားဦးမယ်နော်။ နောက် အားမှ ဆုံကြတာပေါ့။ ခု ရွှေ ဆိုင်ကို ခဏထားပြီး လစ်လာတာ။ သွားမယ်နော်”

နှုတ်ဆက်ထွက်သွားသော ခရမ်းရောင်ကလေးကို ကြည့်ကာ သူ ကသီကရီနှင့် ကျန်ရစ်ခဲ့၏။ ကံကြမ္မာကတော့ သူ ရပ်ထားရာကနေ သူ့ဆီ ပြန်လှည့်လာနေပြီလား မသိ။ ကံကောင်းခြင်းတော့ ပါစေချင်မိတာ အမှန်။

“တူ…တူ…တူ”

အတွေးကောင်းတုန်း ဖုန်းသံကြောင့် သူ စိတ်ညစ်သွားရသည်။


www.burmeseclassic.com

www.burmeseclassic.com



စိတ်မပါတပါ လှမ်းကိုင်လိုက်တော့...

"ရွှေပြည့်စိုးလား"

"အေး...ပြော"

ယမုန်ဖြစ်၏။

"ရွှေ...လာလား"

"နှင့်အလုပ်လား"

စိတ်ကိုတိုနှင့် ဘုတောမိ၏။

"ငါ့အလုပ်တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ငါက ရွှေဆီ ရောက်နေတာ။ ပရင်တာသွားဝယ်တယ်ဆိုလို့"

"နင်က အားအားယားယား"

"အားတော့ ဘာဖြစ်လဲ။ သူများတွေလို လောဘတကြီး ဥစ္စာလည်းမရှာနိုင်ဘူး။ ပညာလည်း မရှာနိုင်ဘူး။ ယမုန်တို့ကတော့ မရှိမပင်ရှိပရှာပဲ"

"အရေးထဲ"

"နင်က ပြောတာကို။ ရွှေ လာလား။ လာရင် ငါ့ကို ဖုန်းလွှဲပေး"

"လာတယ်၊ ပြန်သွားပြီ"

"တကယ်...။ ဘယ်တုန်းက ပြန်သွားတာလဲ"

"တကယ်။ ခုနကပဲ ပြန်သွားတာ"

"အာ...ဒါဆိုရပြီ။ မကြာခင်ရောက်မှာပဲ။ ဒါပဲဟာ"

"ဟော့...နေဦး"

"ဘာလဲ"

"မေးစရာရှိတယ်"

"ဘာမေးမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ ရွှေဝယ်သွားတဲ့ ပရင်တာက ဘယ်သူ့အတွက်လဲ"

"ဉာဏ်လင်းအတွက်လေ"

"ဘာ..."

သူ့အသံ နည်းနည်းကျယ်သွားတာမို့ ရုံးခန်းထဲက ကောင်လေးက ပင် လှည့်ကြည့်၏။ ထို့ကြောင့် ကိုယ့်ကိုယ်ကို ပြန်ထိန်းလိုက်ရင်း...

"ဘာရယ်...ဉာဏ်လင်းအတွက်၊ ဟုတ်လား"

"အင်းလေ"

"အဲဒီကောင်က ခြေလက်ဦးနှောက်မရှိတော့လို့ ရွှေက ဝယ်ပေး တာလား"

"ဟား...ဟား...ဟား...ရွှေပြည့်စုံ ရွှေပြည့်စုံ၊ သောကတွေများ နေပြီ။ မကြောင်ပါနဲ့ဟာ...ဒါက ဘော်ဒါကလျှာ ကူညီတာပါဟ"

"ကူညီတာကလဲ"

"အပြန်အလှန်ပေါ့ဟာ"

"ခြော်...ဉာဏ်လင်းက ရွှေလိုချင်တဲ့ ခရမ်းစွဲအသည်းပုံလေးတွေ ရှာပေးတယ်"

"ဘယ်လို..."

"မကြားဘူးလား။ ခရမ်းစွဲတွေ ရှာပေးတယ်လို့"

"ကြားသားပဲ"

"အေး...ဒီတော့ ဉာဏ်လင်း ပရင်တာလိုချင်တော့ သူ့မှာ နင့်လို သူငယ်ချင်းရှိတယ်။ ဒါကြောင့် ပြန်ကူပေးတာ"

ရွှေပြည့်စုံကို ယမုန်က သေချာရှင်းပြသော်လည်း စိတ်ကမဝင်စား တော့။ သူ့စိတ်ထဲမှာတော့ ဒါဟာ ဘယ်လိုမှ မဖြစ်သင့်တဲ့ အဖြစ်အပျက် လို့ပဲ ထင်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ဖုန်းချပြီလား၊ ချရင်လည်း ချလိုက်တော့"

"ဝှပ်"

ယမုန်က ပြောပြောဆိုဆိုပင် ဖုန်းချပစ်လိုက်သည်။ အဆက်မပြတ် ထွက်ပေါ်လာသော တတူတူသံကို အာရုံမရှိသူတစ်ယောက်ပမာ နားခံရင်း ဖုန်းခွက်ကို ပြန်မချမိ။ စောစောကမှ ပြန်လည်ရရှိခဲ့သော အပျော်လေးတွေ ပျောက်ဆုံးကုန်လေပြီ။

ကံကြမ္မာက သူ့ဘက်ပြန်တော့ လှည့်လာပါရဲ့...

သို့သော် ဓါးတစ်ချောင်းက သူမသိအောင် နောက်ကျောတွင် ပါလာခဲ့သည်။

ခရမ်းရောင်သည် အင်မတန် ပါးလွှာထက်ရှသော ဓားတစ်ချောင်း၏ အတိတ်နိမိတ်လေလား။ သူ သံသယဖြစ်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်း အိပ်မက်ရှည်တွေကို ဆိုးဆိုးရွားရွားမက်နေခဲ့သော ညနှစ်ညလောက်ကို ဇောချွေးပြန်မတတ် ရင်ခုန်စွာရင်ဆိုင်ပြီးတာတောင်မှ ရွှေပြည်စိုး၏ စိတ်က တင်းနေဆဲ။ အမှန်တကယ်ဆို ဘာပဲဖြစ်နေနေ သူ ရွှေ့ကို ရင်ဆိုင်လိုက်ရမည်။ သိချင်တာကို ပွင့်ပွင့်လင်းလင်းမေး။ ရင်ထဲရှိတာကို ပွင့်ပွင့်လင်းလင်းပြောလိုက်ရမှာ…။

ခုတော့ မေးလည်းမမေးရဲ…။ ရင်ထဲရှိတာကို ပြောရမှာလည်း ဆုံးဖြတ်ချက်က မကျနိုင်သေးဖြစ်နေရသည်။ ရွှေ့ကို မြင်ချင်တွေ့ချင်သော စိတ်ကို ချိုးနှိမ်မရတိုင်း ခရမ်းရောင်သစ်ခွများကို ဝေနေအောင် ပန်းထိုးကာ ထိုင်ကြည့်နေပစ်လိုက်သည်။ တကယ်တော့ ခရမ်းရောင်သစ်ခွပွင့်တွေဟာ ရွှေမှ မဟုတ်တာ။

"ဟဲ့"

အတွေးတွေဝေနေဆဲ ယမုန်အသံကို ကြားလိုက်ရ၍ ခေါင်းတစ်ချက်မော့ကြည့်တော့ ယမုန်က သူ့ရှေ့မှာ ရပ်နေတာတောင် ခါတော်အသား

www.burmeseclassic.com

www.burmeseclassic.com


ကျပြီးနေပုံရသည်။

"ဘာလုပ်နေတာလဲ"

"စဉ်းစားနေတာ"

"ဘာလဲ...ရွှေဉာဏ်တော်စူးရောက်နေတာလား"

ရွှေပြည်စိုး ဒေါသထွက်သွားရသည်။ အချင်းချင်းမို့ ဒါဟာ ရွှေနဲ့ ဉာဏ်ကြောင့် စောက်ရှုးဖြစ်နေလားလို့ တည့်တည့်ကြီးကို နားလည်လိုက်သည်ကိုး...။

"နင်က ဘာလာလုပ်တာလဲ"

"ရွှေ လာတုန်းကရော၊ နင် ဒီလိုပဲ ကြိုလား"

"နင်က ရွှေမှ မဟုတ်တာ"

"ဖြစ်မနေနဲ့ ကိုယ်တော်။ လာ...ခု ငါနဲ့လိုက်ခဲ့"

"ဘယ်လဲ...မအားပါဘူး"

ယမုန်က တီခစ်ခစ်ရယ်ကာ ပိုင်ပိုင်နိုင်နိုင်ပြော၏။

"နင် ဘယ်လဲ၊ ဘာကြောင့်လာခေါ်တာလဲဆိုတာသိရင် အားသွားမှာပါဟာ"

ယမုန့်စကားက စိတ်ဝင်စားစရာတော့ ကောင်းသွားသည်။ ယမုန်က တစ်ခါတစ်ခါတော့ ပြန်အားကိုးရတတ်သည် မဟုတ်ပါလား။ မတည့်တာက တစ်ကဏ္ဍလေ။

"ကဲ...ပြောပါဦး"

"ခု ငါ့ ဉာဏ်လင်းတို့ဆိုင်မှာ စာအုပ်သွားဝယ်မလို့"

"အင်း...အဲဒါ ဘာဖြစ်လဲ"

"နင် လိုက်ခဲ့လေ"

"ဟာ...ဘာဆိုင်လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဆိုင်တာ ပြောပြမယ်"

"မြန်မြန်ပြောဟာ။ ပဲများတယ်"

ယမုန်က ရယ်ကာ...

"နင်တောင် ငါ့ပဲကို ရှာဖွေတွေ့ရှိသွားပြီပဲ။ စားတော့မစားလိုက်နဲ့ ရွှေ ဒုက္ခရောက်သွားလိမ့်မယ်။ ဟား...ဟား"

"အရေးထဲ"

"မလောပါနဲ့ဟာ ပြောမှာပါ။ ဉာဏ်လင်းကောင်မလေးနဲ့ဉာဏ်လင်းတို့အခြေအနေကို နင်မြင်အောင် ပြမလို့။ သူ့ကောင်မလေးက သူနဲ့ ဆိုင်စပ်တူဖွင့်တာ။ ပြီးတော့ နင်ကြည့်ရမှာက ဉာဏ်လင်းမှာ ရည်းစားရှိတယ်ဆိုတာရယ်၊ အဲဒီရည်းစားက ဉာဏ်လင်းနဲ့ ရွှေ့ကို ဘယ်လောက်နားလည်သလဲ ဆိုတာရယ်"

"စိတ်ဝင်စားစရာတော့ ကောင်းတယ်။ ဒါပေမဲ့ အဲဒါဟာ နင်ရေးတဲ့ပြဇာတ်မဟုတ်ဖို့ဘဲ အရေးကြီးတယ်"

ယမုန်က သူ့ကို မျက်မှောင်ကြုတ်ကာ ကြည့်၏။ နဂါးဆိုလျှင် ပြာကျသွားလောက်သည့် အကြည့်မျိုး။

"ဘာလဲ...နင်က ငါပြဇာတ်ကနေတယ် ထင်လို့လား။ နင်သိထားဖို့က ယမုန်ဆိုတဲ့ မိန်းမက အဲဒီလောက်ထိ အပင်ပန်းမခံဘူးဆိုတာပဲ"

ဒါတော့ ဟုတ်သည်။

"အိုကေ...အိုကေ...ယုံပြီ။ ပိုပြီးယုံလို့ရအောင် လိုက်ခဲ့ဦးမယ်။ ဟုတ်ပြီလား"

"ဟုတ်ပြီ...။ နင့်ကို ငါက ကားကြုံပို့ခိုင်းတဲ့ သဘောပေါ့ဟာ"

"အေးပါ"

ဒီလိုကျတော့ ယမုန်က သူငယ်ချင်းကောင်း ပီသရှာသားဟု



www.burmeseclassic.com

www.burmeseclassic.com



တွေ့မိ၏။ ထုတ်တော့ မချီးကျူးရဲ၊ ကန်းတက်မှာ စိုးရ၏။

ဉာဏ်လင်းတို့ စာအုပ်ဆိုင်ရောက်တော့ ဉာဏ်လင်းကို ကောင်မလေးတစ်ယောက်နှင့် စကားပြောနေတာ တွေ့ရ၏။ သူတို့ကိုမြင်တော့ ထလာပြီး...

"ဟော...လာ ယမုန်။ ဘာလိုလဲ"

"ဆရာကြီး တက်တိုးရဲ့ အင်္ဂလိပ်ဘာသာ သိမှတ်စရာ"

"ရတယ်...။ ခိုင်လေး အင်္ဂလိပ်ဘာသာ သိမှတ်စရာတစ်အုပ် ယူခဲ့ပါ"

"ရပြီ...မောင်။ ရော့..."

ကောင်မလေးက သူတို့ထက်ပင် ငယ်မည့်ပုံ ပေါ်သည်။

ဉာဏ်လင်းကိုလည်း ရှိသေပုံရသည်။ ချစ်ခင်လေးစားပုံလည်း ရသည်။ သူဖြစ်စေချင်တာလည်း ဒါမျိုးပါပဲ။ ဒါပေမဲ့ ခိုင်ဆိုသော မိန်းကလေးက သာမန်မိန်းကလေး။ ဉာဏ်လင်းက ထက်မြက်ထူးချွန်သူ။ သူကကျတော့သာမန်လူတစ်ယောက်။ ရွှေက ထက်မြက်သည့်မိန်းကလေး။ မတူကြ။ ပြောင်းပြန်ဖြစ်နေသည်။

သူတို့ စာအုပ်မေးကြ၊ ရွေးကြ၊ ငွေချေကြပြီးမှ...

"ဟဲ့ မေ့နေတယ်၊ ငါ မိတ်ဆက်ပေးဦးမယ်။ ဒါ...ငါ့သူငယ်ချင်း ရွှေပြည်စိုးတဲ့"

ဉာဏ်လင်းက ဝမ်းသာအားရလက်ကမ်းကာ...

"ဟာ...ကျွန်တော်သိတယ်၊ ကိုးလ်က ပြောပြဖူးတယ်"

"ခင်ဗျာ"

"ဩော်...ရွှေက ခင်ဗျားဆိုင်မှာ ပရင်တာဝယ်ပေးသေးတာပဲလေ"

"ဩော်...ဟုတ်သားပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က ဉာဏ်လင်းပါ"

"ဟုတ်ကဲ့"

"ဒါ ကျွန်တော်နဲ့ စေ့စပ်ထားတဲ့ ကျွန်တော့်ချစ်သူ နိုင်နိုင်တဲ့"

"ဟုတ်ကဲ့"

နိုင်နိုင်က ပြုံးပြ၏။ ပြီး...

"ဩော်...မောင် မမရွှေဆီက နိုင့်အတွက် LCCI မေးခွန်းဟောင်းတွေ သွားယူပေးမယ်ဆို"

"အင်းပါ...ခုပဲ ယမုန်သွားရင် လိုက်သွားမယ်လို့ ပြောပြီးပါပြီ"

ယမုန်က...

"လာလေ...သွားရအောင်"

"သွားတာပေါ့"

"နေဦး မောင်"

နိုင်နိုင်က လှမ်းတားသဖြင့် ရပ်စောင့်နေလိုက်ကြသည်။

"ဘာလဲ နိုင်လေး"

"မမရွှေအတွက်"

ဘူးကလေးတစ်ဘူး ကမ်းပေးသဖြင့် ယမုန်က လှမ်းယူရင်း...

"ဘာလဲ"

"ဟင်းလေ...။ မမရွှေ သင်ပေးတဲ့အတိုင်း ချက်ထားတာ"

"ဟာ...အတော်ပဲ၊ ကိုယ်တို့ပါ စားရမယ်"

ယမုန်က ပြောပြီး ဘူးပင် ဖွင့်ကြည့်လိုက်သေး၏။

ပြီး...သူ့ဘက်လှည့်ကာ မျက်စပစ်ပြ၏။ တွေ့လား၊ ရွှေနိုင်ရဲ့ ဆက်ဆံရေးကို ဟူသည့်သဘော။ သူကလည်း တွေ့ပါသည်။ ခက်တာက ပြောင်းပြန်ဖြစ်နေတာ။ ကားပေါ်ရောက်တော့...

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မောင်းရမှာလဲ"

"ရွှေ့ဆီလေ..."

"ဟုတ်ပါပြီ...။ အိမ်လား ဆိုင်လား"

ယမုန်က ခုမှ သတိရသွားဟန်ဖြင့်...

"ဟယ်...ဟုတ်သားပဲ။ ခုမှသတိရတယ်။ ရွှေ နေမကောင်းလို့ ဆိုင်မလိုက်တာ နှစ်ရက်ရှိပြီ"

"ယမုန်ကတော့ ဖြစ်ရမယ်"

ဟု ဉာဏ်လင်းက မှတ်ချက်ချရုံချသော်လည်း သူကတော့ ယမုန့် ကို စိတ်တိုပြီး ရွှေ့အတွက် စိတ်ပူသွားရသည်။

"ဘာ...ဘာဖြစ်တာတဲ့လဲ"

"သွေးပေါင်တွေ အရမ်းကျပြီး မူးလဲတာ"

"ဟာ...ဟုတ်လား။ အဲလိုဘာလို့ဖြစ်ရတာလဲ"

သူမသိ၍ မေးလိုက်ခြင်းပါ၊ ဉာဏ်လင်းက ဝင်ဖြေ၏။

"ဂိုလ်းက ပေပေတေတေနိုင်တယ်။ တစ်ခါတစ်ခါ ညလုံးပေါက် စာဖတ်တတ်၊ စန္ဒရားတီးတတ်တယ်။ လုပ်ချင်တာကို လုပ်တာပဲ။ စိတ်ကူး လည်း နတယ်။ ခုဟာက ညမအိပ်တာရော၊ နေ့ဘက်ပင်ပန်းတာရော ကြောင့်ဖြစ်တာ"

ဉာဏ်လင်း၏စကားကို နားထောင်ရင်း ညဘက်အိပ်မပျော်တာ သူနဲ့များ ပတ်သက်နေမလားဟု မလုံမလဲပြုံးမိရင်း မသပ်ရပ်စွာ ပြန်တည် ပစ်လိုက်ရသည်။ ရွှေ့အိမ်ရောက်တော့ ရွှေက အိမ်ရှေ့တွင် ဒရင်းဘက် တစ်ခုကို ချကာ ထိုင်နေသည်။ မျက်လုံးကို စုံမှိတ်ထားရင်း သီချင်းနား ကာ နားထောင်နေ၏။

"ရွှေ"

www.burmeseclassic.com



"ဟယ်...လှစုံပါလား။ ရွှေပြည်စိုးလည်း ပါတယ်"

"...ကိုတိတယ်... ငါ ချောခွဲလာတာ"

...ယမုန်က ဝင်ပြောခြင်းဖြစ်သည်။

"နေကောင်းလား ဂိုးလ်"

"အင်း...ဆိုပါတော့။ ဉာဏ် ဟိုက စားပွဲပေါ်မှာ မေးခွန်းဟောင်းတွေရှိတယ်။ သွားယူလိုက်"

"အေးပါ...။ ခိုင်က နင့်အတွက် ဟင်းထည့်ပေးလိုက်တယ်။ နင် ထမင်းကော စားလို့ဝင်ရဲ့လား"

"ဟင့်အင်း...နည်းနည်းပါးပါးပဲ စားနိုင်တယ်"

"ဒါကြောင့် နင့်ကိုပြောတာ။ နင် စိတ်အလိုမလိုက်နဲ့။ ညညမအိပ်ဘဲ ဂစ်တာတီးတာ၊ စာဖတ်တာ မလုပ်နဲ့လို့"

"အေးလေ...အရုပ်ကို အားနာဦးမှပေါ့"

ရွှေနှင့်ဉာဏ်လင်း အချီအချပြောနေတာကို ငေးနေမိသော ရွှေပြည်စိုး၏ အကြည့်များကြောင့် ယမုန်က ဝင်ရှုပ်လိုက်ခြင်းဖြစ်သည်။

ရွှေက ရယ်ရင်း...

"အရုပ်ကိုတင် မဟုတ်ပါဘူးဟာ...။ တစ်ခါတလေ ကိုယ့်ကိုယ်ကိုလည်း အားနာပါတယ်"

အားလုံးရယ်ဖြစ်ကြသည်။ အမှန်တော့ နေ့လည်ဆယ့်နှစ်နာရီခွဲတွင် သူ နယ်ကိုယ်စားလှယ်တစ်ဦးနှင့် ချိန်းထားတာရှိသည်။ သို့သော် ထိုကိစ္စကို တမင်မေ့ချင်ဟန်ဆောင်ကာ ဖုန်းပါ ပိတ်ထားလိုက်၏။

"ရွှေ"

"ဘာလဲ"

"ငါတို့ကို ဘာကျွေးမှာလဲဟင်။ ခုဟာက နေ့လည်စာစားတဲ့



www.burmeseclassic.com

www.burmeseclassic.com



အချိန်ဟ"

ရွှေပြည့်စိုး မနေနိုင်၍ ယမုန်ကို ဝင်ဟန့်ရသည်။ ယမုန်ကတော့ ခပ်တည်တည်ပင်။

"အံမယ်...လက်ချည်းပဲ မဟုတ်ပါဘူး။ ညနေလောက်ဖြစ်ဖြစ်၊ ညလောက်ဖြစ်ဖြစ် လူတစ်ယောက်ကို ဓာတ်စာတွေ ပို့ခိုင်းလိုက်မှာပါ။ လောလောဆယ်တော့ ဖုန်းမဆက်ရသေးလို့"

ယမုန်က အဓိပ္ပါယ်ပါပါပြောတာကို သူနှင့်ရွှေက ရိပ်မိသည်။ ဉာဏ်လင်းကတော့ တကယ်ပဲ မရိပ်မိတာလား၊ မသိချင်ယောင်ဆောင်တာလား မသိ။

"ကဲပါဟာ...ငါကျွေးမှာပါ။ ဒေါ်နုရေ..."

ဒေါ်နု ထွက်လာ၏။

"ဒေါ်နု...ဒီနေ့ ဘာချက်လဲ"

"ကြက်သားပြုတ်ကြော်၊ ငရုပ်သီးငပိချက်၊ မုန်လာဉနဲ့ငါးချဉ်ရည်"

"ခေါက်ဆွဲထုပ်ကော ရှိလား"

"ရှိတယ်"

"ဘာစားကြမလဲ"

"ထမင်း"

ယမုန်နှင့်ဉာဏ်လင်းက ပြိုင်တူဖြေ၏။ သူသာ...

"ခေါက်ဆွဲပြုတ်"

ရွှေက ရယ်ရင်း...

"ဒေါ်နု...။ ရွှေလုပ်သလို လုပ်ပေးလိုက်နော်။ ရွှေလည်း ထမင်းနည်းနည်းစားမယ်။ ပျော်စရာကြီး"

"သိနေတယ်လေ။ ဒါကြောင့်ကို အနစ်နာခံပြီးဒီမှာလာစားပေးတာ"

www.burmeseclassic.com

www.burmeseclassic.com



ယမုန်က ဝင်ပြောသဖြင့် ရယ်ရသေး၏။

ထမင်းဝိုင်းကလေးက စိုပြေပါသည်။ မစိုပြေတာက သူပါ။ ဉာဏ်လင်းက ရွှေကို အတော်လေး ဂရုစိုက်၏။ ရွှေ့ကို ကြက်သားကအစ နွှင်ပေးသည်။ နားလည်တတ်လျှင်တော့ အစ်ကိုတစ်ယောက်က ညီမ တစ်ယောက်ကို ဂရုစိုက်ကြင်နာပုံမျိုးပေါ့။ နားလည်ပေးချင်စိတ် သိပ်မရှိလှ လောက်သေးသော ရွှေပြည့်စိုးအတွက်ကတော့ ရင်ပူစရာပါ။

"ဂိုးလ်"

"ဘာလဲ"

"နင် ထမင်းစားတာ နည်းတယ်။ မစားနိုင်ရင် နွှင်ထားတဲ့ ကြက်သားတော့ အကုန်စားလိုက်။ ပြီးရင် ငါ နင့်ကို ကြက်ပေါင်းရည် တိုက်မယ်"

"အာလာလာ"

ရွှေက နှာခေါင်းလေးရှုံ့ကာ ထအော်၏။

"အဲဒါက ဘာဖြစ်ရတာလဲ"

"မသောက်ချင်ဘူး"

"ဘာလို့မသောက်ချင်ရမှာလဲ"

"အနံ့မကြိုက်ဘူး။ အဲဒါက ထားတော့။ အရသာလည်း မကြိုက် ဘူး"

ရွှေက ခုထိ အစွမ်းကုန်ရှုံ့မဲ့ထားဆဲ။ ရွှေပြည့်စိုးကလည်း စိတ်ထဲမှ မသောက်စေချင်မိ။ သို့သော် ဉာဏ်လင်းက ခပ်တည်တည်ပင်...။

"လျှာမရှည်နဲ့ဂိုးလ်၊ ငါ သောက်ကောင်းအောင်ပြင်ပေးမယ်။ ဟုတ်ပြီလား"

ရွှေက အင်းမလှုပ် အဲမလှုပ်။ ဉာဏ်လင်းကတော့ ကြက်ပေါင်းရည်



www.burmeseclassic.com

www.burmeseclassic.com



ပုလင်းကို ထဖောက်၏။ ပြီး...ခါတိုင်းတော့တော်ကာ ပန်းကန်တစ်ခုထဲတွင် ကြက်ပေါင်းရည်နှင့် ရေနွေးကို စပ်ကာ ဆားခပ်၏။ သကြားပါသည်ဆိုရုံ ထည့်၏။ ပြီး မြည်းကြည့်ကာ...

"အိုကေ...ရပြီ။ ဂိုးလ် သောက်ကြည့်စမ်း"

"မသောက်ချင်ပါဘူး ဥာဏ်ရာ"

"မရဘူး။ အရင်မြည်းကြည့်။ အဝင်ကောင်းသွားပြီ"

ရွှေက ရှုံ့မဲ့မဲ့လေးနှင့် ပန်းကန်ကို ဆွဲယူ၏။ ပြီး...အသာမြည်း ကြည့်သည်။ မျက်နှာက တဖြည်းဖြည်းပြေလျော့သွားကာ...

"ဟာ...ဟုတ်တယ် မဆိုးတော့ဘူး။ ကောင်းသွားပြီ"

တစ်ချက်တည်းနေအောင် မော့ချလိုက်တော့ ကြက်ပေါင်းရည်များ ကို မနာလိုစွာကြည့်မိတာကလွဲလျှင် ရွှေပြည်စိုးတစ်ယောက် ဘာမှ မတတ်နိုင်ပါ။

သူသည် ဥာဏ်လင်းနှင့် ရွှေ၏ဆက်ဆံရေးကို ရှင်းလင်းသော် လည်း စိတ်မချနိုင်ဖြစ်နေမိသေးတာတော့ အမှန်ပင်။ သူဟာ ရွှေက လက်ခံပေါင်းသင်းချင်သော အရည်အချင်းများနှင့် ပြည့်စုံသော သူငယ်ချင်း တစ်ယောက် ပီသပါရဲ့လား...။

ရွှေက သူ့အပေါ် အလေးအနက်ရှိတာတော့ သူသိပါသည်။ ဥာဏ်လင်းလို မရင်းနှီးတာတော့ သေချာ၏။ ဟိုစဉ်ကတည်းက စိတ်တူ ကိုယ်တူ တည်ဆောက်ထားခဲ့သော ခင်မင်မှုအဆောက်အဦ၏ ခိုင်ခံ့မှုကို ရွှေပြည်စိုးတစ်ယောက် ဘယ်လိုမှ ခြေဖျက်မရနိုင်မှာကိုလည်း သိနေသည်။

ထင်ယောင်ထင်မှားမှုများအလွန်တွင် မခြေဖျက်နိုင်သော သံသယ များကတော့ ရှိနေမည်မှာပင်။

www.burmeseclassic.com

www.burmeseclassic.com



"ရွှေ"

"ဟင်"

"နင် အိပ်တော့မလား။ ငါ စောင်ခြုံပေးမယ်"

"ဟင့်အင်း...မအိပ်ချင်ပါဘူး။ အိပ်လို့လည်း ပျော်မှာမှ မဟုတ်တာ။ ဟာ..."

ယမုန် ရွှေ့ကိုကြည့်ကာ ရွှေမသိအောင် သက်ပြင်းခိုးချမိသည်။

ဒီသူငယ်ချင်းမလေးက အရာရာကို အလေးအနက်ထားလေ့လာ တတ်မြောက်သလို အရာရာကိုလည်း အလေးအနက်ထား စူးနစ်တတ် တာ သူသိထားသည်။ ထို့အတူပဲ ဟန်ဆောင်နိုင်စွမ်း၊ ထိန်းချုပ်နိုင်စွမ်း ကလည်း ကြီးလွန်းသည်။ ရွှေပြည့်စုံဘက်က ရွှေ့ကို စိတ်ဝင်စားသလို ရွှေ့ဘက်ကလည်း ပြန်စိတ်ဝင်စားတာ ယမုန်သိပါသည်။

တစ်သက်လုံး ပေါင်းလာသော သူငယ်ချင်းမို့ ရွှေ အကျင့်လေးတွေ ကိုလည်း ရိပ်စားနားလည်သည်။ ယမုန်က အလေးအနက်မထားတတ်သူ

www.burmeseclassic.com

www.burmeseclassic.com



မို့သာ မေ့မေ့လျော့လျော့ ထားခဲ့တာ။ ရွှေ့မှာက အပေါင်းအသင်းများ သည်။ ခင်မိလျှင်လည်း ရွှေက လေးလေးနက်နက် စူးစူးနစ်နစ်ကို ခင်၏။

ဂရုတစိုက်လည်း ရှိတတ်သည်။ ယောက်ျားလေး မိန်းကလေး တစ်တန်းတည်းသာ ထား၏။ စိတ်ရှင်းသူကိုး...။

ခု...ရွှေပြည်စိုးကိုတွေ့တော့ ရွှေဆက်ဆံပုံက အဲဒီလိုမဟုတ်။ ပွင့်လင်းရင်းနှီးသည်ဟု ထင်ရသော်လည်း တစ်ခုခုကာဆီးထားသလို (သူနှင့်ရွှေပြည်စိုး ရင်းနှီးသလို ဖြစ်မလာတာတော့ သေချာသည်)။

အချိန်ကာလ တိုတောင်းသေး၍ဟု ထင်လျှင်ရနိုင်သော်လည်း ယမုန်က အစင်းသိလေ။

"ရွှေ"

"ဟင်"

"နင် တစ်ခုခုကိုများ စိုးရိမ်နေသလား"

ရွှေက မျက်လုံးစုံမှိတ်ထားရာမှ ယမုန့်ကို အသာဖွင့်ကြည့်ကာ...

"ဘာလို့လဲ ယမုန်။ ငါ့ပုံက အဲလို ဖြစ်နေလို့လား"

"မဟုတ်ပါဘူးဟာ...။ ဒါပေမဲ့ နင့်ရောဂါက အဲဒါမျိုးကြောင့် ဖြစ်တယ်လို့ ငါထင်နေတာ"

"နင်ပဲ ထင်တာလား"

ရွှေက အလန့်တကြား မျက်ဝန်းများနှင့်ကြည့်ကာ စိုးရိမ်တကြီး မေး၏။

"ငါပဲထင်တာပေါ့ဟာ။ ဟို အူကြောင်ကြောင်ကောင် ရွှေ့ရေနဲ့ အလိုက်ကမ်းဆိုးမသိတဲ့ ဉာဏ်လင်းတို့သာ သိရင် နင် ဒီလိုငြိမ်နေစရာ တောင် မရှိဘူး"

www.burmeseclassic.com

www.burmeseclassic.com



ယမုန်က မျက်တောင်လေး ဟန်မဲ့ပါပါချိုပေါ်ကာပြောတော့ ရွှေက…

"ယမုန်"

"ဘာလဲ"

"ခုရော ငါဘာဖြစ်နေလို့လဲဟင်"

ယမုန် တစ်ခါမှ မပြုံးဘူးသော ငြင်သာအပြုံးလေးပြုံးလိုက်မိ၏။

"ရွှေရယ်…။ အစိုးရိမ် ကြီးမနေပါနဲ့။ နင့်ရင်ထဲက အရာတွေကို နင် သိုဝှက်ထားတာ မလုံခြုံလို့၊ နင့်စည်းရိုး မလုံလို့ မဟုတ်ပါဘူး။ ငါက နင့်ကို ချစ်လွန်းလို့ ခံစားသိနဲ့ သိနေတာပါ"

ထိုစကားကြောင့် ရွှေက ရှက်ရွံ့စွာ ပြုံး၏။ ဘာမှတော့မပြော။ ထို့ကြောင့် ယမုန်က…

"ကဲ…ရွှေ"

"ဘာလဲ"

"ငါတို့ ပွင့်ပွင့်လင်းလင်းဆွေးနွေးရအောင်"

"အင်းပါ"

အင်းပါဆိုသော အသံလေးက ရှက်ရွံ့နေသံ ပါသေးသည်။ ဒီလောက် အရာရာကို ထက်မြက်ရဲဝံ့စွာ ရင်ဆိုင်ရဲသူက ခုကျတော့လည်း အချစ်ဆိုသောအရာ၏ စွမ်းအားက ထူးတော့ ထူးခြားတာအမှန်။

"နင် ခု ဘာဖြစ်နေလဲ"

"အင်း…ဟိုလေ ဘယ်လိုပြောရမလဲ"

"ဒီအတိုင်း ရင်ထဲရှိတာ ပြော"

"ဉာဏ်လင်းနဲ့ ငါ့ကို ရွှေပြည်စိုး အထင်လွဲမှာ ငါ စိုးရိမ်နေတာ"

"အဲဒါ ဘာလို့စိုးရိမ်ရတာလဲ"

"ဟာ…"

www.burmeseclassic.com

www.burmeseclassic.com



ယမုန်က နောက်မေးလိုက်ခြင်းဖြစ်သော်လည်း ရွှေက ရှက်ရွံ့စွာ ခေါင်းလှည့်သွား၏။

"ငါဖြင့် တစ်သက်လုံးပေါင်းလာတာ နင့်ကို ဒီလိုစရိုက်နဲ့ ဒီတစ်ခါပဲ မြင်ဖူးသေးတယ်။ စတာပါဟာ...။ ယမုန်ပါ အတွင်းထိ ဖောက်မြင်နိုင်ပါတယ်။ ခုဟာက အတွင်းက အသံတွေကို ကြားချင်လို့ပါ"

"အင်းလေ...ငါပြောနေတာပဲ"

"အဲဒါဆိုရင် နင် မစိုးရိမ်နဲ့တော့"

"ဟင်...ဘာလို့လဲ။ နင့် ရွှေငှက်က ငါနဲ့ ဉာဏ်လင်းကို နားလည်တယ်လား"

"ဟင့်အင်း...အစောကြီးထဲက အထင်လွဲပြီးသား"

"ဟာ..."

"ဟုတ်တယ်...။ နင်နဲ့ဉာဏ်လင်း ကော်ဖီဆိုင်မှာ တမေ့တမော စကားထိုင်ပြောနေကတည်းက သူက လွဲပြီးသား။ ငါကတော့ ကြားထဲက ဖြေရှင်းပေးထားပါတယ်၊ သူက ယုံပုံမပေါ်ဘူး။ ပြီးတော့..."

"အင်း...ဆက်ပြောလေ"

"နင် ဉာဏ်လင်းအတွက် ပရင်တာသွားဝယ်တုန်းက အဲဒါလည်း သူသိတယ်။ မကြည်လင်ဘူး"

"ဟာ..."

"အေး...ဒါတွေသိလို့ ဒီနေ့ ငါ ဒီကောင့်ကို မရအရခေါ်ပြီး ဉာဏ်လင်းနဲ့ ခိုင့်ဆီ ခေါ်သွားတာ။ အဲဒီကနေ ဉာဏ်လင်းကိုခေါ်ပြီး ဒီကိုလာတာ။ ဖြစ်စေချင်တာက အမြင်ရှင်းဖို့။ ခုတော့ ဉာဏ်လင်းက အစိုးရိမ်လွန်၊ ဂရုစိုက်လွန်သွားတော့ ဟိုက မျက်စိပျက် မျက်နှာပျက်နဲ့။ ဒါ ပုံမှန်ပဲဆိုတာကို သူငယ်ချင်းနည်းတဲ့ ရွှေငှက်က သိမှာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ရွှေက သက်ပြင်းချ၏။ ပြီး...

"ဉာဏ်က ရိုးရိုးသားသားနဲ့ ငါ့ကို ညီမတစ်ယောက်လို ချစ်လို့ လုပ်ပေးတာဆိုတော့လည်း ငါက မငြင်းရက်ဘူး"

"ငါ နားလည်တယ်ရွှေ။ သူငယ်ချင်းတွေ ချစ်ကြရင် တစ်ခါတလေ ချစ်သူတွေလိုက်မလုပ်ပေးနိုင်တာတောင် သူတို့ လုပ်ပေးနိုင်ကြတယ်ဆိုတာ ငါနားလည်တယ်"

"အေးပါဟာ...။ ငါကလည်း ချစ်တဲ့သူတစ်ယောက်အတွက်နဲ့ သူငယ်ချင်းကို အမုန်းမခံပါဘူး"

"ငါ့ဘာသာပဲ ကြိတ်ခံစားမယ်ပေါ့ ဟုတ်လား။ ကြည့်လုပ်ဦး။ နင့်မှာ နှလုံးတောင် အားနည်းနေပြီလို့ နင့်အစ်ကိုက ပြောတယ်"

ရွှေ ရယ်၏။

"ငါ့ဘာသာငါ ပြန်ထူထောင်မှာပါ။ ရက်ပိုင်းအတွင်းပေါ့။ ရွှေပါဟာ ဘာလို့ ဒီလောက်ပျော့ကျသွားရတာလဲလို့ ကိုယ့်ဘာသာကိုယ် အားမရ ဖြစ်နေမိတာ"

ယမုန်က ပြုံး၏။

"အချစ်လေ...အချစ်ကြောင့်"

"သြော်...ဒါနဲ့"

"ပြော...ရွှေ"

"နင် ဘာလို့ ဒီလိုလိုက်ရှင်းပြပေးနေတယ်ဆိုတာ ရွှေပြည်စိုးက သိရဲ့လား"

ရွှေ၏ စိုးရိမ်စကားကြောင့် ယမုန်က ရယ်၏။

"ငါ မိန်းကလေးပါဟာ။ သူ့ကို သူငယ်ချင်းကောင်းတစ်ယောက် အနေနဲ့ ကူညီလို့ နင့်ကိုလည်း သူငယ်ချင်းကောင်းနေရာကပဲ စောင့်ရှောက်

www.burmeseclassic.com



ပါတယ်နော်”

“ကျေးဇူးပါပဲ”

“ကျေးဇူးတင်စရာမလိုဘူး။ ဒီဘက်က သေချာလို့ဖွင့်ပြောလာမှာမျိုး ငါက မလိုချင်ဘူး။ သူ စွန့်စားရမှာပေါ့။ စွန့်စားရမှာကို စိုးပြီး သေချာမှ လက်မှတ်ဖြတ်ချင်တဲ့ အကောင်မျိုးတွေကို ငါက မုန်းတယ်။ ပြီးတော့ ဒီကောင့် အူကြောင်ကြောင်အတွေးတွေကိုလည်း ငါက မြင်စေချင်တယ်။ မြင်လို့ရမှလည်း သူက နှင့်ကို ဖွင့်ပြောမှာ။ နှင်တို့ကြားမှာ ဉာဏ်လင်းက အဓိက မဟုတ်ပါဘူး။ အချိန်တန်ရှင်းသွားမှာ။ အဓိကက သူ့ရဲ့ ရွှေရောင်အတ္တတွေ၊ အူကြောင်ကြောင်အတွေးအခေါ်တွေ...”

ယမုန့်စကားကြောင့် ရွှေက နားမလည်သလိုကြည့်သည်။

“ရွှေပြည်စိုးဘက်က ဘာဖြစ်နေလို့လဲဟင်”

“အင်း...ငါပြောပြပါ့မယ်။ သူ့ရင်ထဲက အတွင်းသိစစ်စစ်ကို နှင် သိထားတော့ ပိုကောင်းတာပေါ့”

“အေးပါ...ပြောပါ”

“နေဦးဟာ ဗိုက်ဆာတယ်။ ကော်ဖီသောက်ချင်တယ်၊ မုန့်စားချင် တယ် ဟဲ...ဟဲ...”

“အရေးထဲ ယမုန်ကတော့ ရစ်ပြီ။ ဒေါ်နုရေ...”

ဒေါ်နုကို သူစားချင်တာ သူလုပ်ခိုင်းပြီးမှ...

“ဒီလိုဟာ...”

“အင်း”

“သူက နှင့်ကို ရှိန်နေ လန့်နေတာ ပါတယ်”

“ဘာလို့လဲဟင်”

“နှင်က တော်တာကိုး”

www.burmeseclassic.com

www.burmeseclassic.com



"မြတ်စွာဘုရား…။ ငါဖြင့် ငါ့ကိုယ်ငါ အဲဒီလို တစ်ခါမှ ဘဝင်မြင့် ကြည့်ခဲ့ရပါလား"

ရွှေက ရင်ဘတ်ကလေးဖိကာ မသက်မသာဆို၏။

"အေး…နှင်တော်တာကို ငါက အသိအမှတ်ပြုပါတယ်။ ဒါပေမဲ့ ဒါဟာ အချစ်မှာ ဘာမှမဆိုင်ဘူးလို့ ငါက လက်ခံတယ်"

"အင်းလေ…ဘာဆိုင်လို့လဲ"

"အင်း…ဒါပေမဲ့ သူ့ဘဝမှာက သာမာန်စီးပွားရေးသမားဝန်းကျင်မှာ ကြီးပြင်းလာတာ။ ပညာဆိုပြန်တော့လည်း လူတကာယူနေတဲ့ ဘွဲ့ကိုတောင် အဝေးသင်တက်နေရပြီး၊ ကျကလည်း ကျထားသေးတာကိုး"

"ဒါပေမဲ့ သူ့အသက်မွေးဝမ်းကြောင်းမှုက တခြားလေ"

"နှင်ဝင်ကာစရာမလိုပါဘူးဟ။ ငါတို့ကလည်း အဲဒီလိုပဲ ပြောစာပဲ"

"မရဘူးလား"

"မရပါဘူး။ သူဖြစ်စေချင်တာက သူ့ချစ်သူဟာ အရာရာ သူ့ညွှန်ပြသွန်သင်ပေးလို့တတ်တဲ့ သူပဲ ဖြစ်စေချင်တယ်"

"အာ…"

"ပြီးတော့…သူ့ချစ်သူရတဲ့ အောင်မြင်မှုတိုင်းဟာ သူပျိုးထောင်ပေးလို့ရတာမျိုး ဖြစ်ရမယ်တဲ့"

"ဘာဆိုင်လဲ"

"အဲဒါပေါ့ဟ။ ဒါတွေကို သူ ငါ့ကို ပြောတာမဟုတ်ဘူး။ ငါတို့ငယ်ငယ်က သူငယ်ချင်း၊ ခု စင်ကာပူရောက်နေတဲ့ အိုင်းစတိုင်းဆိုတဲ့ တစ်ယောက်ကိုပြောတာ။ အိုင်းစတိုင်းက ငါ့ကို ဖုန်းဆက်ပြောပြပြီး နှင် ကြည့်ရှင်းပေးဦးတဲ့၊ ဒီကောင် သူ့ကြိုးနဲ့ သူ့ဘာသာ အားအားယား

www.burmeseclassic.com

www.burmeseclassic.com



ယားပြန်တုပ်နေတဲ့ကောင်...တဲ့"

ရွှေက ခဏငြိမ်သွားကာ ပြီးမှ...

"ဒါ ယောက်ျားလေးတွေရဲ့ ဆန္ဒပဲလားမှ မသိတာ။ ဉာဏ်လင်း လည်း ဒီလိုပဲလေ...။ နိုင့်ကို သင်ကြားမှု ပျိုးထောင်နေရတာ ဆရာလုပ် နေရတာကို ကျေနပ်တာ"

"ဟဲ့...အဲဒါ ဆန္ဒမဟုတ်ဘူး အတ္တ။ ဘာတဲ့ အိုင်းစတိုင်းပြောတာ။ မဟာဖိုဝါဒယောင်ယောင် ရွှေရည်စိမ်အတ္တတဲ့။ ဒီကောင်နဲ့တော့ ခက်တာပါ ပဲ"

"ဟုတ်တယ်နော်"

"ဟုတ်တယ်...။ သူ့အတ္တတွေ သူလျှော့နိုင်မှ သူ နင့်ဆီ ပြန်ချဉ်း ကပ်လာမှာ။ မလျှော့ရင်လည်း နင်ပဲ စိတ်ဆင်းရဲရမှာ။ နင်ကရော နင် တတ်ထားတဲ့ ပညာတွေကို တရုတ်ကားတွေထဲက သိုင်းပညာဖျက်လိုက် သလို ဖျက်လိုက်လို့ရတဲ့အရာမှ မဟုတ်တာ"

"အဲဒါက ထားပါဟာ...။ ငါကရော အဲဒီပညာအတွက် မာနတွေ ထားမိလို့လားဟာ။ ငါ အေးအေးဆေးဆေးပဲ နေတာပါ။ ပြီးတော့ ဒါတွေကလည်း ဘာမှမဟုတ်ပါဘူးဟာ။ ငါ့ထက်သာတာတွေ အများကြီး ပါ"

"အေး...ဒါကို ငါတို့သိတယ်၊ သူမသိဘူး။ သိလည်း သူ စိတ်ဝင်စားတာက နင့်ကို။ နင့်ထက်သာတဲ့ သူတွေကို မဟုတ်ဘူး"

"ရှင်းရှင်းလေးကို လာရှုပ်နေတယ်ဟာ"

"အေး...ဒါကြောင့် ငါက နင့်ကို သေချာလာပြောတာ။ နင် စိတ်ညစ်နေမှာစိုးလို့"

"ကျေးဇူးတင်ပါတယ်ဟာ"

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးမတင်နဲ့။ အဲဒီစကားတွေနဲ့ နှင့်ကိုယ်နှင့် ပြန်တည်ဆောက်နိုင်အောင်သာ ကြိုးစား"

ယမုန့်စကားကြောင့် ရွှေ မတ်ခနဲဖြစ်သွားရသည်။ တစ်ခါတစ်ခါတော့လည်း ဟိုးအတွင်းထဲက တကယ့်အသံကို ကြားရဖို့ ခက်တတ်သည်။ ကြားရပြန်တော့ရော...။

www.burmeseclassic.com

www.burmeseclassic.com



အရာရာကို ပုံမှန်ပြန်ဖြစ်အောင် နာရီပိုင်းအတွင်း ကြိုးစားနိုင်ခဲ့၍ ယမုန့်ကို ကျေးဇူးတင်ပါသည်။ အမုန့်တော့ ရွှေသည်လည်း ပျော့ညံ့သော သူတစ်ယောက်မဟုတ်။ ထက်မြက်ရဲရင့်သူသာ။ ခုတော့....ရွှေ၏ပင်ကိုယ် အားနည်းသော ကျန်းမာရေးအခံနှင့် သုံးရက်ခန့်အလုပ်ပျက်သွားခဲ့ရသည်။

"ကိုကို ဒီ Lucky fish အနီရောင်က အသစ်ရောက်တာလား။ အရင်ကောင်လေးကော..."

"ရောင်းလိုက်ပြီ"

သုံးရက်ခန့် မရောက်သောဆိုင်ကို ရွှေ ပြန်စစ်ဆေးနေရသည်။

"ကိုကို ဒီက Angel။ အကောင်သုံးဆယ်စာရင်းက ဘယ်ဆိုင်ရဲ့ A/C ထဲ ထည့်ရမှာလဲ"

"လက်ကျထဲထည့်"

ထိုစဉ် ကားတစ်စီး ဆိုင်ရှေ့ ထိုးရပ်သံကြားလိုက်ရသည်။ ဧည့်သည် လာပြီမို့ ကိုကိုက ထိုင်ရာမှထသွားစဉ် ရွှေ့ရင်ထဲ တင်းပုံတစ်ရာကို

www.burmeseclassic.com



သိနေသလို ခံစားလိုက်ရကာ ရင်တုန်ပမ်းတုန် ဖြစ်လာသည်။ လျှောက်ဝင်လာသော ခြေသံကို ချစ်သူ့ခြေသံဟု ထင်သည်။ လှည့်မကြည့်ပါပဲ အလိုလို စိတ်က ထင်နေခြင်းပင်။ မှားမှာစိုး၍ လှည့်လည်း မကြည့်ရဲ။

"ရွှေ…"

ကိုကို့ခေါ်သံ ကြား၏။

"လာပြီ ကိုကို"

"ဒီမှာ ရွှေ့သူငယ်ချင်းတဲ့"

ဖျတ်ခနဲလှည့်ကြည့်မိတော့…

"အိုး…ရွှေ့အထင် မမှားဘူး"ဟု ရင်ထဲမှ ပျော်ရွှင်စွာ ရေရွတ်မိ၏။ သို့သော် ရွှေလေ…။ ပုံမှန်ချက်ချင်းပြန်ဖြစ်သွားကာ ငြိမ်သက်အေးချမ်းသွား၏။

"ဩော်…ရွှေပြည့်စိုး လာလေ။ ငါး လာဝယ်တာလား"

"ဟာ…မဟုတ်ပါဘူး။ ကျွန်တော်မှ ငါးမမွေးတာ။ ဟိုလေ… ရွှေ နေကောင်းသွားပြီလားလို့ လူမမာ လာမေးတာ"

"အင်း…ကောင်းပါပြီ။ မနေ့ကပဲ ဆိုင်ပြန်ထွက်တာ"

"နားတာ မဟုတ်ဘူး"

"မနားချင်ပါဘူး။ အိမ်မှာခွေခွေလေးနေရတာ စိတ်မဝင်စားဘူး။ ရွှေက တစ်ခုခုလုပ်နေရမှ ကျေနပ်တာ။ မလုပ်ရရင်လည်း တစ်ခုခု တွေးနေတာမျိုးပေါ့"

"ဟင်…အဲဒါဆို နားပြီး တွေးလေ"

"ဟင်း…ဟင်း တွေးစရာက ကုန်သွားပြီ၊ မရှိတော့ဘူး။ ဒါကြောင့် နေကောင်းသွားတာ"

ရွှေက အဓိပ္ပါယ်ပါပါပြောလိုက်ခြင်းဖြစ်သော်လည်း ရွှေပြည့်စိုးက



www.burmeseclassic.com

www.burmeseclassic.com



တော့ ဘာကိုမှ နားလည်ဟန်မတူပါ။

"လာ...မတ်တပ်ကြီး အတွင်းဘက်မှာ လာထိုင်"

ဧရာဓောက အကွယ်လေးတွင် ရှိနေသော အလုပ်စားပွဲရှိရာသို့ ခေါ်သွားလိုက်သည်။

"ဆိုင်ကရော အဆင်ပြေလား"

"ပြေပါတယ်။ အရမ်းကြီးတော့လည်း မဟုတ်ပါဘူး။ အသင့်အတင့်ပေါ့"

"ယမုန်ကော လာသေးလား"

"အင်း...ယမုန်က နေမကောင်းတုန်းက ညညလာအိပ်ပေးတယ်။ ခုရက်တော့ မလာပြန်ဘူး"

"စာရော သင်ဖြစ်သေးလား"

"ခု Bookeeping အပိုင်းတွေက ပြီးကုန်ပြီ။ ရွှေက တစ်ပိုင်းပဲ တာဝန်ယူ ကူတာလေ။ ဩော်...ဝတ်ရည်ရော လိုက်နိုင်ရဲ့လား"

"မပြောတတ်ဘူး၊ မမေးမိဘူး"

"အဲဒီလောက် ကိုယ့်ညီမကို ကိုယ်ဂရုမစိုက်နဲ့"

သူတို့ရယ်ဖြစ်ကြသည်။ ခဏနေတော့ ရွှေအစ်ကိုက ကော်ဖီမစ်နှစ်ခွက် လာချပေး၏။ ရွှေက ကော်ဖီခွက်ကို လှမ်းပေးရင်း...

"ဆာလား...။ ဆာရင် ခေါက်ဆွဲထုပ်ရှိတယ်။ အိမ်မှာလိုတော့ စိတ်တိုင်းကျ ပြင်ပေးလို့ ရမှာမဟုတ်ဘူး"

"ဟင့်အင်း...ဆာတော့ မဆာပါဘူး။ ဒါပေမဲ့ ရွှေကျွေးတာတော့ စားချင်တယ်"

နောက်ဆုံးကန့်သတ်ရက်ကို အတော်ကလေး ကျော်လွန်နေပြီဖြစ်သော စကားကြောင့် ရွှေ ရင်ထဲမှာ ကြိတ်ရယ်ဖြစ်သည်။ ရွှေပြည့်စုံတာ

www.burmeseclassic.com

www.burmeseclassic.com



နိုးတာ အတာတော့ သေချာသည်။ ဒါကြောင့်သာ သူ့ရင်ထဲရှိတာ အကုန် ပွင့်ပွင့်လင်းလင်း သူ့များကို ထုတ်ပြောရဲတာပေါ့။ သို့သော် လူညံ့တစ်ယောက်တော့ မဟုတ်နိုင်ပါ။

ရွှေက ခေါက်ဆွဲထုပ်ကို ဖောက်ကာ ရေနွေးစိမ်လိုက်၏။ ပြီး ထမင်းချိုင့်ကို ဖွင့်ကြည့်၏။

"အင်း...အတော်ပဲ။ ရွှေက လူမမာဆိုတော့ လူမမာစာတွေ ပါတယ်။ ကြက်သားကြော်ရယ်၊ အစိမ်းကြော်ရယ်"

ခေါက်ဆွဲရတော့ ကြက်သားကြော်တစ်တုံးနှင့် အစိမ်းကြော်တချို့ ထည့်ကာ ပြင်ပေး၏။ ရွှေပြည်စိုးက ရှက်ရယ်ရယ်ရင်း ပြောသည်။

"လူမမာ နာလန်ထဆို လာကပ်စားနေတာ"

"ဟာ...မဟုတ်ပါဘူး စားပါ"

"ကျွန်တော်ပြောစရာလည်း ရှိတယ်"

"ပြောလေ"

"ဟိုတစ်ခါ ရွှေ့ဆီမှာ ဗေဒင်မေးတဲ့ကိစ္စဟာရော"

"အင်း"

"ခု အတော်အဆင်ပြေနေပြီ။ ပစ္စည်းမရောက်ခင်ကို ရောက်နေတဲ့ ဒမန်း(Demand)က မနည်းဘူး ရွှေရဲ့။ အဲဒီအောင်မြင်မှုအတွက် ရွှေ့ကို ကျေးဇူးတင်ပါတယ်"

"ဟာ...မလိုပါဘူး၊ ရပါတယ်"

"လိုပါတယ်။ နောက်ဆို ရွှေက ကျွန်တော့်ကို တစ်သက်လုံး လမ်းညွှန်ရတော့မှာလေ"

"ရှင်"

ရွှေ တအံ့တဩကြည့်ကာ ရေရွတ်တော့ ရွှေပြည်စိုး ကပျာကယာ

www.burmeseclassic.com

www.burmeseclassic.com



လက်ကာ၏။

"ဟိုလေ...ဟို...နောက် ကျွန်တော် ဘာလုပ်လုပ် ရွှေဆီ ဖေဒင် လာမေးမယ်လို့ ပြောချင်တာပါ"

ရွှေက သက်ပြင်းကို ခိုးချလိုက်ရင်း အတ္တတွေကျန်နေသေးတာကိုး ဟု စိတ်မသက်မသာ တွေးမိသည်။ နှစ်ယောက်သား တိတ်ဆိတ်နေမိကြသည်။ ရွှေက ကော်ဖီကို ဖြည်းဖြည်းချင်း ဆွဲသောက်ကာ စာရင်းစာရွက်တချို့ကို လှန်ကြည့်နေ၏။ ရွှေပြည့်စိုးကလည်း ခေါက်ဆွဲကို အချိန်ဆွဲစားကာ ငြိမ်သက်နေသည်။

သူတို့နှစ်ဦးကြားမှ တိတ်ဆိတ်မှုသည် အဖြေတစ်ခုမဟုတ်ပါ။ မှန်ကန့်ထဲမှ ငါးကလေးများ ကူးခတ်သံကို ကြားရသည်အထိ တိတ်ဆိတ်နေမိကြသည်။ ရင်ထဲမှာတော့ ပင်လယ်လှိုင်းသံများ တဝုန်းဝုန်းဆူညံနေကြမလား ကာယကံရှင်များမှသာ သိနိုင်ပေလိမ့်မည်။

ရွှေပြည့်စိုး ရွှေ့ကို မသိမသာခိုးကြည့်မိ၏။ ရွှေ့လက်တွင် ခရမ်းစွဲ အသည်းပုံလေး မရှိတော့။ ရင်ညွန့်မှာရော နားမှာရော ခုလက်ရှိ ခရမ်းစွဲလေးတွေက လေးထောင့်လေးတွေ ဖြစ်နေသည်။ ရွှေ့စားပွဲထောင့်က ပန်းအိုးထဲတွင်လည်း ခရမ်းရင့်ရောင် သစ္စာပန်းကြီးတွေက စိုလန်းလှပစွာ ပွင့်နေကြ၏။ ထူးထူးခြားခြား ဒီနေ့ ရွှေခရမ်းရောင် ဝတ်မထားပါ။

"ရွှေ"

"ရှင်"

အယောင်ယောင်အမှားမှား ရုတ်တရက်မို့လားမသိ။ ရွှေ 'ရှင်' ဟု ထူးမိပြီး ရှက်သွားမိသည်။

"ကျွန်တော် မှင်ခရမ်းရောင်ဘောပင်လေး တွေ့လို့ ရွှေ့အတွက် ဝယ်လာတာ...။ အဲဒါ..."

www.burmeseclassic.com

www.burmeseclassic.com



"အင်း...အဲဒါ ဘာဖြစ်လဲ"

"ဆိုင်မှာ မစမ်းခဲ့ရဘူး"

"ဩော်...ရတယ်။ ဒီမှာ စာရွက်အကြမ်းတွေ ရှိတယ်"

"ဟင့်အင်း...အဲဒီစာရွက်အကြမ်းတွေနဲ့ ဖြစ်မှာမဟုတ်ဘူး။ ဘောလ်ပင်ပွိုင့်က (0.3) ပဲရှိတယ်။ ဒါ ရွှေ့ စာအုပ်လား"

ပြောပြောဆိုဆို စားပွဲပေါ်တင်ထားသော သားရေနက်ဖုံးနှင့် SPS ဟုကပ်ထားသော စာအုပ်ကလေးကို ခပ်တည်တည်နှင့် ဆွဲယူလိုက်သည်။

"အင်း...ဟုတ်တယ်။ ရွှေ့ အီတာလျံမှတ်စု"

"ဒီစာအုပ်မှာ တစ်ခုခုရေးခြစ်ကြည့်လို့ ဖြစ်မလား။ ဟိုလေ... စာအုပ်ရှုပ်ဆိုးအောင် မလုပ်ပါဘူး။ မှင်စမ်းရုံပါ"

ရွှေက သူ့ကို မသက်သာလိုကြည့်ပြီးမှ ပြန်ရုပ်သိမ်းကာ မသိချင်ယောင်ဆောင်နေလိုက်သည်။ ပြီး...

"ရတယ်...ရတယ်။ ခဏလေးနော်။ ရွှေ ဂဏန်းပေါင်းစက် ပါမလာလို့ ကိုကို့ကို သွားမေးလိုက်ဦးမယ်"

အမှန်တော့ ရွှေ မနေနိုင်၍ ထွက်လာခဲ့မိခြင်းပါ။ ခပ်တုံးတုံး ကောင်လေးတစ်ယောက်၏ လုပ်ရပ်များကို သူမ ကြည့်ပြီး ရင်မခုန်ချင်။ ပြီး...ထိုကောင်လေး သူ့စိတ်ကူးအတိုင်း လုပ်ချင်ရာလုပ်နိုင်ဖို့ အခွင့်ပေးလိုက်ခြင်းဖြစ်သည်။ တကယ်တော့ ဂဏန်းတွက်စက်ကလေးက စားပွဲ အံဆွဲထဲမှာ ငြိမ်ငြိမ်လေးရှိနေခဲ့သည်ပဲ။

"ဟဲ့...ရွှေ။ ငေးသည်ထားပြီး ဘာလုပ်နေတာလဲ"

ကိုကို့လေသံတိုးတိုးကြောင့် ရွှေ အရမ်းကို လန့်သွားရသည်။

"ဟာ...ကိုကိုကလည်း လန့်လိုက်တာ"

"ဘာလန့်စရာရှိလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ငါးလာစစ်နေတာ။ စာရင်းကိုက်မကိုက်"

"ဒါများ လန့်ရသေးတယ်။ အံ့ရော..."

ကိုကိုက မကျေမနပ် တိုးတိုးလေးရေရွတ်ကာ ပြန်ထွက်သွား၏။ ဆယ်မိနစ်လောက်နေမှ စားပွဲရှိရာကို ပြန်လာခဲ့သည်။ ရွှေပြည်စိုးကတော့ ခပ်တည်တည်ပင်။ ကော်ဖီကို အရသာခံ သောက်နေ၏။

"တွေ့လား ဂဏန်းပေါင်းစက်"

မြတ်စွာဘုရား...။ ထိုမေးခွန်းကြားမှ ရွှေ ကိုယ့်ဘာသာကိုယ် နဖူးပြန်ရိုက်ချင်စိတ်တွေ ပေါက်သွားရသည်။ ဟုတ်သားပဲ။ ဂဏန်းပေါင်း စက် သွားရှာသူက လက်ထဲမှာ ဘာမှပါမလာ။

"ကိုကိုက မသိဘူးတဲ့။ အဲဒါနဲ့ အပေါ်များရောက်နေလား သွားရှာ တာ မတွေ့ပါဘူး"

ခပ်တည်တည်နှင့် ညာလိုက်မိသည်။ ထိုအခါ ရွှေပြည်စိုးက သူ့အိတ်ကိုဖွင့်ကာ တစ်စုံတစ်ရာကို ဆွဲထုတ်လိုက်သည်။ ပါလာသည်က ဂဏန်းပေါင်းစက်ကလေး။ ရွှေရောင်သားရေဖုံးကလေးနှင့် ဗုက်ကလေး တစ်ကောင်ပုံလည်း ထောင့်မှာ ကပ်ထားသေးသည်။

"ရော့...ရွှေ အလုပ်ရှုပ်နေရင် ဒါလေးယူထားလိုက်"

"ရပါတယ်"

"ရပါတယ်။ ရွှေမှ ရှာလို့မတွေ့တာ"

ရွှေ ရှက်ရှက်နှင့် လှမ်းယူလိုက်ရရင်း အံခွဲထဲမှ ဂဏန်းပေါင်းစက် ကလေးကို အားနာနေမိသည်။

"ဪ...ရွှေ"

"ဟင်"

"မင်းက ရေးလို့ကောင်းတယ် သိလား။ ရော..."

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပဲ။ ဒီနေ့ ရွှေ ကံကောင်းနေလား မသိဘူး။ လက်ဆောင်တွေ ရနေတယ်"

"ရွှေ ကံကောင်းမှာပါ။ နေလည်း ကောင်းနေပြီပဲ၊ နေကောင်းတာကိုက ကံကောင်းလာတာပဲလေ"

ရွှေပြည်စိုးက သဘောရိုးနှင့်ပြောခြင်းဖြစ်သော်လည်း ရွှေကတော့ ကိုယ့်အတွေးနှင့်ကိုယ် စိမ့်ရှက်နေမိသည်။ သူပြန်ချထားပေးသော သားရေဖုံး စာအုပ်ကလေးကိုလည်း နေရာတကျယူပြီး ပြန်မထားရဲ။ ထိကို မထိရဲသေး။ ဘောပင်လေးကို ထိုစာအုပ်ကလေးပေါ် လှမ်းတင်ထားလိုက်တော့ ရွှေပြည်စိုးက မလုံမလဲ ကြည့်သည်။

ခဏနေကျတော့...

"ရွှေ"

"ဟင်"

"ကျွန်တော်ပြန်တော့မယ်။ နောက်မှ လာဦးမယ်လေ"

"ဟုတ်"

ရွှေပြည်စိုး ထွက်သွား၏။ ကားစက်နှိုးသံ၊ မောင်းထွက်သွားသံကြားပြီးမှ စာအုပ်ကလေးကို ယူကာ ကပျာကယာ အိတ်ထဲကောက်ထည့်ထားလိုက်သည်။ အချိန်မီကလေးပါပဲ။ ကိုကိုရောက်လာ၏။

"ကြာလိုက်တာ၊ ဘာလာလုပ်တာလဲ"

"ရွှေ နေမကောင်းလို့ လာမေးတာ"

"လူမမာလာမေးတာ ဟုတ်လား...။ မသိပါဘူး...ငါက ခေါက်ဆွဲပြုတ် လာစားတာလားလို့။ ဟား...ဟား...ဟား"

ကိုကိုက သဘောကျစွာ ရယ်နေလေသည်။ နေ့လည် ကိုကို လက်ဖက်ရည်ဆိုင် ထွက်သွားတော့မှ စာအုပ်ကလေးကို အသာလှန်

www.burmeseclassic.com

www.burmeseclassic.com


ကြည့်မိသည်။ နောက်ဆုံးစာမျက်နှာ မရောက်မီ တစ်မျက်နှာတွင် ခရမ်းရောင် စာလုံးလေးများစီလျက်...။

ရွှေ...
ဘယ်လိုမှ တားဆီးမရနိုင်တော့ ချစ်မိနေပါပြီ။
ရွှေပြည်စိုး

ရွှေ...စာအုပ်ကလေးကို အသာပြန်ပိတ်လိုက်သည်။
ဒါ...နောက်ဆုံး ကိုယ်တို့ရမယ့် ရလာဒ်မှ မဟုတ်သေးတာပဲ။
ခုမှ ရလာဒ်ရဖို့ အစရှိသေးတာ။

www.burmeseclassic.com

www.burmeseclassic.com



ထိုသရုပ်ဖော်ရောင်စာလုံးလေးများကို ကြည့်ကာ ယမုန်က သဘောတကျရယ်၏။ ပြီးမှ ပါးစပ်မှလည်း ပွစိပွစိ ပြောသေးသည်။

"အလင်္ကာကောင်း။ ရည်းစားစကားတောင် အသံတိတ်ပြောတဲ့ကောင်။ ပြီးတော့ အကြောကြီးနဲ့။ သူက ဘောလ်ပင်စိုက်မယ်၊ နင်က စာရွက်စိုက်ဆိုပြီး အကုန်အကျသက်သာအောင်က လုပ်သွားသေးတယ်"

"ရှာရှာကြံကြံ ယမုန်ရယ်"

"ဟုတ်တယ်...။ မသကာ စာရေးစက္ကူလှလှလေး စာအိတ်လှလှလေးနဲ့ ရင်ခုန်စရာကောင်းအောင် ပေးပါတော့လား"

"ကဲ...အဲဒါတွေ ထားပါတော့"

"ထားပါပြီ အစ်မရယ်...။ ခု ဘာလုပ်ချင်လို့လဲ။ အဖြေပေးမှာပြီလား"

"မိန်းမနော်...နင့်ကောင်က အဖြေမှ မတောင်းသွားတာ။ ငြင်းလည်း မချစ်ခိုင်းဘူး။ ဒါ... အသိပေးတဲ့အဆင့်ပဲ ရှိသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အေး...ဒါဟုတ်တယ်။ ဟုတ်တယ်ဆိုတာက အသိပေးတဲ့အဆင့် ဆိုတာကို လက်ခံတာ။ နင့်ကောင်ဆိုတာကိုတော့ လက်မခံဘူး"

"အရေးထဲ"

ရွှေတို့ ပေါ့ပါးစွာ ရယ်ဖြစ်ကြသည်။ ပြီးမှ ယမုန်က...

"ဒီကောင်က ဟုတ်ကော ဟုတ်သေးရဲ့လား မသိဘူး"

"အေး"

ရွှေက၊ ထောက်ခံနေသဖြင့် ယမုန်က မျက်လုံးပြူးကြည့်ကာ...

"နင်က ဘာကို အေးတာလဲ"

"ဟုတ်ကော ဟုတ်သေးရဲ့လားဆိုတာကို အေးတာ"

"အေးဟ...။ ငါက သူ့ကို ဒီလောက်ထိ မြန်မြန်ဆန်ဆန် ပြောလိမ့်မယ် မထင်မိဘူး။ သူ့အတွေ့အကြုံ သူသေချာစဉ်းစားရဲ့လားလို့ ငါ သံသယဝင်မိတယ်ဟ"

"အေးလေ...ငါလည်း အဲဒီလိုပဲ ထင်တာပါပဲ။ ပြီးတော့..."

"ပြီးတော့ ဘာဖြစ်လဲ ရွှေ"

"ကြော်...သူ့စာအရ တွေးကြည့်လေ။ တားဆီးမရနိုင်လို့သာ အသိပေးတာ။ သူ့ဘက်က ငါ့ကို ဘာမှ ပြန်မတောင်းဆိုဘူး။ ဒါကို ကြည့်ရင် သူ့ဆန္ဒတွေ၊ အတ္တတွေကို လျှော့ချနိုင်သေးပုံ မပေါ်ဘူး"

"ငါ ဒီရက်ထဲမှာ ဒီကောင်နဲ့မတွေ့ဘူး။ နေဦး ငါ ဖုန်းဆက်ကြည့်ရင် ကောင်းမလား"

"ဟာ...မဆက်နဲ့။ ဒီကဆက်မှန်းသိရင် မကောင်းဘူး"

ယမုန်က စိတ်မရှည်သလိုနှင့်...

"ငါ အဲဒီလောက် မတုံးပါဘူးဟာ။ ဒီနေ့ ဆန်းအေးပဲ အိမ်ကို ဆက်မှာပေါ့။ ငါကတော့ ငါ့ထုံးစံအတိုင်း မနေနိုင်တော့ဘူး။ အမြန်ကို

www.burmeseclassic.com

www.burmeseclassic.com



အကျိုးအကြောင်း သိချင်နေပြီ”

ရွှေက မျက်လုံးလေးကလယ်ကလယ်နှင့် တားရခက်နှင့် ခွင့်ပြုရခက် ဖြစ်နေပုံပေါ်သည်။

“ရွှေရယ် ဘာတွေ စဉ်းစားနေတာလဲ”

“ဟိုလေ…တော်ကြာ”

“ကဲပါ…ယမုန်သိပါတယ်။ ရွှေ့သိက္ခာကို ဘာမှမထိခိုက်စေရဘူး။ ဟုတ်ပြီလား…။ ရွှေက Extension ကနေ နားထောင်လေ…။ တစ်ခုတော့ရှိတယ်၊ တစ်ပြိုင်တည်းမပြီး ခေါ်မယ်နော်။ မဟုတ်ရင် အသံ အတိုးအကျယ် ကွာသွားလိမ့်မယ်”

ယမုန့်အကြံကို ရွှေ လက်ခံလိုက်သည်။ ရွှေက အပြင်က ဖုန်းက Cordless မှ သွားယူလာခဲ့ပြီး၊ ရွှေ့အခန်းထဲမှ ဖုန်းကို ယမုန်က ကောက်ကိုင်၏။

“ဟဲလို”

“ဝတ်ရည်လား”

“မမယမုန်လား…။ ကိုကို ရှိတယ်”

“အင်း…ခေါ်ပေး”

ဝတ်ရည်က လှမ်းခေါ်သည်။ တော်တော်နှင့် ရောက်မလာ။

“မမယမုန် ကိုကို ဘာလုပ်နေလဲ မသိဘူး။ ခဏစောင့်နော်”

“အင်း…အင်း”

တော်တော်ကြာမှ ရွှေပြည်စိုးအသံကို ကြားရ၏။

“ဟဲလို”

“ဟဲ့ ငှက်စုတ်၊ နင်ဘာလုပ်နေလဲ။ ဒီလောက်ကြာရအောင်”

“ဩော်…ခရမ်းရောင်သစ္စာပန်းတွေ တွေ့လို့ ထယ်ပြီး ပန်းအိုးထိုး

www.burmeseclassic.com

www.burmeseclassic.com



နေတာ"

ယမုန်က ရွှေကို လှမ်းမျက်စပစ်ပြ၏။

"ဟင်...နင်ကပါ ခရမ်းရောင် ကြိုက်နေပြီလား"

"ဆိုပါတော့...။ ဒါနဲ့ နင်ဘယ်က ဆက်တာလဲ၊ အသံ နည်းနည်း တိုးနေတယ်"

ယမုန် မျက်လုံးလေးပြူးသွားပြီးမှ ကပျာကယာ...

"ဖွားဖွားတို့ခြံထဲ ရောက်နေတာ။ မင်္ဂလာဒုံလေ...။ ပြီးတော့ ဒီဖုန်းက တစ်ဘက်ခြံကနေ သွယ်ထားရတာ"

"သြော်...ဒါကြောင့်ကိုး"

တစ်အိမ်တည်းတွင် ဖုန်းသုံးလုံးရှိသော ယမုန့်အဖွားသာကြားလျှင် ယမုန့်ကို သတ်လိမ့်မည်။

"ဟဲ့ နင် ရွှေ့ဆီ ရောက်သေးလား"

"ဟဲ...ဟဲ...ရောက်တယ်"

"ဘာမဟုတ်တာ လုပ်ခဲ့သေးလဲ"

"မလုပ်ပါဘူးဟာ...လက်ဆောင်သွားပေးတာပါ။ ခရမ်းရောင် ဘောလ်ပင်လေးလေ...။ လှတယ်ဟ"

"ခရမ်းရောင် စာကြောင်းလေးကော မပါဘူးလား"

"ဟား...ဟား...ဟား။ နင့်ကို ရွှေက အကုန်ပြောထားတာကိုး"

"ရယ်မနေနဲ့၊ အဲဒါဘာသဘောလဲ"

ယမုန်က ခပ်တည်တည်နှင့် မေးလိုက်သည်။

"ဟ ဘာသဘောရမှာလဲ၊ ဟိုလေဟာ...။ အင်း...ရည်းစား စကား ပြောတာ"

"သြော်...ပြောရင်လည်း ပါးစပ်က ပြောပါလား။ နို့တော့ နင့်ဟာ

www.burmeseclassic.com



တာ ယမုန်သူငယ်ချင်းမဟုတ်တာ ကျနေတာပဲ။ ခိုးကြောင်ခိုးဝှက်”

“ဪ…နင်ဆို ပြောင်လိုက်ပြောတာပဲလား”

“ဟဲ့အကောင် သေတော့မယ်။ ဒါ နောက်စရာမဟုတ်ဘူး။ မနောက်နဲ့။ ငါ အတည်မေးမှာ”

ထိုအခါကျမှ ရွှေပြည်စိုးက…

“မေးလေ”

“နင် တကယ်ဆုံးဖြတ်ချက်ကျလို့ ရွှေ့ကို ဖွင့်ပြောတာလား။ ဒါမှမဟုတ် မနေနိုင်လို့ အသိပေးတာလား”

ရွှေပြည်စိုးဘက်မှ အဖြေချက်ချင်းမရဘဲ တိတ်နေလေသည်။

ရွှေနှင့်ယမုန်လည်း တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ ငြိမ်နေမိကြသည်။ အတော်ကြာမှ ယမုန် မနေနိုင်တော့ဘဲ…

“ဟဲ့ မေးနေတယ်လေ။ ဘာလဲ…နှလုံးခုန် ရပ်သွားပြီလား”

“အေးကွာ…ရပ်သွားရင်လည်း ကောင်းသား”

“မရပ်ခင် ငါမေးတာ ဖြေသွားဦး”

“ဆုံးဖြတ်ချက်ကျလို့ရယ်လို့ မဟုတ်ဘူး။ ငါ ရွှေ့ကို တစ်သက်လုံး လက်တွဲရဲ လက်မတွဲရဲဆိုတာ ငါ့ကိုယ်ငါ မသေချာသေးဘူး”

“နင်ကလဲ အရေးထဲ ကြောင်နေပြန်ပြီ”

“ကြောင်တယ်ပဲပြောပြောကွာ…အတွေကြီးတယ်ပဲ ပြောပြောကွာ ငါ ရွှေ့ကို ရှိန်နေသေးတာတော့ ဝန်ခံတယ်”

ရွှေ မျက်စိကို စုံမှိတ်ထားလိုက်မိသည်။

တစ်လျှောက်လုံး အပတ်တကုတ် လေ့လာကြိုးစားခဲ့မိသမျှတွေသည် ဒီလူနှင့်ကျမှ အပြစ်တစ်ခုပမာ ဖြစ်နေရသည်ကိုး။

“ဒါဆို နင့်ဟာက ဘာလုပ်တာလဲ”

www.burmeseclassic.com

www.burmeseclassic.com



"မနေနိုင်လို့ ပြောမိတာ"

"ဘာလဲ...နေရာကြိုဦးထားတာ။ ထိုင်ချင်မှ ထိုင်မယ်ဆိုတဲ့ သဘောလား"

"ယမုန်"

"ဘာလဲ"

"နင် ငါ့ကို ညှာညှာတာတာ ဝေဖန်ဟာ"

"ဟင် ဒါအသက်ညှာဆုံးပဲ။ ဒါတောင် သူငယ်ချင်း အရင်းခေါက်ခေါက်မို့၊ နင့်မှာလည်း ညီမရှိတာပဲ၊ နင့်ညီမကို အကောင်တစ်ကောင်က အဲဒီလို ဆုံးဖြတ်ချက်မကျသေးဘဲ နေရာကြိုဦးဖို့ အသိပေးတာဆိုရင် နင် လက်ခံချင်မလား"

အသံထွက်မလာတော့...။

"အေး...အဲဒီလိုပဲ ရွှေကလည်း မိန်းကလေး။ ရွှေက အေးလို့ သိလား။ ရွှေ့နေရာမှာ ငါသာဆို နင်မလွယ်ဘူး"

"ငါကလည်း နင့်ဆို စိတ်ကူးထဲတောင် မထည့်ပါဘူး"

"ငါကလည်း ဝေးပါသေးတယ်"

"နင်ဝေးတာ အရေးမကြီးပါဘူး၊ ရွှေ မဝေးဖို့တဲ့ အရေးကြီးတာပါ"

"ဩော်...နင်က ရွှေနဲ့မဝေးချင်ဘူးလား။ နီးလည်းမနီးချင်သေးဘူး မဟုတ်လား"

"အာ...အဲဒီလိုတော့ မဟုတ်ပါဘူး"

"အဲဒီလိုမဟုတ်ရင် ဘယ်လိုလဲ"

ရွှေက ယမုန်ကို လက်ကာတားသော်လည်း ယမုန်က မရတော့

"ငါ ရွှေ့ကို တကယ်ချစ်တယ်"

တုန်ရီစွာ ထွက်လာသော ရွှေပြည်စိုး၏အသံကို ရွှေ ကြားလိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ယမုန်လည်း ကြားတာပင်။

"တကယ်ချစ်တယ်"

"ဟုတ်တယ်"

"ချစ်တော့ချစ်တယ် ရာသက်ပန် လက်မတွဲရဲလို့ ခဏပဲချစ်မယ် ဆိုတဲ့ သဘောလား"

"အဲလိုလည်း မဟုတ်ရပါဘူး ယမုန်ရာ…"

"မဟုတ်ရင် ဘာလဲ"

"ငါလည်း မပြောတတ်တော့သေးဘူး။ ခု ပြောတတ်တာ တစ်ခုက တော့ ငါ ရွှေ့ကို ချစ်တယ်။ ပြီးတော့ ရိုးရိုးသားသား ဝန်ခံရရင် ငါ ရွှေ့လို ထူးချွန်တဲ့မိန်းကလေး။ ထက်မြက်တဲ့ မိန်းကလေးမျိုးကို သဘော တော့ကျတယ်။ လက်တွဲဖို့ စိုးရွံ့နေတယ်။ ဒါ…ငါ အမှန်အတိုင်း ပြောတာပါ။ ညာပြီး ရွှေ့ဆီက အဖြေတောင်း တွေတွေဝေဝေနဲ့တွဲပြီး ထားခဲ့ဖို့ ငါမကြံစည်ပါဘူး။

ငါ ယောက်ျားပါ။ ခုနက နှင်စွပ်စွဲသလို ငါ နေရာဦးထားတာလည်း မဟုတ်ပါဘူး။ ရွှေ့ရင်ထဲမှာ ဦးဖို့ နေရာရှိမရှိလည်း ငါမသိဘူး။ ငါသိတာက ငါ ရွှေ့ကိုချစ်တဲ့အကြောင်း ရွှေ့သိစေချင်လို့ ပြောပြမိတယ် ဒါပါပဲ"

မရွှေ့ယမုန် အသံတိတ်သွား၏။

"ယမုန်"

"အင်း…ပြော"

"နှင် နှင့်သူငယ်ချင်းအတွက် ဒေါသထွက်နေတာလား"

"ဟို…အဲ"

"နှင်ပဲ သဘောတူလို့ ငါတို့ကို တွေ့ပေးခဲ့တာလေ"

"အေးလေ။ ဒါပေမဲ့ ခုဟာက နှင့်ဟာက ပြုံးမှမပြတ်သွားတာ"



www.burmeseclassic.com

www.burmeseclassic.com



ရွှေပြည့်စိုးက ထိုစကားကြောင့် မချိတရိရယ်၏။

"ယမုန်"

"အင်း"

"ငါ ပြတ်သွားတဲ့နေ့ကျရင်ကော ရွှေက ငါ့အပေါ် လက်ခံပြတ်သွားပါ့မယ်လို့ နင်က အာမခံပေးနိုင်မှာမို့ နင် ငါ့ကို ဆူနေတာလား"

"မြတ်စွာဘုရား"

ယမုန် ခပ်တိုးတိုး ဘုရားတ၏။

"နင် အာမ မခံနိုင်ဘူး၊ မဟုတ်လား"

"အဲလိုတော့ အာမ မခံနိုင်ဘူးလေ။ ဒါပေမဲ့..."

"ဒါပေမဲ့ ဘာဖြစ်လဲ"

"ငါ ရွှေ့ကို ကူပြောပေးမယ်"

"အချစ်ဆိုတာ ကူပြောရုံနဲ့ ဖြစ်တည်လာသလား"

"အဲ..."

"ဆုံးဖြတ်ချက်တစ်ခု လေးလေးနက်နက် ချဖို့တောင် နင် အခုကူပြောနေလျက်နဲ့ ဖြစ်မှမဖြစ်လာသေးတာ၊ အချစ်ဆိုတာကလည်း နင်ပြောသလောက် မလွယ်ပါဘူး။ လွယ်မှတော့ ငါ ရွှေ့ကို မချစ်မိအောင်ပဲ ကြိုးစားတော့မှာပေါ့ မိယမုန်ရာ"

"ဒါတော့ ဟုတ်ပါတယ်"

"ဘယ်ဟာက မဟုတ်တာလဲ"

"အင်း...နင်တို့နှစ်ယောက်ကို ငါက တွေ့ပေးခဲ့တာ။ ဖြစ်စေချင်ခဲ့တာ။ ငါက နင်တို့ရဲ့ လမ်းပြကြီးလေ"

"ဒါပေါ့"

"ဒါမပေါ့နဲ့။ ခု အဲဒီလမ်းပြကြီး ဘာလုပ်ရမှန်းမသိ ဖြစ်နေတာကို



www.burmeseclassic.com

www.burmeseclassic.com



တော့ ဘယ်သူမှ မသိကြဘူး"

"ရွှေ မသိပေမယ့် ငါသိပါတယ်"

"အေးပါဟာ"

"နောက်တစ်ခုရှိသေးတယ်"

"ဘာလဲ"

ရွှေပြည်စိုး ခဏငြိမ်နေပြီးမှ စကားကို ပြန်ဆက်၏။

"ကံကြမ္မာဆိုတာ ဖန်တီးယူလို့မရဘူး။ ဒီတော့ ငါနဲ့ရွှေ ကံပါရင် ဆုံကြမှာပါဟာ"

"တချို့ကတော့ ကံကြမ္မာဆိုတာ လုပ်ယူရခြင်း တစ်ဝက်ပါတယ်တဲ့။ တစ်ဝက်က နင်နဲ့ဆိုင်တယ်"

"အေး...အဲဒီတစ်ဝက်ကို ငါကြိုးစားမယ်"

"အိုကေ...ဘိုင့်ဘိုင်"

ယမုန် ဖျတ်ခနဲ ဖုန်းကို ချပစ်လိုက်၍ ရွှေလည်း ကပျာကယာ ဖုန်းပိတ်လိုက်ရသည်။ ယမုန်က ရေတစ်ခွက် ကမန်းကတန်း ထည့်သောက်ရင်း...

"အောင်မယ်လေး...မောလိုက်တာ မောလိုက်တာ။ ဒီလိုမှန်းသိ ဒီဇာတ်ကို ကျွန်မ စမပေးခဲ့ပါဘူး။ ခုတော့ ကြားထဲက အောင်သွယ် သေမယ့်ကိန်း ဆိုက်နေတယ်"

"အောင်သွယ်ကတော့ မသေပါနဲ့ဟာ။ ငါနဲ့မညားလည်း အောင်သွယ်နဲ့ညား။ ဟား...ဟား...။ နာတယ်ဟ"

ရွှေကို လက်ထဲရှိသော ရေခွက်နှင့် ခွပ်ခနဲနေအောင် လှမ်းခေါက်ပစ်လိုက်ခြင်းဖြစ်သည်။

"ဇာတ်ဆရာ ကိုယ့်ဇာတ်ကို မနိုင်လို့ စိတ်ညစ်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အေးဟာ...နင်တို့နှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် ချစ်လျက်နဲ့ ဘာတွေရှုပ်နေမှန်းကို မသိတာ။ အေး...တစ်ခုတော့ မှာမယ် နော်"

"ဘာလဲ"

"သူ့ဘက်က ပြောင်းလဲလာတဲ့နေ့ကျရင် နင့်ဘက်ကတော့ အာမခံ ရမယ်နော်"

"ဘာလဲ...အသက်ရှစ်ဆယ်ကျော်မှလား"

သူတို့ မလွင်သော ရယ်သံများနှင့် ရယ်မိကြသည်။

ခရမ်းရောင်လွှမ်းနေသော ရွှေအခန်းလေးသည် အလွမ်းငွေ့တွေ ဝေနေတာနှင့် ခပ်ဆင်ဆင်တူနေသည်ဟု ယမုန်ခံစားမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထူးထူးဆန်းဆန်း တစ်ခုလာကူစမ်းပါဟု ဖုန်းဆက်အကူအညီတောင်းသဖြင့် ယမုန်ထွက်လာရသည်။ အံ့ရော…။ တစ်သက်လုံး ကိုယ်ကချည်း အကူအညီတောင်းနေခဲ့သူက ခုတော့ ကိုယ့်ကို အကူအညီပြန်တောင်းသည်ဆိုတော့လည်း ယမုန် နည်းနည်းဘဝင်မြင့်ကာ ထွက်လာခြင်းဖြစ်၏။ မဟုတ်လို့ကတော့ ကိုယ့်ကိစ္စတောင် ကိုယ်ပျင်းသော ယမုန်ပါ။

"လာ…ယမုန် ထိုင်"

"ပြော…ဘာကိစ္စလဲ"

"ပန်းချီကားသုံးချပ်လောက် လိုချင်လို့။ ငါ့အဖေရဲ့ မိတ်ဆွေတစ်ယောက်က မှာတာ"

"ဘာလဲ…။ ငါက ဗိုလ်ချုပ်ဈေး သွားဝယ်ပေးရမှာလား"

"ကျွတ်…အဲဒီလောက် လွယ်တဲ့ကိစ္စ ငါက နင့်ခေါ်မလား"

"ဟင်…ဒီထက်ခက်ခဲရင်ကော ငါက ဘာလုပ်[illegible]မှာမို့လဲ"

ယမုန် မျက်လုံးလေး ပေကလပ် ပေကလပ်လုပ်ကာ မေး၏။

www.burmeseclassic.com



အမှန်က ဒီထက်ခက်ခဲလျှင် သူ မလုပ်ချင်။ မလုပ်ချင်တော့ မတတ်ဘူးပြောတာက အကောင်းဆုံး မဟုတ်လား။

"နေဦးလေ...ရှင်းပြမယ် ခဏလေး"

ပြောပြောဆိုဆို ထိုင်ရာမှထကာ တစ်ဖက်စားပွဲပေါ်မှ Fax စာရွက်ကို ယူလာ၏။

"သူမှာတာက အတိုကောက် လက်မှတ်တွေနဲ့ မှာတာ...၊ သူ ဟိုမှာ တွေ့ဖူးတယ်။ ဒီလာတုန်းကလည်း တွေ့ဖူးတယ်။ အဲဒီထဲက လက်မှတ်အတိုကောက်သုံးခုကို ပြောပြီး မှာတာ"

ယမုန်က မျက်မှောင်လေးကြုတ်ကာ မကျေမနပ်ရေရွတ်၏။

"အဲဒီလူကလည်း သူလာကတည်းက တွေ့ရင် တစ်ခါတည်း ဝယ်သွားပါလား။ ခုကျမှ သူ့အတိုကောက်တွေကို ငါက ဘယ်အတို ကောက် အဘိဓါန်ထဲ သွားရှာရမလဲ"

"နေပါဦးဟာ...နင့်ဟာကလည်း ပွစိပွစိလုပ်ဖို့ပဲ သိတယ်။ ရော... ဒါ သူပေးတဲ့ စာလုံးတွေ"

ယမုန် ဖျတ်ခနဲဆွဲယူကြည့်လိုက်ရာ...

WPM

POT

NCS

ဆိုသော စာလုံးများကို တွေ့ရ၏။

"တစ်ခုပဲ သိတယ်"

"ဟာ...ဟုတ်လား။ ဘယ်သူလဲ"

"POT ဆိုတာ အိုးလေ...။ ခစ်...ခစ်"

"သေတော့မယ် အရေးထဲ"

www.burmeseclassic.com

www.burmeseclassic.com



"အိုး နှင့်ဟာက အဲလို မရယ်ရင် ငိုဖို့ပဲရှိတော့တဲ့ဟာ။ ငါမှ မသိတာ"

ရွှေပြည်စိုးက ယမုန့်လက်ထဲမှ စာရွက်ကို ပြန်ယူရင်း…

"အဲဒါဆိုလည်း ရွှေ့ကို မေးကြည့်ပါလား"

ထိုစကားကြောင့် ယမုန့်မျက်လုံးများ အရောင်ပြောင်းသွားကာ…

"ခွေးကောင် နှင်က အကြံနဲ့ကိုး။ နင်ကိုတည်းက အကြံရှိရင်လည်း နှင့်ဘာသာ နင်မေးပါလား"

"နင်ကလည်းဟာ…၊ ကူပါဟာ"

"ငါသိပါတယ်…။ နင် ရွှေ့ကို တိုက်ရိုက်မေးရမှာ သိက္ခာကျတယ် ထင်နေတယ် မဟုတ်လား။ နင်နဲ့တော့ ဒုက္ခပဲ"

ရွှေပြည်စိုးက ယမုန့်ကို…

"ကဲ…အပိုတွေပြောမနေနဲ့။ ထ နင်နဲ့ငါ အတူတူသွားမယ်"

"ဖြစ်ပါ့မလား"

ယမုန်က မထိတရိပြုံးကာ မေး၏။

"ဘာမဖြစ်တာလဲ"

"ဩော်…နင်နဲ့ ငါ့ကို ဒီလိုတွဲတွဲတွေ့နေရင် ရွှေ အထင်လွဲမှာ မစိုးဘူးလား"

"ဘာဆိုင်လဲ။ နင်နဲ့ငါက ပြောမနာဆိုမနာ သူငယ်ချင်းတွေပဲ"

ထိုအခါကျမှ အကွက်ဝင်သွားပြီမို့ ယမုန်က…

"အေး…အဲဒီလိုပဲ။ ရွှေနဲ့ဉာဏ်လင်းလည်း နင်နဲ့ငါ့လိုပဲ"

ယမုန့်စကားကြောင့် ရွှေပြည်စိုး ဘာပြန်ပြောရမှန်းမသိ ငြိမ်သွား သော်လည်း ဘာမှမဖြစ်သလို မသိကျိုးကျွံပြုကာ…

"လာဟာ…သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



ရွှေ့ထံ ထွက်လာခဲ့ကြသည်။

ရွှေက သူတို့ကို မြင်တော့ တအံ့တသြ...။

"ဘယ်က လာတာလဲ"

"ရွှေ့ဆီပဲ"

"အင်း...ပြော၊ ဘာကိစ္စလဲ"

ဘာကိစ္စလဲဆို၍ ရွှေပြည်စိုး နည်းနည်းတွန့်သွားသည်။ သူ စာအုပ်ထဲမှာ စာရေးပေးခဲ့ပြီးနောက်မှာ ခု ပြန်တွေ့တာ ပထမဆုံးအကြိမ် မဟုတ်လား။

"ဒီမှာရွှေ။ ဒီစာလုံးတွေက ပန်းချီဆရာတွေရဲ့ အတိုကောက်လက်မှတ်တွေတဲ့။ အဲဒါ အဲဒီပန်းချီဆရာတွေရဲ့ ကားတွေကို နိုင်ငံခြားက လှမ်းမှာလို့ ဝယ်ပို့ရမှာ။ ဘယ်သူတွေလဲ...ဘယ်မှာဝယ်လို့ရလဲ သိချင်တယ်"

"ပြစမ်း"

ရွှေက စာရွက်ကလေးကို ဆွဲယူကြည့်၏။

"အင်း POT ဆိုတာက ဆရာပေါ်ဦးသက်ပဲ။ WPMဆိုတာက အဲ...ဝင်းဖေမြင့်"

"ဟဲ့...ဒါဆို NCS ဆိုတာကရော"

"အဲဒါလည်း သိတော့သိတယ် ပါးစပ်ဖျားက မထွက်ဘူး။ အဲဒီကားတွေလည်း မြင်ဖူးတယ်။ ဆိုဒီနားဘေးနားက ဂယ်လာရီမှာ။ နာမည်ပဲ ထွက်မလာတာ။ ပါးစပ်ဖျားတင်"

ပြီး...ရွှေက စဉ်းစားနေသေးသည်။ အတန်ကြာမှ...

"ဟာ...ခုမှ သတိရတယ်"

"ဘယ်သူတဲ့လဲ"

www.burmeseclassic.com

www.burmeseclassic.com



ရွှေပြည်စိုးက အားတက်သရော မေးခြင်းဖြစ်သည်။ သို့သော် ရွှေက ခေါင်းခါကာ…

"မဟုတ်ဘူး။ ဉာဏ်လင်းကို မေးရင် ရမယ်လို့ သတိရတာ"

ရွှေပြည်စိုး တစ်ချက်ငြိမ်ကျသွား၏။ ပြီး…

"သူက သိမှာမို့လား"

"သိပါတယ်…။ ဉာဏ်လင်းက ပန်းချီသမား တော်တော်များများနဲ့ လည်း သိတယ်"

"တော်ပါပြီ။ သူများကို ဒုက္ခမပေးချင်တော့ပါဘူး"

အမှန်က ဉာဏ်လင်းဆီကရမယ့် အဖြေမို့ မလိုချင်ခြင်းဖြစ်သည်။ ပြီး…ရွှေက အားကိုးတကြီး လုပ်မေးမှာကိုလည်း မခံချင်၊ မဖြစ်စေချင်ပါ။ သို့သော် ဒီနာမည်မသိလို့ကလည်း မဖြစ်ဘူးမဟုတ်လား။

"လာ…ဉာဏ်လင်းဆီ သွားရအောင်"

ရွှေပြည်စိုးက မလှုပ်။

"ဖုန်းဆက်လို့ မရဘူးလား"

"ဉာဏ့်ဆိုင်မှာ ဖုန်းမှ မရှိတာ"

ရွှေက ဝင်ရှင်းပြ၏။ ထို့ကြောင့် စိတ်မပါလက်မပါ ထလိုက်ရင်း ယမုန့်ကို နှာခေါင်းရှုံ့ပြလိုက်မိသည်။ ရွှေ မမြင်အောင်ပါ။ ယမုန်က ကြိတ်ရယ်၏။

ဆိုင်ရောက်တော့…

"ဟာ…ဘယ်က လာကြတာလဲ၊ ထိုင်"

စာအုပ်တွေကြားမှာ ကပ်သီးကပ်သပ် ခုံပုကလေးများ ချပေး၏။

"ဉာဏ်"

"ပြော…ဂိုးလ်"



www.burmeseclassic.com

www.burmeseclassic.com



"NCS ဆိုတာ ဘယ်သူလဲ"

"ဟာ...ရွှေကလည်း ငြိမ်းချမ်းဆုလေ...။ ဟိုတစ်ခါ ဆီဒိုးနား ဘေးက ဂယ်လာရီမှာ ပြပွဲလုပ်လို့ သွားကြည့်တာရော"

"ဟာ...ဟုတ်သားပဲ။ ငြိမ်းချမ်းဆုကို မေ့နေတာ"

"ဘာလုပ်ဖို့တုန်း"

"ဩော်...ရွှေပြည်စိုးအဖေက ဟိုကနေ အဲဒီစာလုံးလေးတွေ ပေးပြီး ပန်းချီကားမှာလို့တဲ့။ ဩော်...ဉာဏ် တစ်ခါတည်း ဂယ်လာရီတွေ နဲ့ နေရာပါ ရွှေပြည်စိုးကို ပြောပြလိုက်ဦး"

"အိုကေ"

ဉာဏ်လင်းက လိပ်စာတချို့ကို စာရွက်ပေါ်တွင် ကောက်ရေးပေး၏။ တချို့ကိုတော့ လိပ်စာကတ်ပြားများ ပေးသည်။

"ကျေးဇူးပဲ"

ကျေးဇူးကို မတင်ချင့်တင်ချင် တင်လိုက်ရသည်။

"အဲဒီကျေးဇူးကို နောက်မှတင်ဟာ၊ ဗိုက်ဆာပြီ"

"ဟင်...နင့်ဟာကလဲ၊ ဘာမှဖြင့် မလုပ်ရသေးဘူး"

"ခုပဲ တစ်နာရီထိုးတော့မယ်။ ဒါ...ထမင်းစားချိန်"

သူတို့နှစ်ယောက် စကားများနေတာကို ရွှေက ဝင်တား၏။

"ကဲ...တော်ပါ။ ရွှေ ထမင်းကျွေးပါ့မယ်။ ဒီနားက ဆိုင်က ကောင်းတယ်။ လာလေ...ဉာဏ်။ ထမင်းလိုက်စားပါလား"

ဉာဏ်လင်းက ရယ်၏။

"လိုက်ဆိုရင်တော့ လိုက်ခဲ့မယ်၊ မစားဘူး။ ခိုင်နဲ့ အတူစား"

"အရေးထဲ"

ရွှေက မျက်စောင်းချိတ်ကာ ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



"ခု…ခိုင်ရော"

"မောင်းသွားဝယ်တယ်။ ခဏနေ လာမှာပါ"

"ဪ…ဪ နင်က ယောကျ်ားလေးဆိုတော့ ဆိုင်စောင့်။ သူက မိန်းကလေးဆိုတော့ အပြင်ထွက်ဝယ်ပေါ့။ ဟုတ်လား…"

ဥာဏ်လင်းက ရယ်ကာ…

"ဪ…ဒါကတော့ ခိုင်ကမှ ငါ့ကို ပေးမသွားတာ"

သူတို့ ထမင်းဆိုင်ဘက် ထွက်လာခဲ့ကြသည်။ ဥာဏ်လင်းကတော့ ခိုင်လာမှ လိုက်လာမည်ဟုဆိုကာ နေခဲ့၏။

"ဒီနေ့ ရွှေ ကျွေးမှာနော်"

"ဟာ…ရွှေကလဲ ကျွန်တော်ကျွေးမှာ"

"ဟင့်အင်း…မရဘူး။ ဒီနေ့က ရွှေ အောင်မြင်မှုနေ့လေ"

"ဟင်…ဘာအတွက်လဲ"

ရွှေပြည်စိုးရော ယမုန်ပါ တအံ့တသြဖြစ်ကာ မေးမိ၏။

"ရွှေ LCCI နောက်ဆုံးယူတဲ့ စာမေးပွဲမှာ ရွှေတံဆိပ်ရတယ်လေ။ World wide ပေါ့"

"တစ်ကမ္ဘာလုံးမှာ ရတာ။ ဟုတ်လား…"

"ဒါပေါ့"

"ရွှေက တော်တယ်"

မချိုတင်ကဲ ချီးကျူးသံကြားမှ ရွှေ နောင်တရသွားသည်။

ထို့ကြောင့် ကပျာကယာပင်…

"ဪ…ဒါများ ရွှေပြည်စိုးရယ်၊ ရွှေမှ မဟုတ်ပါဘူး။ စာမေးပွဲ တိုင်းမှာ မြန်မာပြည်က တစ်ယောက်ယောက် ဒါမှမဟုတ် နှစ်ယောက် လောက်က တံဆိပ်တစ်ခုခု ချိတ်ကြတာချည်းပါပဲ။ အဆန်းမဟုတ်ပါဘူး"

www.burmeseclassic.com



အဆန်းမဟုတ်ပါဟု ပြောသော်လည်း သူ့အတွက်ကတော့ ဆန်းနေပြီမို့ ဘယ်လိုမှ မတတ်နိုင်တော့။ သို့သော် ယမုန်က ခြေထောက်ကို လှမ်းနင်းသဖြင့် စိတ်ကို ထိန်းလိုက်ရသည်။ ထမင်းစားရတာလည်း ရွှေနှင့်အတူစားရတာ ဖြစ်တာတောင် စားချင်စိတ်မရှိတော့။ ရွှေကတော့ သူ့ကို ဟင်းကအစ ထည့်ပေးပါသည်။ သူ ကျေနပ်နိုင်စွမ်းမရှိတော့။

ဉာဏ်လင်းရောက်လာတော့ ဒီအကြောင်းကို ပြန်မပြောမိအောင် မေ့ထားလိုက်ကြ၍ ဉာဏ်လင်းလည်း သတင်းကောင်းကို သိမသွားခဲ့ရ။ အိမ်သို့ပြန်ရောက်သည်အထိ သူ့စိတ်တွေ တင်းကြပ်နေလေသည်။ အသက်ရှူပင် မဝသလို။

ပထမတော့ ဉာဏ်လင်းကို ရွှေက အားကိုးတကြီးဖြစ်တာကို မဖြစ်စေချင်ခဲ့တာ။ ဒုတိယကတော့ ရွှေ တစ်ကမ္ဘာလုံးမှာ ရွှေတံဆိပ် ရသောကိစ္စ။ တတိယကတော့ သူ့ရဲ့ စိုးရိမ်စိတ်နဲ့ အတ္တများပင်ဖြစ်သည်။ ဒါတွေက သူ့ကို ဒုက္ခပေးနေမှန်း သိသိနှင့် သူ ဘယ်လိုမှ ခွာချမရနိုင်ခဲ့။ ဒီလောက်စိတ်ညစ်နေပါတယ်ဆိုမှ ဝတ်ရည်က တမျောင့်။

"ကိုကို"

"ဘာလဲ"

"မမရွှေပစ္စုန်လေ"

"ဘာဖြစ်လဲ"

"ရွှေ...ရွှေတံဆိပ်"

"တော်တော့၊ ငါသိတယ်"

အော်ထုတ်လိုက်မိ၍ ဝတ်ရည် ပွစိပွစိလုပ်ကာ မကျေမနပ်နှင့် ထွက်သွားသည်။ ပြောသွားသောစကားကလည်း ကြည့်ဦးလေ...။

"ဘာကြီးလည်း မသိဘူး။ သူ မရတိုင်း မနာလိုဖြစ်နေတာ" တဲ့။

www.burmeseclassic.com



ဒေါသက မထွက် ခံနိုင်မလား...။

ရွှေ့အတွက် သူ့စိတ်တွေသူ ကြိုးစားပြင်နေသည်။ အတ္တတွေကို ကြိုးစားလျှော့နေသည်။ ဆန္ဒနှင့်ဘဝကို ရသလောက်ညှိပေးနေသည်။ ဒီကြားထဲ ဒါတွေလာကြုံနေတော့ သူ ကိုယ့်ကိုယ်ကိုပဲ အပြစ်တင်ရတော့မလားမသိ။

ထိုနေ့ညက တစ်ညလုံး အိပ်မပျော်။ Stress တွေ ဒီလောက်များတာဟုပြောလျှင် ယမုန်က ရွှေရည်စိမ် Stress ဟု ကင်ပွန်းတပ်ပေလိမ့်မည်။

တစ်ခါတစ်ခါတော့လည်း လူအများသည် ရွှေအတုနှင့် အစစ်ကို မခွဲခြားတတ် ဖြစ်နေတတ်ကြပါသည်။ ဝေဝါးလွင့်မျောနေသော အခိုက်အတန့်များတွင်ပေါ့...။

www.burmeseclassic.com

www.burmeseclassic.com



တမင်သက်သက် ခေါင်းမြီးခြုံကာ အိပ်နေပါသည်ဆိုမှ ဖုန်းသံက ဆူညံနေ၏။ သူ့အခန်းထဲက ဖုန်းက သပ်သပ်မို့ သူမှ မကိုင်လျှင် ကိုင်မည့်သူ မရှိ။

"ဟဲလို"

"ရွှေပါ"

သူ မျက်လုံးတွေ ပြူးကျယ်သွားရသည်။

"ပြော...ပြောပါရွှေ"

"ဟိုနေ့က ပန်းချီကားတွေ ဝယ်ရတာ အဆင်ပြေရဲ့လားလို့ပါ"

"မဝယ်ရသေးဘူး ရွှေ"

တကယ်တော့ သူ ဘာဆိုဘာမှ မလုပ်နိုင်တာ ထိုနေ့က ပြန်လာကတည်းက မဟုတ်လား...။

"ဒါဆို ရွှေ ဝယ်ပေးရမလား"

"ရွှေ တကယ်ပြောတာလား"

www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပါ။ ဈေးနှုန်းသတ်မှတ်ချက် Range သာ ပေးလိုက် ရွှေ ရှာပေးမယ်"

သူ အိပ်မက် မက်နေသူပမာ ကယောင်ကတမ်းပြုံးရင်း...

"ရတယ် ရွှေ။ ဘယ်ဈေးဖြစ်ဖြစ် ကျွန်တော်လိုက်မယ်လေ"

"ရပါတယ်။ ရွှေပြည်စိုးက လုပ်ငန်းများတယ်၊ အလုပ်သိပ်များတာ၊ ရွှေနဲ့ယမုန် သွားလိုက်ပါ့မယ်။ ခု ယမုန် ဘေးမှာရှိတယ်လေ"

သွားပြီ။ ကြည်နူးနေတာတွေ ပျောက်ကုန်၏။ ယမုန်ဘေးမှာတဲ့။ ယမုန်ဆက်ခိုင်းတာနေမှာပေါ့ဟု တွေးရင်း မကျေမနပ်ဖြစ်မိသေးသည်။

နောက်မှ ယမုန်ဆက်ခိုင်းလည်း ရွှေက မဆက်ချင်လျှင် ငြင်းလို့ ရတာပဲဟု တွေးမိရင်း ပြန်ပြုံးမိ၏။

မေမေက အိပ်ရာလာသိမ်းပေးရင်း...

"ဘယ်ကဖုန်းလဲ သားရဲ့"

"ရွှေပစ္စုပ္ပန်ပါ မေမေ"

"အော်...အော်"

မေမေ 'အော်'က ရယ်သံစွက်နေသဖြင့်...

"ရွှေက သားကို ပန်းချီကားရှာပေးမယ်လို့ လှမ်းပြောတာပါ မေမေရဲ့။ ဖေဖေ့သူငယ်ချင်းမှာတာလေ"

"အော်...မေက ဘာပြောမိလို့လဲ"

"အင်းလေ...ကိုကိုကလည်း မေက ဘာပြောလို့ ရှင်းပြနေရတာ လဲ"

သူ ဘာမှပြန်မဖြေတတ်တော့သဖြင့် ရေချိုးခန်းထဲ ကပျာကယာ ဝင်လိုက်ရသည်။ အပြင်ပြန်ထွက်ရင် မေမေတို့ရှိနေမှာစိုးသဖြင့် ရေကို ဖိမ်ဆွဲချိုး။ သွားကို အကျအနတိုက်ပြီးမှ ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အဝတ်လဲနေတုန်း...

"ကိုကို"

"ဘာလဲ"

"မေမေက ခေါက်ဆွဲပြုတ်တွေ အေးကုန်မယ်၊ မြန်မြန်လုပ်တဲ့"

သူ အမြန်ထွက်ခဲ့လိုက်ရသည်။ မဟုတ်လျှင် မေမေက ပြင်ဆင်ထားပြီး အေးသွားတာကို မကြိုက်တတ်။

"လာ...သား"

မေမေက သားကို သေချာကြည့်ရင်း...

"သား"

"ဘာလဲ မေမေ"

"အဲဒီကောင်မလေးနဲ့ သားက ချစ်သူဖြစ်သွားပြီလား"

"ဟာ...မဖြစ်သေးပါဘူး မေရဲ့"

"ဩော်...မဖြစ်သေးဘူးဆိုတော့ ဖြစ်တော့မယ်ပေါ့။ ဟုတ်လား ကိုကို"

ဝတ်ရည်က ဝင်စသဖြင့်...

"နင့်အလုပ်လား"

"အံမယ်...ဟုတ်ပ။ ညီမလေးအလုပ်လည်း ပါတယ်။ အဲဒီမကို သာ ယောင်းမတော်ရရင် ရှယ်ပဲ။ ညီမလေးကိုလည်း အနီးကပ် စာပြပေးမယ်။ ညီမလေးစားချင်တာ ချက်ကျွေးမယ်။ ပျင်းရင် စန္ဒယားတီးပြီး သီချင်းဆိုခိုင်းမယ်။ ဗေဒင်ဟောခိုင်းလို့တောင် ရသေး"

ဝတ်ရည်စကားကြောင့် ရွှေပြည်စိုးက မျက်မှောင်ကြုတ်ကာ...

"ဒါတွေ နင်က ဘယ်လိုသိလဲ"

"မမယမုန် ပြောတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သားပဲ သားရယ်…ဒီလောက်တော်ပြီး ဒီလောက်ချစ်စရာကောင်းတာကို သားက ဘာစဉ်းစားနေတာလဲ။ ပြီးတော့ ဣန္ဒြေသိက္ခာလည်းရှိတယ်။ ဒီခေတ်မှာတော့ ရှားတယ်နော်"

မေမေ့စကားကြောင့် မျက်လုံးပြူးသွားရသည်။

"အံမယ်…မေမေကပါ ချွေးမတော်ချင်နေတာလား"

"ချွေးမတော်ချင်တယ်ရယ် မဟုတ်ပါဘူး။ သင့်တော်တာကို ပြောတာပါ။ ပြီးတော့ ကလေးမလေးက အေးတော့ သားကိုလည်း အနွံတာခံမှာပါတဲ့"

"မြတ်စွာဘုရား…ဒါ ယမုန်အလုံးတွေ ထင်တယ်"

"ဘယ်သူ့အလုံးဖြစ်ဖြစ် သားရယ်"

"မေက ဘာသိလို့လဲ။ ယမုန်ကသာ အောင်သွယ်လုပ်နေတာ"

"ဘာလဲ…သားက မကြိုက်ဘူးလား"

"ဟာ…သားက မကြိုက်တာမဟုတ်ပါဘူး။ သူ့ဘက်က ဘာမှန်းမသိတာပါ"

ရွှေပြည်စိုးစကားကို ကြားတော့ မေမေက ရင်ဘတ်ကို ဖိ၏။

"အံမယ်လေး သားရယ်…။ သူ့ဘက်က ဘာမှန်းသိမှပဲ သားက ထိထိုးတော့မှာပေါ့။ ဟုတ်လား…။ ပေါက်မယ်သေချာမှ ကံစမ်းဖို့လား သားရယ်"

"အဲဒီလိုမဟုတ်ပါဘူး မေမေရာ"

"မဟုတ်ရင် ဘာလဲ"

"ဟာ…မေမေကလဲ၊ အကုန်ပြောရမှာလား"

မေမေက ရယ်၏။ ဝတ်ရည်ကသာ…

"မပြောနဲ့။ ကိုကို မပြောလည်း မမယမုန်က ပြောမှာပဲ။ ကိစ္စ

www.burmeseclassic.com

www.burmeseclassic.com



မရှိဘူး"

ဆိုလာ၍ သူ နည်းနည်းရှက်သွားမိသည်။

"ဒီမှာ ကိုကို"

"ဘာလဲ"

"စိတ်ကူးမလွဲနဲ့နော်"

"ဘာကိုလဲ"

"စာရင်းအင်း ကိုင်ပေးမယ့် ညီမလေးထက် စိတ်ချရတဲ့သူ ရမယ်။ လုပ်ငန်းတိုးချဲ့တဲ့အခါ နိုင်ငံခြားသားတွေနဲ့ ဆက်ဆံရရင် အဆင်ပြေမယ်။ စကားပြန်ရတာပေါ့"

"နင်ကသာပြောနေ၊ သူကတော့ စာရင်းတောင် ယာမကူနိုင်ပါဘူး ဆိုတာ နင်အသိပဲ"

ဝတ်ရည်က ကျွတ်ခနဲမြည်အောင် စိတ်ပျက်ပြ၏။

"ကိုကိုကလေ ဘယ်သူက လာကူပါ့မလဲ။ ချစ်သူဖြစ်သွားတော့ ကိုကို့ဇနီးလောင်း ဖြစ်သွားပြီ။ အဲဒီအခါကျ ဖြစ်လာမှာပေါ့"

"ဒီအတွက် ငါက ရည်းစားထားပေးရမယ်ပေါ့"

"ဝေးချင်ယောင် ဆောင်ပြန်ပြီ၊ လိုက်ဖက်ညီသွားမှာကို ပြောတာ။ ကိုကိုပြောသလို ကိုကိုက ညံ့ရာကျနေမှာမျိုး မဟုတ်ပဲ၊ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီလို့ ရတယ်ဆိုတာ ရှင်းပြတာ"

"ဝတ်ရည်"

"ဘာလဲ"

"ဒါ နင့်ကို ယမုန် သင်ထားဟာလား"

ဝတ်ရည်က သူ့ကို တအံ့တဩပြန်ကြည့်ပြီးမှ မျက်နှာလွှဲပစ် လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"စကားပြောတာ ကြည့်ပြော။ သင်မှတတ်မယ့် အရွယ်လားဆိုတာ"

သူ ပါးစပ်ပိတ်ထားလိုက်ရသည်။

ဝတ်ရည်ပြောသော အိုင်ဒီယာကတော့ မဆိုးပါ။ နှစ်ယောက်သား ပေါင်းစည်းမှုသည် ပိုမိုတိုးတက်သော အခြေအနေတစ်ခုဆီကိုပင် ဦးတည်သွားနိုင်သည်လေ။ ဒီရလာဒ်ကလေးသည် သူတို့ပေါင်းစည်းမှု၏ ရလာဒ်ကလေးဖြစ်လိုက်လျှင် ဘယ်လောက်တောင် ကောင်းလိမ့်မည်နည်း။

သူ တစ်ချက်ပြုံးလိုက်မိသည် ထင်သည်။

"ဘာပြုံးတာလဲ"

"ဘာပြုံးပြုံး နင့်အပူလား"

"အလကား ဝမ်းတွင်းရူးကြီး။ ဒါတွေကြောင့် အူကြောင်ကြောင် အတွေးအခေါ်တွေ ဝင်နေတာ"

ဝတ်ရည်က မခံချင်အောင်ပြောပြီး ထသွား၏။

မေမေကသာ သူ့လက်ကို ဖမ်းဆုပ်ကိုင်လိုက်ရင်း...

"သား"

"ပြော...မေမေ"

"မိန်းမတစ်ယောက်ဟာ ဘယ်လောက်ပဲ ပညာတတ်တတ်၊ ဘယ်လောက်ပဲ ထက်မြက်ထက်မြက် အချိန်တန်ရင် ယောကျ်ားတစ်ယောက်ရဲ့ ဇနီးကောင်းဖြစ်ရတာပါပဲ။ ကလေးတွေရဲ့ မိခင်ကောင်း ဖြစ်ရတာပါပဲ။ မိန်းမဟာ မိန်းမပါပဲ သားရယ်...။ ပညာတတ်နေလို့ ဇနီးကောင်း မဖြစ်နိုင်ဘူးဆိုတာ မေမေလက်မခံပါဘူး။ အခြားနေရာတွေမှာ အလေးအနက်ရှိတဲ့ မိန်းမတစ်ယောက်ဟာ ကိုယ့်အိမ်ထောင်ဖက်နဲ့ အိမ်ထောင်မိသားစုအပေါ်မှာလည်း အလေးအနက်ထားမှာပါ။ သား စိတ်ညစ်ခံပြီး

www.burmeseclassic.com

www.burmeseclassic.com



လျှောက်တွေးမနေနဲ့"

သူ့ရင်ထဲထိ ထွင်းဖောက်ကြည့်ပြီး ပြောသလားထင်ရသော မေမေ့စကားများကြောင့် သူ အံ့သြသွားရသည်။

"သား စိတ်ညစ်နေတာကို မေမေ သိလားဟင်"

"သိတာပေါ့။ မေမေ သိပ်သိတာပေါ့"

"ဘယ်လိုသိလဲ။ ယမုန်ပြောတာလား"

မေမေက ပြုံးကာ ခေါင်းခါယမ်း၏။

"ယမုန်ပြောတာလည်း ပြောတာပေါ့ သားရယ်။ ဒါပေမဲ့ သား မေ့နေတာ တစ်ခုရှိတယ်"

"ဘာလဲ မေမေ"

"သားက မေမေ့သားလေ…။ မေမေမွေးထားတာပဲ။ သား ဘာဖြစ်နေလဲဆိုတာ သားကိုယ်တိုင်လောက်နီးနီး မေမေသိပါတယ်"

"မေမေ"

ရွှေပြည်စိုး မေမေ့လက်အစုံကို ဆုပ်ယူဖျစ်ညှစ်လိုက်မိသည်။

"သားရင်ထဲ တစ်ဝက်လောက် ပေါ့သွားပြီ မေမေ"

မေမေက ရယ်ကာ…

"အောင်မယ်လေး သားရယ်…။ ခုမှ တစ်ဝက်ပဲပေါ့သလား"

"လာမှာပေါ့ မေမေရယ် ဖြည်းဖြည်းပေါ့။ ဟုတ်လား။ သား ရုံးသွားလိုက်ဦးမယ်။ ဝတ်ရည်စာမေးပွဲနီးနေလို့ ဆိုင်မလိုက်တာ မေမေ အဆင်ပြေရဲ့လား"

"ပြေပါတယ်ကွယ်"

"လိုတာရှိ သားကို လှမ်းပြောနော်။ အိုကေ…။ သားချစ်မေမေ"

သူ စိတ်လက်ပေါ့ပါးစွာ ရုံးသို့ ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သောရက်များက တင်နေသော အလုပ်ကြွေးများကို စိတ်ရှိလက်ရှိ ဆပ်ပစ်လိုက်သည်။ ရွှေသာရှိလျှင် သူ့ကို အနားကကူမှာဟူသော အတွေးဝင်လာတော့ ရင်ထဲပျော်သလိုလို ရှိလာသည်။ အရင်က ဘာလို့များ သူ ရွှေ့ကိုကြည့်ကာ သိမ်ငယ်စိတ်တွေ ဝင်ခဲ့ရတာလဲဟု ကိုယ့်ဘာသာကိုယ် ပြန်မေးမိသည်။

တကယ်တော့ ဘဝအဖော်ဆိုတာ ကိုယ်က ဦးဆောင်ရမှ မဟုတ်ပါဘူး။ တက်ညီလက်ညီရှိဖို့၊ မောင်တစ်ထမ်း မယ်တစ်ရွက်ရှိဖို့သာ အရေးကြီးတာပါ ဆိုသော ယမုန်စကားတချို့ကို ပြန်ကြားယောင်ရင်း ကျေနပ်နေမိသည်။

သူ တကယ်ပြောင်းလဲသွားခဲ့ပြီလား။

ကိုယ့်ကိုယ်ကို သံသယဖြစ်စွာ ပြန်မေးမိ၏။

ဟုတ်ပါသည်။ သေချာပါသည်။ ခုလိုကျတော့လည်း တစ်ချိန်က ငါဦးဆောင်ရမှ၊ ငါပျိုးထောင်ရမှဟူသော ဆန္ဒတွေလည်း မရှိတော့။ မေမေ့ကို ကျေးဇူးတင်ရမည်။ နောက် ရွှေ့ကို မချစ်ဘဲ ခိုင်ဆိုသော မိန်းကလေးကိုသာ ချစ်သော ဉာဏ်လင်းကိုလည်း ကျေးဇူးတင်ရမည်။

အတွေးနှင့်အတူ နှစ်နှစ်ခြိုက်ခြိုက် ပြုံးမိ၏။

"အစ်ကို"

"ဟေ"

"နှစ်နာရီခွဲပြီ အစ်ကို။ ထမင်းမစားသေးဘူးလား"

ဆိုင်မှ သူ့လက်ထောက်ကလေး လာမေးမှပင် ထမင်းကို သတိရတော့၏။ ရွှေတို့ရော ပန်းချီကားရှာလို့ ပြီးပြီလား။ အဆင်ပြေရဲ့လား တွေးမိပြန်သဖြင့်...

"အေး...စားမယ် ပြင်ထားလိုက်။ ငါ ဖုန်းခဏဆက်လိုက်ဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ထမင်းစားမှာလား၊ ခေါက်ဆွဲထုပ် စားမှာလား"

"ထမင်း"

ရွှေလုပ်ပေးခဲ့သော ခေါက်ဆွဲပြုတ်ကလွဲလျှင် မစားချင်တော့ပါ...။

ပြောပြောဆိုဆိုဖုန်းကို ကောက်ကိုင်ကာ ရွှေတို့ဆိုင်ကို ဆက်ရသည်။ လာကိုင်သူက ရွှေ့အစ်ကို။

"အဲ...ကိုမင်းအမှုန်လား"

"ဟုတ်ပါတယ်"

"ကျွန်တော်က ရွှေပြည့်စိုးပါ။ ရွှေ ရှိလား"

"ဩော်...အေး ရွှေမရှိဘူး။ ကိုယ်လည်း ရွှေ့ကို ရှာနေတာ"

"ဗျာ"

"မနက်တည်းက ဆိုင်မလာဘူး။ အိမ်ကလည်း ယမုန်နဲ့ထွက်သွားတယ်လို့ပြောတယ်။ ကိစ္စရှိလား မှာခဲ့လေ"

ရုတ်တရက်မို့ ဘာပြောရမှန်းမသိ။ ရွှေက ကိုယ့်ကိစ္စလိုက်လုပ်နေတာ မဟုတ်လား။

"ဟို...ကိစ္စမရှိပါဘူး အစ်ကို"

"အေးကွာ...မင်း ကိစ္စမရှိပေမဲ့ ငါက ရှိတယ်"

"ဗျာ...ကျွန်တော် ဘာလုပ်ပေးရမလဲ"

"အေး...မင်းဆီကို ရွှေဖြစ်ဖြစ်၊ ယမုန်ဖြစ်ဖြစ် ဖုန်းဆက်ရင် ပြောပေးစမ်းပါ"

"ဟုတ်ကဲ့"

"ဒီမှာ ရွှေနဲ့စေ့စပ်ထားတဲ့ ပုသိမ်က ကိုဝဏ္ဏ ရောက်နေတယ်လို့"

"ဗျာ"

သူ့၏ ကျယ်လောင်လှသော 'ဗျာ'ကို မင်းအမှုန်တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ခေါ်ကြားလိုက်ရပါ။ တစ်ဖက်က ဖုန်းချသွားပြီဖြစ်၏။

"အစ်ကို ထမင်းရပြီ"

"တော်ပြီကွာ...၊ သိမ်းလိုက်တော့"

ကောင်လေးက သူ့ကို အူကြောင်ကြောင်ကြည့်၏။ မတတ်နိုင်တော့။ တစ်ကိုယ်လုံးကို လက်သီးနှင့် အချက်ပေါင်းများစွာ ထိုးတာကမှ ခံသာဦးမည်။ ခုတော့...။

မျှော်လင့်ချက်က မိုးလင်းအာရုံသစ်ရုံရှိသေး နေကွယ်သွားခဲ့ရပြီ။ ခရမ်းရောင်သည် အမှောင်ဘက်သို့လှသော အရောင်တစ်ရောင်လေလား။ သံသယပွားမိ၏။

❀❀❀

www.burmeseclassic.com

www.burmeseclassic.com



ညကျတော့ ဖုန်းမြည်လာ၏။ သူ မကိုင်။ ဝတ်ရည်က ဝင်ကိုင်ပြီး

"ကိုကို မမယမုန်က စကားပြောမယ်တဲ့"

သူ ဖုန်းကို စိတ်မသက်မသာ ကောက်ကိုင်လိုက်သည်။

"ပြော"

"လေသံက ဘာဖြစ်နေတာလဲ"

"နင် အဲဒါမေးဖို့ ဆက်တာလား"

"စကားအကောင်းပြောနော်။ ဒီနေ့တစ်နေ့လုံး ငါနဲ့ရွှေ ဘယ် လောက်ပင်ပန်းသလဲ နင်သိလား"

ဟုတ်နေတော့ ဘာမှပြန်မပြောသာ။ ငြိမ်နေရ၏။

"ညနေက နင် ဘယ်သွားနေတာလဲ"

"အလုပ်အတွက် ချိန်းထားတာလေး ရှိလို့"

"ရှိလည်း တစ်ခုခုတော့ မှာခဲ့ပေါ့။ နင့်ဟာက ငါတို့က [illegible] တွေလည်း ရှာလာရ၊ ဝယ်လာရ၊ [illegible] သယ်လာရသေး[illegible]။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



နင်က ဆိုးကြိုဖော်တောင် မရဘူး။ အုံရော…”

“အေးပါဟာ…ငါတောင်းပန်ပါတယ်။ အရေးကြီးလို့ပါ”

ကိုယ့်ဘက်က ရှောင်လွှဲခဲ့သူဆိုတော့လည်း တောင်းပန်ရမည်ပေါ့။

“ငါ့ မတောင်းပန်နဲ့၊ ရွှေ့ကို တောင်းပန်”

“ဘာလို့လဲ…ရွှေက စိတ်ဆိုးသွားလို့လား”

“စိတ်ဆိုးသွားတာ မဟုတ်ပါဘူး၊ ဘယ်စိတ်ကောင်းမလဲ။ နင်ပဲ ကိုယ်ချင်းစာကြည့်ပါဦး”

“အေးပါ…စာပါတယ်”

“နင် ရွှေ့ဆီ ဖုန်းဆက်လိုက်နော်”

“အေးပါ”

“ကတိနော်”

“ကတိ”

ဘဝမှာ တစ်ခါမှ ဒီလိုမညာခဲ့ဖူးပါ။ ခုတော့ ပြီးစလွယ်ပြောချင်တာ ပြောပြီး အိမ်ကဖုန်းတွေ အကုန် ပလပ်ဖြုတ်လိုက်ပြီး ဟန်းဖုန်းကိုလည်း ပိတ်ထားလိုက်သည်။

ဘယ်လိုမှ ပလပ်ဖြုတ်မရ၊ ပိတ်ထားလို့မရတာကတော့ သူ့နှလုံးသားနှင့်ဦးနှောက် ဆက်သွယ်မှုပင် ဖြစ်သည်။

အားလုံးပေါ့ပါးရှင်းလင်းသွားကာမှ…

နားလည်လင်းပွင့်သွားကာမှ…

ဘယ်လိုမှမျှော်လင့်မထားသော ထောင့်မှ သူ့ကို ကံကြမ္မာက အငိုက်ဖမ်းတိုက်ခိုက်လိုက်သည်။ ရွှေ့မှာ စေ့စပ်ထားသူရှိတယ်ရယ်လို့ သူတစ်ခါမှ တွေးမကြည့်မိခဲ့၊ ဉာဏ်လင်းနဲ့သာ အလိုလို မနာလိုဖြစ်ခဲ့မိတာတွေကိုပင် စိတ်မကောင်းဖြစ်ရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝဏ္ဏာ...တဲ့။

အဝိပ္ပာယ်ကတော့ ဘာလဲ သေသေချာချာမသိ။

သေချာတာကတော့ သူ့အဘိဓာန်တွင် ဝဏ္ဏာသည် မင်္ဂလာကောင်းဆိုး ဝါးတစ်ကောင်ဖြစ်သည်။ ညလုံးပေါက် နှိပ်စက်သူလည်း ဖြစ်သည်။ မေမေ့ကိုတော့ ဘာမှမသိစေချင်။ ထို့ကြောင့် မနက်ခြောက်နာရီ မထိုးမီမှာ ပဲ အိမ်က အိမ်ဖော်လေးကို မှာကာ သူအပြင်ထွက်ခဲ့လိုက်သည်။ မဟုတ် လျှင် မေမေ စိတ်ဒုက္ခရောက်ရပေလိမ့်မည်။

မနက်စောစောမို့ ရာသီဥတုက သိပ်မပူသေး။ အေးမြမြနှင့် နေလို့ ကောင်းနေသေးသည်။ ကားတစ်စီးနှင့် လျှောက်မောင်းရင်း လက်ဖက် ရည်ဆိုင် ထိုင်သည်။ ပြီးတော့ သတိရတာနှင့် ဈေးဝင်ကာ သစ်ခွပန်းခရမ်း ရောင်များဝယ်၏။ သစ်ခွပန်းများကို ကားဒက်ရှ်ဘုတ်ပေါ်တွင် ဆယ်လို တိပ်နှင့် တစ်ပွင့်စီ လိုက်ကပ်ထားလိုက်သည်။ ဒက်ရှ်ဘုတ်တစ်ခုလုံး ခရမ်းရောင်သစ်ခွတွေ ဝေနေလျက်။ ဒါ တေးသီငှက်ဖစ်ကောင်၏ ဈာပနလည်း ဖြစ်နေနိုင်သည်။ အနောက်တိုင်းမှာတော့ ခရမ်းရောင် လိုက်ကာ၊ ခရမ်းရောင်မီးမှိန်များကို အသုဘအခမ်းအနားများတွင် အသုံး ပြုသည်ဟု သူ တစ်နေရာတွင် ဖတ်ဖူးထား၏။ 'သစ္စာဖွဲ့ည'ဟူသော ဝတ္ထုတစ်ပုဒ်တွင်တော့ ခရမ်းရောင်ကို သစ္စာတရား၏ အရောင်အဖြစ် ဖော်ကျူးထား၏။ သူ့အတွက်ကတော့ ခရမ်းရောင်သည် ဘာလဲ။ သစ္စာ တရား၏ အရောင်လား၊ ဈာပနအရောင်လား၊ အလွမ်း၏အငွေ့အသက် လား။ ထိုအရာအားလုံး ရောထွေးနေသော အရာလား။ သူမသိပါ။

အလုပ်ချိန်ရောက်တာတော့ ရုံးကို ဖုန်းလှမ်းဆက်ကာ အဖိုးမြင့် တစ်ခုရှိ၍ နောက်ကျမည်ဟုပြောတော့ လက်ထောက်ကောင်လေးက အူကြောင်ကြောင်နှင့် ဒီနေ့အချိန်ဇယားကိုကြည့်ကာ မပြီဘူးအစ်ကိုရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုနေ၍ ဖုန်းပိတ်ပစ်လိုက်ရသည်။

ခဏနေတော့ သူ့ကားလေးသည် ယမုန့်အိမ်သို့ ဦးတည်နေပြီ။ ဟုတ်သည်။ သူ့ရင်ထဲ တင်းကျပ်နေသမျှကို တစ်စုံတစ်ယောက်ကို ရင်ဖွင့်ရမှ ဖြစ်တော့မည်။ ယမုန်သည် သူ့အတွက် သူငယ်ချင်းကောင်းပါ။ ဒါပေမဲ့ ရွှေ့မှာ စေ့စပ်ထားသူရှိတာကို ဘာလို့မပြောရတာတဲ့လဲ။

"ဟယ်...ငှက်"

ယမုန်က အပြင်ထွက်တော့မည့် အဝတ်အစားနှင့် သူ့ကို တအံ့တသြ ကြိုသည်။

"နင်က ဘယ်လဲ"

"နင့်ဆီ သွားမလို့"

"ဘာလို့လဲ"

"ဖုန်းမှ ဆက်မရတာ"

"ကိစ္စရှိလို့လား"

"ရှိတာပေါ့"

"ဘာကိစ္စလဲ"

"ဟာ...နင့်ပန်းချီကားတွေ ငါတို့ ငွေသွားချေရဦးမယ်လေ"

"ရွှေရောလား"

"အင်းပေါ့"

သူ မချိတရိ ပြုံးမိ၏။

"နင်က ဘာပြုံးတာလဲ"

"ဩော်...ရွှေက အားလို့လားလို့"

"ဟဲ့...မအားလည်း နင့်ကိစ္စကို ငါတို့ မနေ့တည်းက လုပ်ပေးနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူမှာ ချည့်သည်ရောက်နေတယ်။ နင် သိလို့လား"

ယမုန် မျက်လုံးပြူးသွား၏။

"နင် ရွှေဆီ ရောက်ခဲ့လို့လား"

"မရောက်ပါဘူး"

"မရောက်ဘဲနဲ့ နင် ဘာတွေလျှောက်ပြောနေတာလဲ"

"လျှောက်မပြောပါဘူးဟာ။ မနေ့တည်းက အထူးချည့်သည်က သူ့စောင့်နေတာ"

ယမုန် ရွှေပြည်စိုးကို နားမလည်သလို ကြည့်၏။

"အထူးချည့်သည် ဟုတ်လား...။ နင့်ကို ဘယ်သူပြောလဲ"

"ကိုမင်းအမွန်"

"ဟင်...ကိုမင်းက ဘာပြောတာလဲ"

"မနေ့က ရွှေနဲ့စေ့စပ်ထားတဲ့သူ ရောက်နေတယ်တဲ့။ ပုသိမ်က ဝဏ္ဏတဲ့"

"ဘာ"

ယမုန် ထအော်၏။ ရွှေပြည်စိုးကတော့ မချိတရိရယ်ရင်း...

"ယမုန်"

"ဟင်"

"နင် ဒါတွေ မသိဘူးလား"

ယမုန် ခေါင်းကို ခါယမ်းပြ၏။ ပြီး...

"မဖြစ်နိုင်ပါဘူး...။ မဖြစ်နိုင်ဘူး၊ လုံးဝမဖြစ်နိုင်ဘူး"

"နင်က ဘာလို့ မဖြစ်နိုင်ဘူး ပြောရတာလဲ"

"ငါ တစ်ခါမှ မကြားဖူးဘူး"

"ယမုန်"

www.burmeseclassic.com

www.burmeseclassic.com



ရွှေပြည်စိုး တိုးတိုးလေး ခေါ်မိ၏။

"ပြော…ငှက်"

"ငါလေ မနေ့ကပဲ မေမေ့စကားကြောင့် နားလည်မှုတွေရပြီး ငါ့စိတ်တွေ ပြောင်းလဲသွားခဲ့တယ်။ သိလား"

"… … …"

"ငါ့ဆန္ဒတွေ၊ အတ္တတွေ တစ်ခုမှ မကျန်တော့ဘူး။ ရွှေဟာ ငါ့ရဲ့ ဆက်မြက်တဲ့ဘဝဖော် ဖြစ်လာမှာပဲဆိုပြီး ပျော်နေတာ"

"… … …"

"နင်တို့ ပြန်လာရင် ငါ ရွှေကို အဖြေတောင်းတော့မယ်လို့ကို ဆုံးဖြတ်ချက်ချလိုက်တာ။ အဲဒီအချိန်မှာလေ… နင် သိစေချင်တယ်။ ငါ့ရင်ထဲမှာ ငါချစ်တဲ့ ရွှေက ရွှေပဲ…။ ဘာဂုဏ်ပုဒ်မှ မပါဘူး။ ဉာဏ်လင်းကိုလည်း သတိမရဘူး။ အရမ်းပျော်ဖို့ ကောင်းတာပဲ"

"တော်ပါတော့ ငှက်ရယ်…။ ငါ ငိုမိလိမ့်မယ်"

သူ ယမုန်ကို တားမိ၏။

"မငိုပါနဲ့ဟာ…။ ငိုရမှာက ငါပါ"

"ဟင့်အင်း…ငါမယုံဘူး။ နင်ကရော ဘာလို့ ယုံရတာလဲ"

"ပြောတဲ့သူက မင်းအမှုန် ဖြစ်နေလို့ပါ"

ယမုန် ခဏငြိမ်သက်သွား၏။ ပြီးမှ…

"ရွှေပြည်စိုး"

"ပြော…ယမုန်"

"နင်တို့နှစ်ယောက် ချစ်ဖို့က အဓိက မဟုတ်ဘူးလား"

အစမရှိ၊ အဆုံးမရှိ မေးလိုက်သည့် စကားဖြစ်သော်လည်း သူ နားလည်ပါသည်။ ထို့ကြောင့်…

www.burmeseclassic.com

www.burmeseclassic.com



"နင်ပြောတာက ဟုတ်ပါတယ်။ ချစ်သူနှစ်ယောက်အတွက်ကတော့ စေ့စပ်ထားတဲ့သူဆိုတာ အပြင်လူပါပဲ။ ဒါပေမဲ့ ငါနဲ့ရွှေက ချစ်သူတွေမဟုတ်ကြဘူး။ ပြီးတော့ စေ့စပ်ထားတယ်ဆိုကတည်းက သူတို့ဟာ ချစ်သူတွေ ဟုတ်ရင်ဟုတ်၊ မဟုတ်ရင်တောင် အတိုင်းအတာတစ်ခုထိ လက်ခံထားပြီးတဲ့သူတွေလေ။ ဒီပွဲမှာ ငါကသာ အပြင်လူပါ"

ယမုန် တစ်ချက်ငိုင်သွား၏။ ခဏနေကျမှ...

"ငါနဲ့ရွှေက ပထမနှစ်တည်းက တွဲလာတာ။ ခုထိ ရွှေ လူတစ်ယောက်နဲ့ စေ့စပ်ပွဲ လူသိရှင်ကြား မလုပ်ရသေးတာ သေချာပါတယ်။ ကိုမင်းက အလွယ်ပြောလိုက်တာလား မသိဘူး။ ဒါမှမဟုတ်လည်း..."

"ဘာ...ဒါမှမဟုတ်လဲ"

"လူကြီးချင်း စကားအဖြစ်ပြောဆိုတာမျိုးပဲ ဖြစ်မှာပါ"

"ဟုတ်ပါပြီ ဟုတ်ပါပြီ။ အဲဒီတော့ ဘာထူးမလဲ"

"ဘာထူးရမှာလဲ...နင့်အတွက် မျှော်လင့်ချက်ရှိတာပေါ့။ နေဦးဟာ...။ နင် ဒီမှာပဲစောင့်၊ ငါ အိမ်ထဲဝင်ပြီး ရွှေဆီ ဖုန်းဆက်လိုက်ဦးမယ်။ နင် လာနားမထောင်နဲ့နော်"

ရွှေပြည်စိုးက မရယ်ချင့်ရယ်ချင် ရယ်၏။

"ငါ့အတွက်ပိုဆိုးဖို့ပဲ ရှိတဲ့ကိစ္စကို ငါလာနားထောင်ရဦးမှာလား ယမုန်ရယ်...။ စိတ်ချစမ်းပါ"

ယမုန်တို့ခြံထဲမှ ခုံတန်းလေးမှာပဲ ထိုင်နေလိုက်တော့သည်။ ယမုန့်ခြံထဲမှာတော့ ခရမ်းရောင်ပန်းတွေ တစ်ပွင့်တလေပင် ရှိမနေပါ။ ကားကို လှမ်းကြည့်လိုက်တော့ ခရမ်းရောင်သစ်ခွများကို တွေ့ရ၏။ ခရမ်းရောင်ပန်းများ (သစ်ခွနှင့် သစ္စာပန်း)ကို သူတွေ့ဖူးသလောက်တော့ ရနံ့မရှိကြ။ ရနံ့မရှိတာဟာ နဂိုကတည်းက ရနံ့ပါမလာတာလား။ သူ့ရနံ့တွေကို

www.burmeseclassic.com



သူ့ဝှက်ထားတာလားဟု ရွှေပြည်စိုး ရှာရှာကြံကြံတွေးနေမိသည်။ တစ်ခါတစ်ရံကျတော့ ရန်ရှိပါလျက် အကြောင်းအမျိုးမျိုးကြောင့် ဝှက်ထားကြရသည် မဟုတ်ပါလား။ ဥပမာ ညမှမွေးခွင့်ရသော ညမွေးပန်းများလိုပေါ့။

သူရော ဒီလိုပဲလား။

ကိုယ့်အချစ်တွေကို အကြောင်းရှာဝှက်ထားခဲ့မိပြီးကာမှ တစ်သက်လုံး ပေးအပ်ခွင့်မရတော့သော ဘဝကို ရောက်သွားတော့မှာလား။

ခဏနေတော့ ယမုန်ထွက်လာ၏။

"ငှက်"

"ပြော"

"လာ...ရွှေ့ဆီ သွားရအောင်"

"ဘာထူးမှာမို့လဲဟာ"

"လာကွာ...ကားပေါ်တက်။ ကားပေါ်ကျမှ ပြောရအောင်"

ကားပေါ်ရောက်တော့ ယမုန်က ပြုံး၏။

"ဒီကားလေးက ရွှေစီးရမှာ...။ အရမ်းလှတာပဲ"

"စကားမလွှဲပါနဲ့ ပြောပါ။ ဘာထူးလဲ"

"ဘာထူးလဲ...ဟုတ်လား"

"ဟော့ကောင် အူကြောင်ကြောင် လုပ်မနေနဲ့။ ရွှေ ဘာပြောလဲ။ ဝဏ္ဏဆိုတာ ဘာလဲ၊ ဘာကောင်လဲ"

"ဒီလိုလုပ်ကွာ...ရွှေနဲ့တွေ့မှ မေး"

"ကျွီ..."

ရွှေပြည်စိုး ကားကို ဘရိတ်အုပ်ကာ လမ်းဘေးတစ်နေရာတွင် ထိုးရပ်လိုက်ခြင်းဖြစ်သည်။

"ဘာလုပ်မှာလဲ၊ ဘာလို့ ရပ်ရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com


"အဲဒါ ငါက မေးရမှာ။ ဘာမှမထူးပဲ ငါက ရွှေ့ဆိ ဘယ်လိုသွားမလဲ။ ဝဏ္ဏဆိုတာစေ့စပ်ထားတဲ့သူလား

"ဟုတ်တယ်"

"ဟုတ်ရင် ငါက ဘာလုပ်ရမှာလဲ"

"ကျွတ်"

ယမုန်က စိတ်ပျက်လက်ပျက် ညည်းညူ၏။

"ငက်"

"ဘာလဲ"

"နင် အတော်အူတာပဲ...။ ရွှေ့ဆိသွားပြီး ရွှေ့အဆုံးအဖြတ်ကို နင် မခံရဲဘူးလား"

"ဘယ်လို"

"ရွှေ့ဆိသွားပြီး ရွှေ့ကို အဖြေသွားမတောင်းရဲဘူးလား။ နင် အဲဒီ ဝဏ္ဏဆိုတဲ့လူနဲ့ မပြိုင်ရဲဘူးလား"

ရွှေပြည်စိုး ဆတ်ခနဲဖြစ်သွားကာ...

"ဘာလို့ မပြိုင်ရဲရမှာလဲ"

"အေး...ဒါဆို သွားလေ။ နင့်ဟာက ယောကျ်ားမဟုတ်သလိုပဲ"

"နင် ငါ့ကို အဲဒီလိုမပြောနဲ့"

"ပြောမယ်။ နင့်ဟာက ပြိုင်ဖက်ရှိတယ်ဆိုတာနဲ့ နောက်ဆုတ်လိုက်တာနဲ့ မတူဘူးလား"

ရွှေပြည်စိုး ငြိမ်သွားမိ၏။ ဟုတ်နေတာကိုး။ သူ့ကိုက ဘာလို့ဒီ အတင်းကာရော ရွှေ့ဆိပြန်ပြေးပြီး အဖြေတောင်းဖို့ ဘာလို့သတိမရခဲ့တာလဲ မသိ။

ကားကို စက်ပြန်နှိုးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကားဓါး တုန်ခါမှုနှင့်အတူ သူ့ရင်ထဲမှာလည်း တုန်ခါလာ၏။ ညင်ညင်သာသာလေး။

"ငှက်"

"တကယ်လို့များ ရွှေ့ဆီက အရှုံးကို လက်ခံရမယ်ဆိုရင်ရော"

"ငါ့ကံပေါ့ဟာ"

"နင် ရင်ဆိုင်နိုင်လား"

"ရင်ဆိုင်နိုင်အောင် ကြိုးစားပါ့မယ်။ စောစောက နင်ပြောသလို ပေါ့။ မယှဉ်ပြိုင်ဘဲ နောက်ဆုတ်လိုက်ရတာထက်စာရင် ယှဉ်ပြိုင်ပြီးရှုံးရတာ ကို ငါရင်ဆိုင်နိုင်ပါလိမ့်မယ်"

ယမုန်က နှစ်နှစ်ခြိုက်ခြိုက် ပြုံး၏။ ဖန်တီးသူတစ်ယောက်၏ အပြုံးမျိုး။ ရွှေတို့အိမ်ရှေ့ရောက်တော့ ယမုန်က...

"နေဦး...။ ငါ ဆင်းခဲ့မယ်။ ဟိုနားက လက်ဖက်ရည်ဆိုင်မှာ ရှိမယ်"

"အင်း"

"ဩော်...နေဦး"

"ဘာလဲ"

"နင့်ကို စကားလက်ဆောင် ပေးလိုက်ချင်လို့"

"ဘာပေးမှာလဲ"

"ဩော်...သစ်ခွပန်းလေးတွေက ဟိုးကမ္ဘာဦးအစကတည်းက ရနံ့ရှိကြတယ်တဲ့"

"အင်း"

"ဒါပေမဲ့...သူတို့က သူတို့ရနံ့လေးတွေကို သိမ်းထားတတ်ကြ တယ်"



www.burmeseclassic.com

www.burmeseclassic.com


"ဘာလို့လဲ"

"သူတို့ကို အမြတ်တနိုး ခူးဆွတ်ပန်ဆင်တဲ့သူတွေမှ သူတို့ရဲ့ ရနံ့ကို ရတာတဲ့"

"ဟုတ်ပါပြီ။ အဲဒီတော့..."

"ဩော်...ခရမ်းရောင်သစ်ခွပွင့်လေးမှာလည်း ရနံ့ရှိမှာပဲ။ ထိုက်တဲ့ သူ ရမှာပါလို့"

ယမုန်ဖူးပြုံးကို ကြည့်ကာ သူ တစ်ဝက်လောက် စိတ်သက်သာရာ ရသွားသည်။ ပန်းရနံ့တွေကို ဖွက်ထားသည့် သစ်ပင်လေး...။ သူ့ကို ရော ရနံ့တွေ ပေးမှာတဲ့လား...။

ခရမ်းရောင်ဖျော့ဖျော့ ကြွေပြားများကပ်ထားသော ဒံ့တံတိုင်း ကို ကျော်ဖြတ်လိုက်သောအခါ ခရမ်းရောင်ကောင်မလေးတစ်ယောက်ကို တွေ့လိုက်ရသည်။ ရွှေက သူ့ကို အပြုံးနှင့်ကြို၏။ ရွှေ၏ အပြုံးကို ကြည့်ကာ ခရမ်းရောင်သစ်ခွပန်းတွေ မွှေးပျံ့လာသလားဟုပင် ထင်လိုက် မိလေသည်။

မနော်ဟရီ

January 2002

www.burmeseclassic.com